
www.burmeseclassic.com

# သတိုးပေစ

# အနက်ရောင် မိစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com



Treasure
Publishing House
ရတနာသိုက်စာပေတိုက်

အမှတ် - ၁၄၂ (ပထမထပ်)၊ ၄၇ လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၂၀၀၆၉၉၊
၀၉ ၂၂၅၀ ၆၁၉၀၊ ၀၉ ၅၁ ၉၆၀၂၃

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ပုံနှိပ်သူ
ဦးကျော်ဆွေမင်း (၀၅၀၉၂)
ရွှေအောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးအောင်မိုး(ယာယီ-၁၄၆၃)
အမှတ်-၁၀၊ ရွှေသဇင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဖြန့်ချိရေး
ရတနာသိုက်စာပေတိုက်
အမှတ်-၁၄၂(ပထမထပ်)၊ ၃၇လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၀၀၆၉၃၊ ၀၉ ၅၁၁ ၆၁၉၀၊ ၀၉ ၅၁၁ ၉၆၁၂၃

မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

ကွန်ပျူတာ
ဆုမေအေးအောင်၊ ကြည်ဝိုးဟန်

ဖလင်
Empire

စာအုပ်ချုပ်
ကိုဝင်းအေး(လှိုင်)

ပုံနှိပ်ခြင်း
၂၀၀၄၊ ဇန်နဝါရီလ


အုပ်ရေ
၁၀၀၀

တန်ဖိုး
၂၀၀၀ ကျပ်

၈၉၅.၈၃
သတိုးဒေဝ၊ စာရေးဆရာ
အဆော်ခံရှင်မိစ္ဆာ
သတိုးဒေဝ။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၀၄
စာ - ၁၇၀၊ ၁၂.၅ × ၂၀ စင်တီမီတာ
အနှုတ်ခံရှင်မိစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com




## နိဒါန်း

ကောင်းကောင်မှ မှိန်ပျပျ ကြယ်တချို့နှင့် တိမ်ညိုတိမ်မည်းများကြောင့် ဝန်းကျင်တစ်ခုလုံးမှာ ပိန်းပိတ်အောင် မည်းမှောင်နေ၏။ လယ်ကွင်းပြင်များကို ဖြတ်၍ တိုက်ခတ်လာသော ဆောင်းရာသီလေ့နွေ ရောနေသည့်လေကလည်း အမိုးကွဲမတတ်ပင် အေးစိမ့်လွန်းနေသည်။

ဟိုမှဒီမှ တစီစီအော်မြည်နေကြသော ပိုးကောင် မွှားကောင်တို့၏ အသံက အစုလို ညည့်နက်ပိုင်းအချိန်မှ ပို၍ ကျယ်ကျယ်လောင်လောင် ကြားနေရသလို ထင်မိနေ၏။

သို့သော်...



www.burmeseclassic.com

ကိုသာခင်တစ်ယောက် လှမ်းမြင်နေရသည့် သူတို့ရွာကလေး ကတော့ လူသံ သူသံတွေ တိတ်ဆိတ်နေရုံမက ခွေးဟောင်သံပင် မကြားရသဲ ညအမှောင်အောက်တွင် ငြိမ်ကုတ် အိပ်မောကျ၍ပင် နေပေပြီ . . .။

ဒီလို ညကြီးအချိန်မတော် တစ်ဖက်ရွာမှ ပြန်လာသော ကိုသာခင်မှာ ကိုယ့်ရွာအနီးသို့ ကိုယ်ပြန်ရောက်ခါမှ အာရုယ်မဟုတ်တဲ တက်သုတ်ရိုက် လျှောက်လာမိသည့် သူ့ခြေလှမ်းတွေကို အရှိန်သတ်မိ သွားဧ။

တကယ်တော့ . . . သူလျှောက်ပြန်လာခဲ့ရသည့် တစ်ဖက်ရွာ နှင့် သူတို့ရွာကြားမှာ သုံး လေး ဖာလုံမျှပင် မရှိသော်လည်း မကြာ သေးသော တစ်ချိန်က ဖက်ဆစ်ဂျပန်တွေကို တွန်းလှန်တိုက်ခိုက်ခဲ့ သည့် စစ်တလင်းကြီးတစ်ခု ဖြစ်ခဲ့ပူးပြီး လူအသေအပျောက်တွေ များခဲ့ သည့် ကွင်းပြင်ကျယ်ကြီးတစ်ခုလည်း ဖြစ်နေခဲ့သည်။ ဒီနေရာ ဒီလယ် ကွက်တွေကို အခုလို ညကြီးအချိန်မတော် မပြောနှင့် နေ့ခင်းကြောင် တောင်မှာပင် ကိုသာခင်တို့ ထိန်တောရွာသားတွေ အဖော်မပါဘဲ မသွားရဲကြ။

အခုတော့ ကိုသာခင်မှာ ထိုလယ်ကွင်းတွေကို ဖြတ်ကျော်ပြီး ထိန်တောရွာထိပ်သို့ပင် ပြန်ရောက်လာပြီဖြစ်သဖြင့် ကြောက်စိတ် ကြောင့် မောင်းတင်ထားသော စိတ်ကို ဖြေလျှော့လိုက် ခြေလှမ်းတွေကို အရှိန်သတ်လိုက်မိတော့သည်။

''ဟူး . . .''





သက်ပြင်းနှင့်အတူ ရောပြီး မှုတ်ထုတ်လိုက်သည့် လေပူမှု က ဆောင်းရန်နွေတွေကြားတွင် အခိုးအငွေ့တွေအဖြစ်နှင့် ပျောလွင့်ကုန်၏။

သူတစ်ကိုယ်လုံးမှာလည်း ထိုအခါမှ ပတ်ဝန်းကျင်၏ အေးစိမ့် စွတ်စိုသည့် ဒဏ်ကို သိသိသာသာကြီး ခံစားလာရကာ စစ်ဒွယ်တော အဟောင်းကြီး ဝတ်ထားသည့် ခန္ဓာကိုယ်အပေါ်ပိုင်းကို မျက်နှာပေါ်ရှိ သာ ပုဆိုးကြမ်းကြီးနှင့် ခြုံမြှုလိုက်ပြီး ရွာလမ်းအတိုင်း ဆက်လျှောက် လာမိသည်။

''ဂီး . . . ဂစ် . . . ဂစ် . .''

ညအမှောင်အောက်တွင် နစ်နစ်မြိုက်မြိုက် အိပ်ပျော်နေသည့် ထိန်တောရွာကလေးအပေါ် ဖြတ်ပျံသွားကြသော ညငှက်တွေ၏ အသံ ကိုလည်း ဟိုမှ ဒီမှ ကြားနေရ၏။ ညှိုမှောင်အုံ့ဆိုင်းနေသည့် သစ်ပင် သစ်ကိုင်းကြီးများမှာလည်း နှင်းရည် နှင်းစက်တို့ စွတ်စိုလျက် မြေပြင်ပေါ် တွဲလျားဝပ်ကျကာ မလှုပ်မယှက်နှင့် အသက်ကင်းမဲ့နေကြသလိုပင် ထင်ရလေသည်။

တဖြည်းဖြည်းနှင့် ကိုသာခင်၏ ခြေလှမ်းတွေက ရွာလမ်း အတိုင်း အတော်ကလေးလျှောက်လာသောအခါ အရီးလေး ဖွားမိုတို့ နေထိုင်ရာ အိမ်ရှေ့သို့ပင် ရောက်လာ၏။ ထိုနေရာသို့ ရောက်ခါမှ သူ့မျက်လုံးတွေက ခြံဝင်းအတွင်း သက်ကယ်မလောက်၍ အင်ဖက်များ ဖြင့် မိုးထားသော အရီးလေး ဖွားမိုတို့အိမ်လေးကို တချေ တချောင်း လှမ်းပြီးကြည့်လိုက်မိသည်။

ထိုတဲအိမ်ကလေးကတော့ ကြယ်ရောင် မှုန်မှုန်မှိုင်းမှိုင်းအောက် တွင် အအေးဒဏ်ကို အံတုရင်း တုတ်တုတ်မျှ မလှုပ်ဘဲ ရှိနေလေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"အင်း … အနုလောက်ဆို အရိုးလေး ဖွားမိုတို့ မြေအောင်သွား သည်း အိပ်မောကျနေလောက်ရောပေါ့ … ။ ဘူ့ခများ အရွယ် မရောက်သေးတဲ့ မီဘမဲ့ မြေးကလေးကို ထိန်းကျောင်းရင်း ဖြစ်သလို လုပ်ကိုင်စားသောက်နေရတာ အခတော့ကို သနား စရာပဲ …"

ထိုအတွေးနှင့်အတူ အရိုးလေး ဖွားမိုတို့ အိမ်ရှေ့မှ ခြေလှမ်း လေးငါးဆယ်လှမ်းသာသာ ခက်ပြီး လျှောက်သွားလိုက်ရာ မြေပြင်သို့ ဝိုင်း ကိုင်းညွတ်ပြီးကျနေသည့် ကုက္ကိုပင်ကြီးသစ်ပင်အနားသို့ ရောက် လာ၏။

ထိုနေရာသို့ ရောက်ခါမှ ကိုသာခင်၏ ကျောပြင်တစ်ခုလုံးက စိမ့်ခနဲ ခံစားလိုက်ရတာ ဘာရယ်မဟုတ်တဲ့ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွား၏။ သူ ဖြတ်လျှောက်လာခဲ့သည့် ဒီကုက္ကိုပင်ကြီးမှာ နေ့စဉ် မြင်တွေ့ နေကျ အပင်အိုကြီးတစ်ပင်ဖြစ်သော်သည်။ ဒီတစ်ခါမှ သူစိတ်တွေက ထူးထူးခြားခြား လှုပ်ရှားသွားမိသည်။

ထိုကုက္ကိုပင်ကြီးကို ခြေလှမ်း အနည်းငယ်ကျော်ပြီး ဆက်ကျော် လာသည်နှင့် … နားမှတ်သံလိုလို ရှူးရှူးရှားရှား အသံကြီးတစ်ခုကို သူ့နောက်ကျောဘက်ခြမ်းမှ အမှတ်မထင် ကြားလိုက်ရလေတော့၏။

"ရှူး … ရှူး … ဖရှူး …"

ထိုအသံကြီးနှင့်အတူ ဆိုးရွားသော ရွှံ့မှုပ်နံ့ကြီးကလည်း ကိုသာခင်၏ နှာခေါင်းအတွင်းသို့ ဒလဟော တိုးဝင်လာပြန်၏။

"ဟင် … ဒီရွှံ့ပုပ်နံ့ကြီးတွေက …"



ချက်ချင်းဆိုသလို ကိုသာခင်မျက်လုံးတွေက [illegible] ဖြစ်သွားကာ သူ့နောက်ကျောဘက်သို့ ချာခနဲပင် [illegible] လေရာ …

"ဟင် …"

ကုက္ကိုမြစ်ဆုံကြီး၏ အကွယ်တွင် ခွာလေးဖက်ချရပ်လျက် သူ့ ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသည့် ရွှံ့ညွန့်အလိမ်းလိမ်းနှင့် ကျွဲပေါက် တစ်ကောင်ကို မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်ရလေသည်။

"ဟင် … ဒီ … ဒီကျွဲက ဘယ်အိမ်က လွတ်ထွက်လာခဲ့တဲ့ ကျွဲလဲ မသိဘူး …"

မရေမရာနှင့် ရေရွတ်မိလိုက်စဉ်မှာပင် သူ့ကို စိုက်ကြည့်နေ သည့် ကျွဲ၏ မျက်လုံးတွေက မီးကျည် မီးခဲလို ရဲရဲနီနေပြီး ကုက္ကိုမြစ်ဆုံ ကြီးကို ခွကျော်ကာ ရှေ့သို့ တိုးကပ်လာလေသည်။

ထိုအချိန်မှာပင် …

ကျွဲ၏ ရှေ့ခြေနှစ်ချောင်းကို ကိုသာခင်တစ်ယောက် အထင်း သားကြီး မြင်တွေ့လိုက်လေရာ သူတစ်ကိုယ်လုံး အေးစက်တောင့်တင်း သွားရုံမက နလုံးခုန်ပင် ရပ်လုမတတ် ဖြစ်သွား၏။

"ဟင် …"

ထိုကျွဲ၏ ရှေ့ခြေနှစ်ချောင်းမှာ ကြီးမားတုတ်ခိုင်သော လူ တစ်ယောက်၏ ခြေထောက်ကြီးနှစ်ဖက် ဖြစ်နေပြီး ထူထဲသော အရေ ပြားတွေပေါ်မှာ ကြမ်းတမ်းသန်စွမ်းသည့် အမွေးအမှင်တွေက ဗရပွနှင့် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသာခင်တစ်ယောက် ထိုမြင်ကွင်းကို ကြည့်ပြီး ကြက်သေသေနေမိချိန်မှာပင် ကျွဲပေါက်ကလေးသည် ချော်ရင်းဆိုသလို တစ်စထက် တစ်စ ကြီးမားလာကာ ကိုသာခင့်ကို အပေါ်စီးမှအုပ်မိုးပြီး ဇွေ့တော့မည့် ဟန်ဖြင့် စိုက်ကြည့်နေလေသည်။

ထိုအချိန်မှာပင် . .

"အ . . အား . . . လာ . လာကြပါဦး . . . ဒီ . ဒီမှာ ကျွဲ . . သရဲ . . "

ပါးစပ်က အော်လည်းအော် နောက်သို့ ချာခနဲလှည့်ပြီး ပြေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ကိုသာခင်၏ ခြေသလုံးကြွက်သားတွေက ဆုပ်ယူဖျစ်ညှစ်ထားသလို တောင့်တင်းနေလေသည်။

"သာ . . လာကြပါဦးဗျို့ . . သရဲ . . ကျွဲ သရဲ . . "

ကိုသာခင်မှာ သည်းခြေပျက်မတတ် ကုန်းအော်ရင်း ခြေထောက်နှစ်ဖက်ကို အားကုန်ဆောင့်ရုန်းကာ မည်းမှောင်နေသော ရွာအလယ်အတိုင်း ပြေးမိပြေးရာကို ဇွတ်ပြီးပြေးတော့၏။ သူ့နောက်မှ တရုန်းရုန်း လိုက်ဝေ့နေသည့် ရောမကျွဲကြီးမှာလည်း တဂူးဂူး တရှဲရှဲ မာန်ဖီလျက် တွေ့သမျှ သစ်ပင်သစ်ကိုင်းတွေကို ရှည်လျား ချွန်မြနေသည့် ဦးချိုကြီးနှစ်ဖက်ဖြင့် တမျှောင်းမျှောင်း ဝှေ့ခတ်ရင်း လိုက်ပါလာ၏။

"အ . မ . လေး . . ကယ်ကြပါ . . ဦး . . . "

"မျှောင်း . . မျှောင်း . . "





ထိုအချိန်မှာပင် ကိုသာခင်၏ သွက်သွက်ခါအောင် ပြေးနေရသော ခြေထောက်တစ်ဖက်က သစ်ငုတ်တစ်ခုနှင့် တိုက်မိပြီး ခန္ဓာကိုယ်က မြေပေါ် နှစ်ပတ်သုံးပတ်လိမ့်ကာ လဲကျသွားတော့၏။

"မျှောင်း . . . "

"အား . . . "

□



www.burmeseclassic.com

www.burmeseclassic.com





အလိပ်လိုက် အခွေလိုက် တသောသောထနေသော ဖုန်လုံးကြီးက ဝင်လုဆဲဆဲ နေရောင်အောက်တွင် ဖွေးဖွေးလှုပ်နေ၏။ ထိုဖုန်လုံးတွေကြားတွင်တော့ အကောင် နှစ်ဆယ် အစိတ်ထက်မနည်းသော ကျွဲတစ်အုပ်ကို ကျွဲကျောင်းသား ကိုဖိုးမောင်တစ်ယောက် တဟဲ့ဟဲ့နှင့် ထိန်းရင်း ထိန်ခိုတောရွာဘက်ဆီသို့ ပြန်မောင်းသွားလေ၏။

ရိတ်သိမ်းပြီးစ ရိုးပြတ်တွေပေါ် နင်းရင်း ကျွဲအုပ်ကြီးနောက်မှ ပြေးလိုက်နေရသော ကိုဖိုးမောင်၏ ဖလာခြေထောက်က တစ်ခါတစ်ခါ ပတ်ကြားကွဲအက်နေသည့် မြေဆိုင်ခဲတွေကြားသို့ ကျွံကျ ခေါက်ဝင်သွား၏။ ထိုသို့ တန်ချက်ဖျက် ယိမ်းယိုင်သွားသော်လည်း ကိုဖိုးမောင်၏ ပါးစပ်က တဟဲ့ဟဲ့ ကြိမ်းမောင်းမပျက်၊ ကျွဲအုပ်ကြီးနောက်မှ အပြေးအလွှား လိုက်နေလေသည်။

"တောက် . . . ဟဲ့ကောင်ကြီးတွေရ . . . ၊ ဘယ်ကို သွားနေတာလဲ . . ၊ တယ် . . . ငါလှုပ်လိုက်ရ . . ."

မျက်စိတစ်ဆုံး လှမ်းမြင်နေရသော ကြက်ဥနှစ်ရောင် နေလုံးနီနီကြီးက မိုးကုတ်စက်ဝိုင်းကြီး၏အစပ်နားသို့ ရောက်လာမှ ပို၍ပြီးလျှင်မြန်စွာ ငုပ်လျှိုးပျောက်ကွယ်သွားသည်ဟုပင် ထင်ရသည်။ ပတ်ဝန်းကျင် ကောင်းကင်ကြီးတစ်ခုလုံးမှာလည်း ရဲရဲနီရွေးသျက် အိပ်တန်းပြန် ငှက်တွေက တကျိုကျိုအော်မြည်ရင်း အုပ်ဖွဲ့ပျံသန်းသွားကြသည်၊



အခုလို တောင်းဦးပေါက်ရာသီမျိုးဆိုလျှင် စောစီးစွာ ကုန်လွယ်လှန်းသည့် နေ့တာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ပြာလဲ့မှိုင်းမှုန်ကာ ချက်ချင်းပင် မှောင်ရိပ်စပြုလာ၏။

မှောင်ရီပြိုးဖျ ဆည်းဆာကို မော့ကြည့်ရင်း ကျွဲအုပ်ကြီးကို မောင်းပြန်လာသည့် ကိုဖိုးမောင်မှာ ဘာရယ်မဟုတ်တဲ့ ခါးကြားမှ ပလွေတိုကို လက်ဖြင့်စမ်းလိုက်မိ၏။

"ဟင် . . . ငါ့ ခါးကြားကပလွေ ဘယ်နား . . ကျခဲ့ပါလိမ့် . ."

ချက်ချင်းပင် သူ့မျက်လုံးတွေက ဖြတ်ကျော်လာခဲ့သည့် လယ်တွက်တွေဆီ နောက်ပြန်လှည့်ကာ ရှာဖွေကြည့်လိုက်လေရာ မလှမ်းမကမ်းမှ ရိုးပြတ်တွေကြားတွင် သူ့ပလွေကို ပြန်တွေ့ရလေသည်။ ထိုအချိန်မှာတော့ ကိုဖိုးမောင် မောင်းလာခဲ့သည့် ကျွဲအုပ်ကလည်း သူနှင့်အတော်ဝေးဝေးသို့ပင် ရောက်သွားပြီဖြစ်သည်။

"တောက် . ."

"ဟဲ့ . . ဟိုကောင်ကြီး ဘယ်ကို သွားနေပြန်တာလဲ . ."

ပြောပြောဆိုဆို ကိုဖိုးမောင်က ကျွဲအုပ်ကြီးထဲမှ သွေဖယ်ပြီး အခြားဘက်ကို မျက်နှာမူကာသွားနေသည့် သင်းကွဲ ကျွဲတစ်ကောင်ကို မြေဆိုင်ခဲတစ်ခုနှင့် လှမ်းပေါက်ရင်း ခြောက်လှန့်လိုက်သည်။

သို့သော် . . ထိုကျွဲမှာ ကိုဖိုးမောင် လှမ်းပစ်လိုက်သည့် မြေဆိုင်ခဲကြီး ထိမှန်သွားသော်လည်း တစ်ချက်ကလေးပင် မတွန့်ဆုတ်သွားဘဲ အုပ်နှင့် ဝေးရာသို့သာ ဦးတည်ရင်း တလှုပ်လှုပ်နှင့် ဆက်သွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကိုဖိုးမောင်က ထိုကျွဲရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားပြီး ကျောပေါ်သို့ လွှားခနဲပင် ခုန်တက်လိုက်လေသည်။

"တောက် ... ဟဲ့ကောင်ကြီး သေချင်လို့လား ...ဟိုကျွဲ အုပ်ကို မီအောင် မြန်မြန်လိုက်စမ်း ..."

ပါးစပ်က အော်ဟစ်ဆဲဆိုရင်း ကိုဖိုးမောင်က ကျွဲကြီး၏ ခန္ဓာကိုယ်ကြီးကို လက်ဖြင့် တဖျန်းဖျန်း ရိုက်နှက်လိုက်၏။ သို့သော် ထိုကျွဲကြီးကတော့ တစ်ချက်ကလေးမှ တွန့်ဆုတ်သွားခြင်း မရှိသည့်အပြင် အခြားကျွဲအုပ်ကြီးနှင့် ဝေးရာသို့သာ လမ်းခွဲထွေပေးပြီး သွားနေဆဲပင်ဖြစ်၏။

"တောက် .. ဟ ကောင်ကြီးရ .. ပြောနေတာ မကြားဘူးလား ...၊"

"ဘုန်း ... ဘုန်း ..."

ထိုကျွဲကြီးပေါ် ကားလျားခွစီးထားသော ကိုဖိုးမောင်မှာ ခြေဖနောင့်နှစ်ဖက်ဖြင့် ကျွဲ၏နံဘေးကို တဘုန်းဘုန်းနှင့် ထုနှက် ကန်ကျောက်လိုက်လေရာ .. ရှူးခနဲ နှာမှုတ်သံကြီးနှင့်အတူ ကျွဲကြီးမှာ ရုတ်တရက် ငြိမ့်ခနဲ ကဆုန်ပေါက်ပြီး ပြေးလေတော့သည်။

"ရှူး ... ရှူး .. ဖရှူး .."

"ဟာ .. ဟေး .. ဟေး ..၊ တောက် .. ဘယ်ကိုပြေးတာလဲ .. ဒီကျွဲနှယ် ခက်တော့ နေပြီ .."

ကိုဖိုးမောင်မှာလည်း ကျွဲကျောကုန်းကြီးပေါ်မှာ ကားလျားကြီး ခွစီးထားလျက် ခန္ဓာကိုယ်ကို ကိုင်းညွတ်ထားကာ အောက်သို့ ပြုတ်ကျမသွားအောင် ကျွဲလည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားမိ၏။



သူ့ပါးစပ်ကလည်း ကဆုန်ပေါက်ပြေးနေသည့် ကျွဲကြီးအပေါ်မှ အယုတ္တ အနတ္တတွေ ဆဲဆိုရင်း ဝမ်းလျားမှောက်ကြီး ပါသွား၏။

ရွာဘေးမှထွက်သည့် လမ်းအတိုင်း ချောင်းဂိုးဘက်ဆီသို့ ကဆုန်ပေါက်ပြေးနေသည့် ကျွဲကြီးမှာ ကန်သင်းရိုးတွေကို လွှားခနဲ ခုန်ကျော်လိုက်တိုင်း ကျောပေါ်မှ ကိုဖိုးမောင်မှာ လေထဲတွင် မြောက် မြောက် တက်သွား၏။

ထိုအခြေအနေအရ ကိုဖိုးမောင်တစ်ယောက် မြေပြင်သို့ ခုန်ချလိုက်ရန်မှာ ဘယ်လိုမှမဖြစ်နိုင်တော့၊ ကျွဲကြီးက ဦးတည်ရာမဲ့ ပြေး၍ နေပေပြီ။

"ဟေး ... ဟေး ..၊ ရပ် .. ရပ် .. ရပ်စမ်း ..."

"ဟဲ့တိ်ကောင်ကြီးရ ...၊ ရပ်လို့ပြောနေတယ်လေ ..၊ ကျွတ် ..၊ ကျွတ် .. ကျွတ် .."

ကိုဖိုးမောင်မှာ ပါးစပ်က စုတ်တသပ်သပ်နှင့် ချော့ရင်း မြေပြင်သို့ ပြုတ်မကျသွားအောင် ကျွဲကိုယ်လုံးကြီးကို လက်နှစ်ဖက်ဖြင့် ကုတ်တွယ်ထားမိသည်။ တစ်ချိန်တည်းမှာပဲ ကိုဖိုးမောင်၏ လက်တွေက ကျွဲ၏နဖားကြိုးကို လှမ်းဆွဲရန် အမျိုးမျိုးကြိုးစားနေ၏။ သို့သော် ခေါင်းကို မော့ကာ တရှူးရှူးနှာမှုတ်ရင်း ပြေးနေသော ကျွဲကြီး၏ ချိုကွေးကွေးကြီး နှစ်ဖက်က ကိုဖိုးမောင်က နဖားကြိုးစမ်းနေသည့်လက်ကို တဖျောင်းဖျောင်းနှင့် ရိုက်သလိုဖြစ်နေလေသည်။

"ဟင် .. ဒီကျွဲက နဖားကြိုးလည်း ရှိမနေပါလား ..၊ ငါများ တခြားကျွဲတစ်ကောင်နဲ့ မှားစီးလာခဲ့ပြီလား .."



www.burmeseclassic.com

www.burmeseclassic.com



ထိုဓဓဝဓဝါအတွေးတွေနှင့်အတူ ကိုဖိုးမောင်မှာ ဝမ်းလျှား မှောက်လျက် အနေအထားနှင့် ဘာလုပ်လို့ လုပ်ရမှန်း မသိဖြစ်နေ၏။ တစ်ချိန်တည်းမှာပဲ မကြုံစဖူး မြင်းပြေးသလို ကဆုန်ဆိုင်းပြေးနေသည့် ကျွဲကြီးကိုလည်း အနည်းငယ်ပင် သံသယ ဖြစ်မိသွားလေသည်။

ထိုအချိန်မှာပင် ... သူ့မျက်စိအောက်မှာ သွက်သွက်ခါအောင် တရိပ်ရိပ်နှင့် ပြေးနေသော ကျွဲကြီး၏ ရှေ့ခြေနှစ်ချောင်းကို မြင်လိုက်ရလေရာ ..

"ဟင် .. လူ .. လူ .. လူခြေထောက်ကြီးတွေ .."

ကိုဖိုးမောင်မှာ ... သူ့မျက်လုံးတွေကိုပင် သူ မယုံနိုင်အောင် ဖြစ်သွားပြီး တုန့်ယင်နေသော လက်နှစ်ဖက်ကြောင့် ထိုကျွဲကြီးပေါ်မှ ပြုတ်ကျလုမတတ်ပင် ဖြစ်သွား၏။ သူမြင်နေရသည့် ကျွဲကြီး၏ ရှေ့ခြေနှစ်ချောင်းများမှာ အမွေးအမှင်တွေ ကြမ်းတမ်းစွာပေါက်နေပြီး မြေဆိုင်မြေခဲများကို တဂျုန်းဂျုန်း တစွင်းစွင်းနှင့် နင်းကာ ကဆုန်ဆိုင်း ပြေးနေလေရာ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေထပြီး အသက်ရှူပင် ရပ်မတတ်ဖြစ်နေ၏။

"အာ .. အား ... လာကြပါဦးဗျို့ ...၊ ကယ်ကြပါဦး ..

ကျွဲသရဲ .. ကျွဲသရဲကြီး .."

သွေးပျက်မတတ်အော်လိုက်သော ကိုဖိုးမောင်၏ အသံကို ဘယ်သူတစ်ဦးတစ်ယောက်မှ မကြားကြသည့်အပြင် .. ကျွဲကြီးက ရွာနှင့်ဝေးရာသို့ ကဆုန်ဆိုင်းပြီး ပြေးနေပေပြီ ...။ ထိုအချိန်မှာပင် ကျွဲကြီး၏ကျောပေါ်မှ ခုန်ချလိုက်ရန် အမျိုးမျိုး ကြိုးစားကြည့်သော်လည်း ကိုဖိုးမောင်၏ တဆတ်ဆတ်တုန်ယင်နေသော လက်တွေက ကြောက်





စိတ်ကြောင့် အသေကုတ်တွယ်ထားမိလေရာ ဘယ်လိုမှ ပတ် ... ဖိုနေ၏။

မကြာမီ ..

ဖုန်တသောသောနှင့် တရမန်းကြမ်း ဒုံးစိုင်းနေသော ကျွဲကြီးမှာ လယ်ကွက်အတွင်း ထီးထီးကြီးပေါက်နေသည့် ညောင်ပင်ကြီး ရှိရာ ဆီသို့ ဦးတည်ကာ ပြေးနေ၏။

ထိုအခါမှ ကျွဲကြီး၏ ကျောပေါ်မှာ ဝမ်းလျှားမှောက်လျက် သေလုမျောပါး ကြောက်လန့်ပြီး လိုက်ပါလာသော ကိုဖိုးမောင်မှာ ဘာကိုမှ စဉ်းစားမနေတော့ဘဲ သူနှင့် မျက်နှာမူရာတည့်တည့်မှ အောက်သို့ ကိုင်းညွတ်နေသည့် ညောင်ကိုင်းကြီးတစ်ခုကို အမိအရ ဖက်တွယ်ထားလိုက်ရန် ခန္ဓာကိုယ်ကို အသင့်အနေအထားနှင့် ပြင်လိုက်၏။

သိပ်မကြာလိုက် ကိုဖိုးမောင် ဝမ်းလျှားမှောက်ကြီးနှင့် ဖက်တွယ်ရင်း လိုက်ပါလာသည့် ကျွဲကြီးမှာ မြေပြင်ရှိရာသို့ ကွေးညွတ်ကျနေသော ညောင်ကိုင်းကြီးအောက်သို့ ရောက်သောအခါ ... ကိုဖိုးမောင်မှာ ရှိသမျှ အားအင်တွေကို ဖျစ်ညှစ်ပြီး သူနှင့် လက်တစ်ကမ်းသာသာမြင့်သော အကိုင်းကြီးကို အမိအရလှမ်းပြီး ဆွဲဖိုထားလိုက်လေသည်။

"ဗိုး ..."

"ဘွန်း ...."

အရှိန်နှင့် ပြေးရိုက်လိုက်သလိုဖြစ်သွားသော ကိုဖိုးမောင်၏ ခန္ဓာကိုယ်ကြီးမှာ သစ်ကိုင်းကြီးကို လက်နှစ်ဖက်ဖြင့် ဟီးလေးဆွဲဖိုလျက်သား ဖြစ်နေ၏။ ဒါ့အပြင် .. လေထဲမှာ တိုးလိုးတွဲလောင်းကြီး ဖြစ်နေသော သူ့ခန္ဓာကိုယ်ကြီးက သွက်သွက်ခါအောင်ပင် လှုပ်ရမ်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . . . ဟူး . . . ဟောဟဲ . . . ဟောဟဲ . ."

အသက်ကို မနည်းပြန်ရှူပြီး ဝအောင်ရှူနေရသော ကိုပိုးမောင်မှာ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တုန်ယင်နေ၏။

ထိုအခါမှ . . . သူ ဝမ်းသျှားမှောက်ကြီး လိုက်ပါလာသည့် နာနာဘာဝကျွဲကြီးမှာသည်း မည်းမှောင်နေသော ဖုန်လုံးကြီးတွေနှင့် အတူ အဝေးသို့ပင် ရောက်သွားလေသည်။

ထိုစဉ်မှာပင် . . .

သူ ပါးလေးခွဲထိုးထားသော သစ်ကိုင်းကြီးမှာ ပြို့ခနဲ ကျိုးရမ်းသွားသည်ကို သတိပြုမိလိုက်ပြီး အပေါ်သို့ မော့ကြည့်လိုက်လေရာ . .

"ဟင် . . . "

ကိုပိုးမောင်ကို ပြန်စိုက်ကြည့်နေသည့် ကျွဲမျက်နှာအကြီးကြီးကို တွေ့လိုက်ရလေသည်၊ ထိုကျွဲကြီး၏ မီးဝင်းဝင်းတောက်နေသော မျက်လုံးနီနီကြီး နှစ်လုံးမှာသည်း ထေးင်းစားသန်းကာနှံပြားလောက် ကြီးမားနေပြီး သူ ပါးလေးနိုထားမိသည့် သစ်ကိုင်းကြီးမှာ . . လွန်စွာမှ ကြီးမားသည့် ကျွဲချိုကြီးတစ်ဖက် ဖြစ်နေလေတော့သည်။

"အား . . . . "

○



ထိုသို့သော ချောက်ချားဖွယ်ရာ အဖြစ်ဆိုးများကို စတင်ပေါ်ပေါက်စေခဲ့သော အစိတ တရားခံကတော့ . . .

□



www.burmeseclassic.com

www.burmeseclassic.com



မနက်လည်း… ကိုဖိုးချော့မှာ မကြာခင် ကျင်းပတော့မည့် ညသျှင်းစင်ရွာ ဘုရားပွဲတွင် အရုပ်လုပ်ပြီး ရောင်းချရန် ခန်းခြောက်စ ပြုပြင်ပြီးဖြစ်သော ကန်ကြီးအတွင်းမှ ရွံ့တွေကို သဲကြီးမဲကြီးနှင့် တူးနေ၏။ ယိုကန်တောင်ရိုးကြီး၏ တစ်ဖက် မြေပြောင်ပြောင်ပေါ်တွင်လည်း လုပ်ပြီးစ ကျွဲရုပ်၊ နွားရုပ်၊ ချိုးရုပ်နှင့် ဆင်ရုပ် စသော ကလေးကစား စရာ အရုပ်တွေက အကောင်နှစ်ဆယ်ခန့် ရှိနေပြီး ထိုစိုထိုင်းထိုင်း စေးထန်းထန်းဖြစ်နေသော အရုပ်တွေကို နေရောင်တွင် အခြောက်ခံကာ လှန်းထား၏။

ထိုသို့ ရွံ့ဖြင့်လုပ်ထားသော ကိုဖိုးချော့၏ လက်ရာမြောက်လှ သည့် ကစားစရာအရုပ်တွေကို ရွာနီးချုပ်စပ်က ကလေးတွေကတော့ အတူနှစ်သက်မက်မောကြရုံမက သူ့ကို လမ်းမှာတွေ့လျှင်ပင် ‘အရုပ် သည် ဘဘကြီး’ ဟု ချစ်စနိုးနှင့် ခေါ်ကြလေသည်။

“ဘတ်…၊ ဘတ်..”

ကိုဖိုးချော့က ရွံ့လုံးကြီးကို လက်နှစ်ဖက်ဖြင့် နယ်လိုက်ပြီး အစုည်းဆယ်မာသွားအောင် လက်ဖြင့် တခတ်ခတ်ရိုက်ကာ လိုချင်သည့် အနေအထားရောက်အောင် ပြုလုပ်နေ၏။

ကိုဖိုးချော့၏ အရုပ်လုပ်ပုံက ကြည့်တော့သာ လွယ်မယောင် ထင်ရသော်လည်း သာမန် ရွံ့တုံး ရွံ့ခဲကြီးတစ်ခုကို ခြေဆစ်လက်ဆစ် အရေးအကြောင်းများကအစ စိတ်ရှည်လက်ရှည်နှင့် လက်ရာမြောက် အောင် ပုံသွင်းထုလုပ်ပြီး အပေါ်ယံ ရွံ့မျက်နှာကြောတင်းအောင် နေရောင်တွင် အခြောက်ခံပြီး လှမ်းရ၏။ ထိုအခြောက်ခံပြီးသား ရွံ့စေး ရုပ်တွေကိုမှ မီးဖုတ်ပြီး နောက်ဆုံးအဆင့်မှာ လိုက်ဖက်ရာဆေးအရောင်





တွေကို ခြယ်သသုတ်လိမ်းပေးရလေသည်။

ဘာပဲပြောပြော ကိုဖိုးချော့၏ ရွံ့ရုပ်ကလေးတွေကတော့ တောနေ ကလေးအရွယ် ဆင်းရဲသားလူတန်းစားတွေအဖို့ အတူမက်မော စရာ ကစားစရာအရုပ်တွေပင် ဖြစ်နေတော့သည်။

'အင်း… နောက်ထပ် နွားရုပ်နဲ့ ဆင်ရုပ် ဆယ့်လေးငါးရုပ်စီ လောက်တော့ လုပ်ထားလိုက်ဦးမှ..၊ ညသျှင်ပင်ရွာရဲ့ ဘုရား ပွဲကလည်း နှစ်တိုင်း စည်နေကျဆိုတော့.. အမယ်များများ လုပ်ထားတာ ငွေအတွက် အပူမရှိပါဘူးလေ၊ ဒါမှ… ဒီတစ်ခါ မိုးမကျခင် ငါ့အိမ်လေး သက်ကယ်မိုးလို့ရမှာ…'

ထိုအတွေးနှင့်အတူ နောက်ထပ် ရွံ့များကိုတူးရန် လူတစ်ရပ် ကျော်ကျော်မြင့်သော ကန်ပေါင်ရိုးကြီးမှနေ၍ ပို၍ စေးပျစ်သော ရွံ့တွေ ရှိနေသည့် ကန်ကြီး၏ အတွင်းပိုင်းဆီသို့ ဖြည်းဖြည်းချင်း ဆက်ဆင်း သွား၏။

ကြီးမားကျယ်ဝန်းသော ရေကန်ကြီးက အခုလို နွေရာသီမျိုးမှာ တဖြည်းဖြည်း ခန်းခြောက်လာသော်လည်း ထိုကန်အတွင်းရှိ ရေတွေက လုံးဝ ခြောက်ခန်းသွားခြင်းမျိုးမဟုတ်၊ ကန်၏အလယ်တွင် ကြာပန်းများ ပွင့်နေနိုင်လောက်ရုံ ရေအိုင်လေးတစ်ခု ဖြစ်နေ၏။

ကိုဖိုးချော့ ထိုရေကန်ကြီး၏ အတွင်းပိုင်းသို့ တဖြည်းဖြည်းချင်း ဆင်းသွားချိန်မှာတော့… ကန်ပေါင်ရိုးကြီး၏တစ်ဖက်မှ ကွင်းပြင်ထီးထီး ကြီးထဲတွင် အသက်ငါးဆယ်အရွယ်ခန့် ယောက်ျားကြီးတစ်ယောက် ဝရုန်းသုန်းကားနှင့် သေပြေးရှင်ပြေး ပြေးလာနေ၏။

ထိုသူ၏ ခေါင်းမှာ ပတ်ပေါင်းထားသော ခေါင်းပေါင်းစ



www.burmeseclassic.com

www.burmeseclassic.com



ပု…ရုံ…ကျိုး…ပျို ဗူးသန်ကချွဲလျက် လေထဲတွင် တဖျတ်ဖျတ်နှင့် လွင့်ပျံ့နေ၏။ ထိုကဲ့သို့အချိန် အနက်ရောင်က ဖုန်တွေအလူးလူးနှင့် အရောင်အသင်းပင် မရှိတော့လောက်အောင် မြူးရော်နေသည်။ ဒါ့အပြင် ထိုသူ၏ ခန္ဓာကိုယ်ပေါ်မှာလည်း ဒဏ်ရာဒဏ်ချက်တွေက အထပ်ထပ်ပေါက်ပြဲပွန်းရှလျက် ရှိနေသည်။ သို့သော် ထိုသူမှာ သူ၏ ခန္ဓာကိုယ်ပေါ်မှ ပွန်းရာပဲ့ရာတွေကို နည်းနည်းမှ ဂရုမပြုသည့်အပြင် လက်ထဲတွင် လွယ်အိတ်ကြီးတစ်လုံးကို အမိအရ ဆွဲပိုက်ထားကာ ယောလုံချည်အနက်က ပေါင်ရင်းထိရောက်အောင် လွင့်ပျံ့လျက် နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် သေပြေးရှင်ပြေး ပြေးလာနေလေသည်။

ထိုမြင်ကွင်းကိုတော့ ရေကန်ကြီးအတွင်း ဆင်းကာ ရွှံ့ညွန်တွေတူးနေသော ကိုဖိုးဗျော့တစ်ယောက် ဘယ်လိုမှ မသိမမြင်နိုင်ရှိမှက ထိုသူ၏နောက်မှ ညာသံပေးကာ လိုက်ပါလာကြသည့် တစ်ဖက်ရွာမှ ရွာသားတွေ၏ အသံကိုလည်း တစိုးတစိမျှပင် မကြားမိဘဲ ရှိနေလေသည်။

"အဲဒီ သိုက်တူးသမားကို မလွှတ်စေနဲ့ဟေ့…၊ မိရင် အသေသာ ရိုက်သင်ပစ်ကြ"

"လိုက်ဟေ့ . . လိုက်ဟ…"

"ဟေ့လူ . . မပြေးနဲ့ . . ၊"

"အဲဒီ သိုက်ဆရာဆိုတဲ့ လူယုတ်မာကို မိအောင်ဖမ်းကြဟေ့"

သေပြေးရှင်ပြေး ပြေးလာသော သိုက်ဆရာဆိုသူမှာ ရေကန်ကြီးအနီးသို့ ရောက်သောအခါ လွန်စွာမှ မောဟိုက်နေသော မျက်နှာဖြင့် ပျာယီးပျာယာ ဟိုဟိုဒီဒီကို ကြည့်လိုက်လေသည်။ သူ့စိတ်ကလည်း





တစ်စုံတစ်ရာကြောင့် အလွန်အမင်း ဗလောင်ဆူနေပုံရကာ ခြေတွေလက်တွေက တဆတ်ဆတ် တုန်ယင်နေ၏။

ထိုအချိန်မှာပင် ပြေပြြောင်ပြောင်ပေါ်မှာ ကိုဖိုးဗျော့ နေလှန်းထားသော တင်းတွာသာသာ ရွှံ့ရုပ်လေးတွေကို မြင်လိုက်မိလေရာ… သူနှင့် အနီးဆုံး ကျွဲရုပ်တစ်ရုပ်ကို ကောက်ယူလိုက်ပြီး ပုဆိုးကြားတွင် လိမ်ညှပ်ပွေ့ပွက်ယူလာသည့် တစ်စုံတစ်ရာကို စေးပျော့ပျော့ဖြစ်နေသေးသော ရွှံ့ရုပ်၏ ကိုယ်ထည့်ထဲသို့ အတင်းထိုးသွင်း နှစ်မြှုပ်လိုက်၏။

တုန်ယင်နေသော သူ့လက်တွေက ထိုအရာကို ရွှံ့ရုပ်အတွင်း ကမန်းကတန်း ထိုးသွင်းလိုက်ပြီးသည်နှင့် ရွှံ့သားကို လက်မဖြင့် မကာ ပုံမပျက် ပြန်လုပ်ပြီး ကယောင်ကတမ်း ပြန်ချထားလိုက်၏။

ထိုအချိန်မှာပဲ နောက်က ပြေးလိုက်လာသည့် လူအုပ်ကြီးက တဖြည်းဖြည်း သူ့ကို မီလာကာ

"ဟာ . . ဟိုမှာဟေ့ . သိုက်ဆရာဆိုတဲ့လူ ရေကန်ကြီးဘေးမှာ…"

"မလွှတ်စေနဲ့ဟေ့ . ဝိုင်းထား…"

"လူယုတ်မာ . မပြေးနဲ့ . ."

အော်ခင်းဟစ်ရင်း တရမန်းကြမ်း ပြေးလိုက်လာကြသော ထိုသူတွေ၏ လက်ထဲမှာလည်း တုတ်တွေ၊ ဓားတွေကို ကိုယ်စီကိုင်ထားကြလျက် တရှူးရှူး တရှားရှားနှင့် ဒေါသတွေ ထွက်နေကြ၏။

ထိုအခြေအနေမှာပင် . .

ကန်ပေါင်ကြီး၏ အတွင်းဘက်မှာရှိနေသည့် ကိုဖိုးဗျော့က လူအုပ်ကြီး၏ ဆူညံညံအသံတွေကို ကြားလိုက်ပြီး လုပ်လက်စ



www.burmeseclassic.com

ဘလုပ်ကို ဘဝဘရပ်ကာ နားစွင့်နေလိုက်သည်။ သို့သော် ကန်ပေါင်ရိုးကြီး တစ်ခုလုံး ပြားနေသည့်အတွက် တစ်ဖက်မှာ ဘာတွေဖြစ်နေမှန်းကိုတော့ ကိုဖိုးမျှော့တစ်ယောက် ဘယ်လိုမှ မမြင်နိုင်ရှာဘဲ ရှုတ်ရှက်သံသဲ အသံ တွေကိုသာ ကြားနေရရှာ၏။

ထိုကန်ဘောင်ရိုးကြီး၏ တစ်ဖက်မှာတော့ သိုက်ဆရာကို လူအုပ်ကြီးက ဝိုင်းမိသွားပြီး...

"တော့.. သိုက်ဆရာ မင်းနိုးသွားတဲ့ပစ္စည်း ပြန်ပေးစမ်း..."

"ဒီမှာ ကိုဝတင် ခင်ဗျား အသားမနာချင်ရင်... ခင်ဗျား နိုးသွားတဲ့ပစ္စည်းကို အခုချက်ချင်း ကျုပ်တို့လက်ထဲ ပြန်အပ် ပါ...၊ နို့မို့ဆိုရင်ကတော့.."

ချော့တစ်ချီ ခြောက်တစ်လှည့်နှင့် ဝိုင်းဝန်းပြောဆိုနေကြ သော လူအုပ်ကြီး၏ အလယ်တွင်တော့ သိုက်ဆရာ ဦးဝတင်ဆိုသူမှာ အသားတွေ တဆတ်ဆတ် တုန်ယင်နေပြီး

"ခင်ဗျားတို့ မဟာရားမစွပ်စွဲနဲ့.. ကျုပ် ဘာပစ္စည်းမှ မခိုး ဘူး..."

ဟု အထစ်ထစ် အငေ့ါငေ့ါနှင့် ပြန်ပြောလေရာ လူအုပ်ကြီး မှာလည်း အလိုလိုမှ ဒေါသမီးအိုးတွေ ပေါက်ကွဲနေကြသဖြင့်

"ကြာတယ်ကွာ... ဒီသူခိုးကို ရိုက်ကြစမ်း..."

ထိုအသံမဆုံးခင်မှာပင် သိုက်ဆရာ ဦးဝတင်ဆိုသူကို လူစု ကြီးက ဝိုင်းဆန်းကန်ကျောက် ရိုက်နှက်ကြလေတော့သည်။

"ဘုန်း .."





"ဖျောင်း..."

"အား.."

လေးငါးခြောက်ယောက်ထက်မနည်း ဝိုင်းဝန်းရိုက်ပုတ်နေ သည့် လူစုကြီး၏အောက်တွင် ဦးဝတင်ဆိုသော သိုက်ဆရာမှာ အလူးလူး အလဲလဲ ခံနေရ၏။

"ဟေ့လူ .. သူခိုး တို့ရွာက နိုးသွားတဲ့ပစ္စည်း ပြန်ပေး စမ်း .."

"ကျွပ် . ကျုပ် . မခိုး .."

"ဘာ... မခိုးရမှာလဲ၊ ကဲကွာ .."

"ဖျောင်း ... ဖျောင်း .."

"အမလေး.. သေပါပြီ..ဗျ.."

ကန်ကြီးအတွင်းမှ ကမန်းကတန်း ပြေးတက်လာသည့် ကိုဖိုးမျှော့က ကန်ပေါင်ရိုးထိပ်သို့အရောက်တွင် အသက်ငါးဆယ် အရွယ် လူတစ်ဦးအား သဖန်းဆုရွာသားတွေ ဝိုင်းဝန်း ရိုက်နှက်နေကြ သည်ကို မြင်တွေ့လိုက်ရလေသည်။

"ဟာ..ဟာ.. ဟေ့လူတွေ ဘာလုပ်ကြတာလဲ၊ လက်လွန် မယ် လက်လွန်မယ်.."

ကိုဖိုးမျှော့ ဝင်တားလိုက်သည့် အသံကြောင့် လူစုကြီးမှာ ဘေးသို့ အနည်းငယ်ရှဲသွားကြပြီး ထိုလူအုပ်အတွင်းမှ ကာလသားခေါင်း မြဖေဆိုသူက

"ကိုဖိုးမျှော့ ခင်ဗျားမသိရင် အသာနေစမ်းပါဗျ..၊ ဒီ ဝတင် ဆိုတဲ့လူက သိုက်ဆရာယောင်ယောင် ဘာယောင်ယောင်နဲ့



www.burmeseclassic.com

သာသနာ့ပစ္စည်းတွေကို နှယ်လှည့်ပြီး လိုက်ခိုးနေတဲ့ သူခိုးဗျ..''

''ဟင်...၊ ဘာ.. ဘယ်လို..''

သဖန်းစုရွာမှ ကာလသားခေါင်း မြဖေ၏စကားကြောင့် ကိုဗိုးမျှော့မှာ အတော်လေးပင် တအံ့တသြနှင့် ဖြစ်သွားရ၏။ ထို လူအုပ်ကြီး၏ရှေ့မှ မြေကြီးပေါ်တွင် လှဲနေသော သိုက်ဆရာ ကိုဝတင် ဆိုသူမှာလည်း ပါးစပ်က တဟီးဟီး ညည်းညူရင်း တစ်ကိုယ်လုံးမှာ လည်း ဒဏ်ရာဒဏ်ချက်တွေ ဗရပွနှင့် ဖြစ်နေ၏။

ထို့နောက် မြဖေက

''ဒီလူက ကျုပ်တို့ရွာကို လွန်ခဲ့တဲ့ သုံးရက်လောက်က ရောက် လာပြီး..၊ ဟိုချာ.. ခင်ဗျား သိမှာပေါ့၊ ကျုပ်တို့ ရွာချောင်း စပ်က စေတီကိုလေ..''

''သိတယ်လေ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်ကမှ မုန်တိုင်းတိုက် ပြီး ပြိုသွားလို့ ငါတို့ ပြန်ပြင်ပြီး ထီးတော်အသစ် တင်ထားရ တဲ့ဟာ။ အဲဒါ ဘာဖြစ်သလဲ..''

ကိုဗိုးမျှော့က သိချင်စောနှင့် ထပ်မေးလိုက်၏။

ထိုအချိန်မှာပင် လူအုပ်ကြီးထဲမှ အခြား ရွာသားတစ်ဦးက လည်း ဒေါနှင့်မောနှင့် ဝင်ပြောပြန်၏။

''အခုတော့ ဒီလူက အဲဒီစေတီမှာ တရားထိုင်ချင်ယောင် ဆောင်ပြီး ဘုရားပစ္စည်းတွေကို ဌာပနာတိုက်ဖောက် ခိုးဖို့ ကြိုးစားတာဗျ..။ တော်သေးတာပေါ့၊ ကျုပ်တို့ရွာသား တစ်ယောက် ချောင်းထဲမှာ ရေခပ်ချိုးရင်း မြင်လိုက်ပေလို့၊





အခုတောင် သူ့လက်ထဲ ဘယ်လောက် ပါသွားပြီလဲ မသိ ဘူး...''

မြေကြီးပေါ်မှာ ဇုန်အလိမ်းလိမ်းနှင့် ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်နေသော ဦးဝတင်ဆိုသည့် သိုက်ဆရာကလည်း လူးလဲ ထလာပြီး

''မင်းတို့ လူအုပ်အားကိုးနဲ့ ငါ့ကို အနိုင်မကျင့်နဲ့...။ ငါ ဘာမှမယူဘူး။ မယုံရင် ငါ့ကိုယ်ပေါ်မှာ ရှာကြည့်..''

ဟုဆိုကာ ယောက်ျားနေသော သူ၏ တိုက်ပုံအင်္ကျီ ရင်ဘတ်နှစ်ခ ကို တဖျန်းဖျန်းနှင့် ခါပြနေသည်။

''မလိုချင်ဘူး.. ဒီကောင့်ကို ရိုက်သတ်..''

''ချကွာ.. ဒီလောက်တောင် ခေါင်းမာတဲ့အကောင်..၊ ခေါင်းကိုသာ ရိုက်ခွဲပစ်..''

ထိုသို့ ရှုန်းရင်းဆန်ခတ်ဖြစ်နေချိန်တွင် နောက်မှ ပြေးလိုက် လာကြသည့် သဖန်းစုရွာသူကြီး ဦးဘမိုနှင့် သက်ကြီးရွယ်အို ရွာလူကြီးတွေက တပြည်းပြည်း မီလာ၏။

''ဟေ့ ကိုရင်တို့ အရမ်းကာရောတွေ မလုပ်ကြနဲ့ဟေ့.. သက်သေခံခြေလှမ်းတွေ ဖြစ်ကုန်မယ်။ ခဏရပ်ကြစမ်း...''

သဖန်းစုရွာသူကြီး ဦးဘမို၏ အော်ဟစ်တားဆီးလိုက်သည့် အသံကြောင့် မြဖေတို့ကာလသားတစ်စုမှာ ခွေးရိုက် မြွေးရိုက် ရိုက်ရန် ရွယ်မိုးထားကြသည့် တုတ်တွေကို တက်တခေါက်ခေါက်ဖြင့် အောက် သို့ ပြန်ချလိုက်ကြ၏။

ထိုအခါမှ သူကြီးဦးဘမိုက မြေပြင်မှာ ဒူးထောက်လျက်



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်နေသော သိုက်ဆရာ ဦးဝတင်၏ မျက်နှာကို မော့စေကာ...

"ဒီမှာ..ကိုဝတင်.. ခင်ဗျား အသားအရောင်ခံချင်စမ်း ပါနဲ့...၊ ကျုပ်တို့ရွာက ထူးပူလွှားတဲ့ ဌာပနာပစ္စည်းကို ကျုပ်လက်ထဲ ပြန်ထည့်ပါ။ ဒါမှမဟုတ် ခင်ဗျားကိုယ်မှာ ဖွက်ထား တာ ရှာလို့တွေ့ရင် မလွယ်ဘူး ဖြစ်နေမယ်နော့.."

အခြေအနေ အရပ်ရပ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် ဝင်ပြော လိုက်သော သူကြီးဦးဘမိုး၏ စကားကြောင့်

"ကျုပ်..ကျုပ် ထကာယ်မယူပါဘူး.. သူကြီးရယ်...။ မယုံရင် ကျုပ်တစ်ကိုယ်လုံးမှာ ရှာကြည့်ပါ"

ရင်ဘတ်ကို တော့လျက် ရှဲရှဲကြီးပြောနေသော သိုက်ဆရာ ကြောင့် သဖန်းစုရွာသားအတွက်မှာ ချက်ချင်းပင် ဒေါသပုန်ထကာ ဝိုင်းဝန်း ပြီး ရှာဖွေကြလေသည်။ ထိုသူ၏ တိုက်ပုံအင်္ကျီအစ မွေ့ပိုက်ထား သော လွယ်အိတ်ကြီးတစ်ခုလုံးကိုလည်း ပိုက်စိပ်တိုက် ရှာဖွေကြရုံမက ခါးမှာ ဝတ်ထားသည့် ယောလုံချည်ကိုပါ ချွတ်စေလျက် အမျိုးမျိုး ရှာဖွေကြည့်သော်လည်း မသင်္ကာဖွယ်ရာပစ္စည်း တစ်စုံတစ်ရာကို ဘယ်လိုမှ ရှာမတွေ့ဘဲ ရှိနေလေသည်။

"တောက်.."

သိသိကြီးနှင့် အသည်းတယားယား ဖြစ်နေသော ရွာသား များမှာ သိုက်ဆရာကိုကြည့်ရင်း မကျေမနပ်နှင့် တက် တခေါက်ခေါက် လုပ်နေကြ၏။





ကိုရိုးမှေ့ရှုမှာလည်း တကယ်တမ်းသာ သဖန်းစုရွာသားတွေ ရှာဖွေနေသည့် ပစ္စည်းတစ်စုံတစ်ရာကို ထိုသူ၏ ခန္ဓာကိုယ်မှာ ရှာဖွေ တွေ့ရှိသွားပါက မပြင်ရဲ မကြည့်ရဲလောက်အောင် နှိပ်စက်ရိုက်ပုတ် ကြလိမ့်မည်ကိုတွေးရင်း ရင်တမမပင် ဖြစ်နေ၏။

သိုက်ဆရာဦးဝတင်၏ ခန္ဓာကိုယ်အနှံ့ကို အတန်ကြာအောင် ရှာဖွေလိုက်ကြပြီးသည့်နှင့် သူကြီးဦးဘမိုက

"အေးလေ..လက်ပူးလက်ကြပ် မတွေ့တော့လည်း ဘာမှ မပြောသာဘူးပေါ့၊ ကဲ..ကဲ..သူ့ကို ပြန်လွှတ်လိုက်ကြပါ တော့ကွယ်.."

ဟု ဆိုလိုက်သောအခါ သဖန်းစုရွာမှ ကာလသားများမှာလည်း မကျေမနပ်နှင့် ပြန်လွှတ်ပေးလိုက်ကြသည်။

"တောက်..လက်ပူးလက်ကြပ် မတွေ့လို့ပေါ့ကွာ...တွေ့ရင် တော့လား ခင်ဗျားကို အရိုးတခြား အသားတခြားဖြစ်အောင် နုတ်နုတ်စင်းပစ်မယ်"

"နေပါစေဗျာ..ဘုရားပစ္စည်းခိုးတဲ့သူဟာ သူ့အကုသိုလ်နဲ့ သူ သွားပါလိမ့်မယ်။ မယုံမရှိနဲ့"

ထိုအခါမှ သိုက်ဆရာ ဦးဝတင်မှာလည်း တစ်ကိုယ်လုံး အလိမ်းလိမ်းကပ်ပေနေသော ဖုန်တွေကို လက်ဖြင့် တဖျန်းဖျန်းခါကာ လူအုပ်ကြီးကို စောင်းငဲ့စောင်းငန်း လှည့်ကြည့်ရင်း အနားမှ တော့နင်း တော့နင်းဖြင့် လှည့်ထွက်သွား၏။

သဖန်းစုရွာသားတွေလည်း မကျေမနပ် ပြောဆိုရင်း တဖြည်း ဖြည်း လူစုကွဲကာ လှည့်ပြန်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးချော့မှာလည်း ထိုအခါမှ နေလှန်းထားသည့် သူ့အရုပ်တွေကို သတိရမိသွားပြီး အိမ်ပြန်ရန် တစ်ခုချင်းစီ ပြန်ကောက် သိမ်းဆည်းလိုက်သည်။

"ဟင် .."

ထိုအချိန်မှာပင် သူနေလှမ်းထားသော ကျွဲရုပ်တစ်ရုပ်၏ နံဘေးမှ ရွှံ့သားမှာ ခြေရာလက်ရာပျက်ယွင်းပြီး အနည်းငယ် ချိုင့်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။


"အလို .. ဆောဆောက ဟိုလူတွေ ရှုန်းရင်းဆန်ခတ်ဖြစ်တုန်း ငါ့ရွှံ့ရုပ်တွေကို ခဲတွေ တုတ်တွေ ထိမှန်သွားတယ် ထင်ပါရဲ့။ တော်သေးတာပေါ့၊ တစ်ရုပ်လုံး မပျက်စီးသွားတာ"

ဟု တွေးမိကာ ထိုကျွဲရုပ်ကို နဂိုအတိုင်းပြန်ဖြစ်ရန် ရွှံ့တွေနှင့် ထပ်ပြီး မွမ်းမံလိုက်သည်။ ထိုရွှံ့ရုပ်၏ အဝထဲတွင် ပစ္စည်းတစ်စုံတစ်ရာ ရှိနေမည်ဆိုသည်ကို ကိုဖိုးချော့တစ်ယောက် နည်းနည်းမှ သံသယ မဖြစ်မိချေ ..။

ဒီအပြင် .. ရိုးသားသည့် တောသူဘောင်သားတစ်ယောက် ဖြစ်သည့်အလျောက် ဘာကိုမှ တွေးတွေးထူးထူး စဉ်းစားမနေတော့ဘဲ သူ့အရုပ်တွေကို ထုပ်ပိုးသိမ်းဆည်းကာ အိမ်သို့ ပြန်လာခဲ့တော့သည်။

□





အခန်း (၂)

သည်လိုနှင့် ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ .. ဥသျှစ်ပင်ရွာမှ ဘုရားပွဲက စတင်လေတော့သည်။ ထိုရွာဘုရားပွဲ မစခင် တစ်ရက်အလိုကပင် ရွာနီးချုပ်စပ်မှ ဈေးရောင်းဈေးဝယ်တွေသာမက တစ်ညအိပ်ခရီးခန့် ဝေးသည့်ဒေသမှ လှည်းတစ်တန် လှေတစ်တန်ဖြင့် ရောက်လာကြသော ဈပ်ပင်နီအထည်ကြမ်းရောင်းသူ၊ အိုးခွက်ပန်းကန် ရောင်းသူနှင့် ငါးပိ၊ ငါးခြောက်ရောင်းသူတို့ပါ ကြိတ်ကြိတ်တိုး စည်ကားလျက် သူ့ဝတ်ငါ၊ အော်ဟစ်ရောင်းချနေကြသည့် ပွဲဈေးတန်းကြီးတစ်ခု ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြက်ပျံမကျ စည်ကားလှသော ပွဲဈေးတန်းကြီးအတွင်း မီးခွက်မှုန်အိမ်တွေ၊ အောက်လင်းမီးတွေက ထိန်ထိန်သာလျှက်ရှိကာ ရပ်ဝေးမှ ဘုရားဖူးလာကြသူတွေ၏ နွားလှည်းတွေကလည်း ပွဲခင်းကြီး ပတ်ပတ်လည်၌ အပြည့်ပင်။ ထိုလှည်းဝိုင်းကြီးမှ နွားများကို ဖြုတ်လျှက် လှည်းဘောင်များတွင် အသင့်ပါလာသော အိုးခွက်ပန်းကန်တွေနှင့် ချက်ပြုတ်စားသောက်နေကြသည်မှာ ဥဒ္ဒေါင်ချွန်ပင်ရွာအနီးရှိ လယ်ကွင်းပြင်ကြီးထဲ ဖွေးဖွေးပင် ပျံ့နေတော့၏။

ထုံးဖြူဖြူသုတ်ပြီးခါစ ဥဒ္ဒေါင်ချွန်ပင်စေတီကလည်း ဘတ္တရီမီးချောင်းတွေ ထိန်နေအောင် ထွန်းထားသဖြင့် တဝင်းဝင်းတောက်နေရုံမက ပုဂ်ိုမှသည်မှ ကျေးလောင်ချည်းဖွာဖွင့်ထားသည့် အသံချဲ့စက်သံတွေကလည်း သောသောညံလျက် ရှိသည်။ ထိုအထဲမှ ဈေးရောင်းဈေးဝယ်တို့၏ အသံတွေနှင့် ဘယ်သူရေ ဘယ်ဝါရေ အော်ဟစ်ခေါ်နေကြသော အသံတွေအပြင် ပေါ်ခနဲ ဟားခနဲ ပျော်မြူးနေသည့် ရွှေပွဲလာတွေ၏ အသံတွေက ပေထီပေထီနှင့် ကြားနေရသော ဆိုင်းသံကြားတွင် ရောယှက် ပျံ့လွင့်လျက်ပင် ရှိနေသည်။

"ဟောဒီမှာ .. ကလေးတွေအတွက် လက်ဆောင်ဝယ်သွားကြဖို့ အရုပ်လှလှလေးတွေ ရမယ်နော် .."

အရုပ်ဈေးသည် ကိုဖိုးဖျော့မှာလည်း ထိုပွဲခင်းကြီးထဲတွင် နေရာတစ်နေရာ ရယူကာ သူ၏ ရွှံ့ရုပ်ကလေးတွေကို အသံတစာစာနှင့် အော်ဟစ်ရောင်းချနေ၏။ ကိုဖိုးဖျော့၏ ရွှံ့ရုပ်တွေက အခုလိုအချိန်တွင် ရွှံ့ရုပ်ဟုပြောရန်ပင် အလွန်ခက်လှသော ဆေးနီ၊ ဆေးဝါ ခြယ်သထားသည့် ရောင်စုံအရုပ်တွေ ဖြစ်နေလေရာ ဘုရားဖူးလာသူ ကလေး





တွေက မက်မက်မောမောနှင့် ဝိုင်းအုံနေ၍ပင် နေကြလေသည်။

ထိုအချိန်မှာပင် ပွဲဈေးတန်းအတွင်း ခြံထွက်သီးနှံလေးများကို ချရောင်းပြီး ပြန်လာကြသည့် ထိန်တောရွာမှ ဒေါ်ဖွားမိုနှင့် မြေးမလေး ရှင်တုတ်လုတို့မှာ ရွာသို့ မပြန်နိုင်ကြသေးဘဲ ပွဲခင်းအတွင်း တမော့မော့နှင့် လှည့်လည်ကြည့်ရှုနေကြလေသည်။

ဒေါ်ဖွားမိုမှာ အလာတုန်းက စုံစေ့နေအောင်ထည့်ကာ ခေါင်းပေါ် ရွက်လာခဲ့သည့် တောင်းကြီးအတွင်းသို့ ခေါင်းဖုကို အခွေလိုက်ထည့်ပြီး ခါးစောင်းမှာ ပွေ့ပိုက်ထားလျက် လက်တစ်ဖက်ကလည်း ဆယ်နှစ်အရွယ် မြေးမလေး ရှင်တုတ်လု၏လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထား၏။

ရှင်တုတ်လုကတော့ ကလေးပီပီ ပွဲခင်းအတွင်း မြင်သမျှ တွေ့သမျှတို့ကို လက်ညှိုးတထိုးထိုးနှင့် လိုက်ပါလာလေရာ သူတို့ မြေးအဘွားမှာ မကြာမီ ကိုဖိုးဖျော့ အရုပ်ရောင်းရာနေရာသို့ တိုးရင်းတွေ့ရင်း ရောက်လာခဲ့ကြလေသည်။

"ရောင်စုံ အရုပ်လှလှလေးတွေ ရမယ် ..၊ ဟောဒီမှာ ဆင်ရုပ်၊ မြင်းရုပ်နဲ့ ကျွဲရုပ် နွားရုပ်တွေ အစုံပဲဗျာ .. ကလေးတွေအတွက် ဝယ်သွားကြပါဦး ..."

ကြားလိုက်ရသော ကိုဖိုးဖျော့၏ အသံစာစာကြောင့် ရှင်တုတ်လု အဘွားဖြစ်သူ ဒေါ်ဖွားမိုကို လက်ကုတ်ရင်း

"ဘွားဘွား သမီးကို ဟိုအရုပ်လေးတစ်ရုပ်လောက် ဝယ်ပေးပါလား အဘွားရယ် ... သမီး အဲဒီအရုပ်လေးနဲ့ ကစားချင်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com

"အို.. ညည်းကလည်းအေ.. ဗိုက်ဆံမရှိရတဲ့ကြားထဲ မပူဆာစမ်းပါနဲ့.."

ဒေါ်ဖွားမိုး၏ ဆူငေါက်လိုက်သည့်အသံကြောင့် ရှင်တုတ်လှမှာ ငိုမဲ့မဲ့ဖြစ်သွားပြီး မလှမ်းမကမ်းမှ ကိုဖိုးဖျော့၏ အရုပ်တွေရှိရာ ကိုသာ မျက်လုံးကမခွာဘဲ စိုက်ကြည့်နေလေသည်။ အရုပ်သည်ကိုဖိုးဖျော့ ကလည်း အလိုက်ကမ်းဆိုးမသိ လက်ယပ်လှမ်းခေါ်ပြီး..

"လာပါ့ အမိုးလေးဖွားမိုးရဲ့...၊ ကလေးက လိုချင်နေတဲ့ဟာ တစ်ရုပ်ထလေလောက် ဝယ်ပေးလိုက်ရောပေါ့.."

"အံမာ.. ဟဲ့ ဖိုးဖျော့ရဲ့... နင်ဘာသိလို့လဲ ငါတို့မယ် တစ်နေ့လုပ်မှ တစ်နေ့စားနေရတာ၊ မစားရ မသောက်ရနဲ့ နင့်အရုပ်ကို မဝယ်ပေးနိုင်ပေါင်..၊ တခြားကစားနည်းတွေ ပုံလို့ ပင်လို့... ဘယ်နှယ့်တော်.."

တကယ်တော့ အမိုးလေး ဒေါ်ဖွားမိုးတစ်ယောက် ကြံတွက် အသီးအနှံလေးတွေကို ဟိုရောင်းဒီရောင်းနှင့် ဒီမြေမလေး ရှင်တုတ် လှကို ကျွေးမွေးလာခဲ့သည်မှာ သမီးဖြစ်သူ မထဝန်းလှ သေပြီးကတည်း ကဟုပင် ဆိုရမည်ဖြစ်သည်။ ဒေါ်ဖွားမိုး၏သမီး မသန်းလှမှာ ရှင်တုတ်လှ အသက်သုံးနှစ်သာသာအရွယ်တွင် ဖိုးထိပြီး ဆုံးပါးသွားသဖြင့် အမိမဲ့ မြေးမလေးကို အရွယ်နှင့်မလျော်အောင် ရှာဖွေကျွေးမွေး စောင့်ရှောက်လာ ခဲ့ရသည်။ ဒီကြားထဲ ဖခင်ဖြစ်သူ ရှုတ်တရက် ဆုံးပါးသွားသည်ကို အကြောင်းပြုပြီး အရင်ကတည်းက ရွာထဲကသည့်တာ မဲ့ရိုက်၊ အရက် သောက်နေသည့် ရှင်တုတ်လှ၏အဖေက ရွာက ထွက်သွားသည်မှာ သေသည်လား၊ ရှင်သည်လားမသိ ဒီနေ့အထိ သတင်းအစအနပင်





မရှာဘဲ ရှိနေလေသည်။

"အမိုးလေးရယ်.. တုတ်လှကလေးက သနားစရာပါဗျာ၊ သူကြိုက်ရာ အရုပ်ကို ယူစမ်းပါစေ.. ကျုပ်ကို အမိုးလေး သဒ္ဓါသလောက်သာ ပေးပါ။ ကဲ... ကဲ လာယူလှည့် ထုတ်လှ.."

ကိုဖိုးဖျော့က ဒေါ်ဖွားမိုးတို့ မြေးအဘွားကို အကြောင်းသိ တွေမို့ ရှည်ရှည်ဝေးဝေးပြောမနေတော့ဘဲ ရှင်တုတ်လှလိုချင်သည့် အရုပ်ကို သဒ္ဓါသလောက်နှင့်သာ ပေး၍ ဝယ်စေလိုက်သည်။ တကယ် တော့ ဖြစ်နိုင်လျှင် ကိုဖိုးဖျော့က ကလေးသဘာဝ မဆော့ရရှာသည့် ရှင်တုတ်လှကို အလကားသာ ပေးပစ်လိုက်ချင်နေ၏။ သို့သော် သူ၏ ဝမ်းရေးကလည်း ရှိသေးသည် မဟုတ်ပါလား...။

ရှင်တုတ်လှကတော့ အဘွားဖြစ်သူ ဒေါ်ဖွားမိုး၏ မျက်နှာကို တစ်လှည့် မြေပေါ်မှ ချခင်းထားသည့် ကိုဖိုးဖျော့၏ အရုပ်တွေကို တစ်လှည့် ကြည့်ကာ မျက်နှာ မသာမယာနှင့် ဖြစ်နေလေသည်။

ထိုအခါမှ အမိုးလေးဖွားမိုးမှာ မျက်လုံးထောင့်မှ မျက်ရည်စ တွေကို အင်္ကျီလက်မောင်းရင်း ပင့်ကာ သုတ်လိုက်ပြီး..

"ငါလည်း ဝယ်ပေးချင်ပါတယ် ဖိုးဖျော့ရယ်.. ငါတို့မှာက နင်လည်း သိတဲ့အတိုင်းပဲ တစ်ပဲလည်း တစ်ပဲအလျောက်၊ တစ်မူးလည်း တစ်မူးအလျောက်၊ မသေထမင်း မသေဟင်း လေးစားဖို့မှ အနိုင်နိုင်ရယ်ပါဟယ်"

ထိုစကားကြောင့် ကိုဖိုးဖျော့မှာ ငိုင်ကျသွားပြီး

"ကဲကဲ.. သမီးလိုချင်တဲ့အရုပ်သာ ယူသွားပေတော့..၊



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံလည်း ပေးမနေနဲ့တော့ ဟုတ်လား ..၊ လာလာ ယူသွား .."

သူလိုချင်သည့်အရုပ်ကို အလကားပေးမည်ဟု ဆိုသောအခါ ရှင်တုတ်လှမှာ အလွန်အမင်း ဝမ်းသာသွားပြီး ကိုဖိုးချော ရှေ့တွင် ခင်းထားသည့် အရုပ်တွေရှေ့မှာ ဇွေ့ခနဲ ဝင်ထိုင်ကာ များပြားလှသည့် ဆေးရောင်ခြယ် ရွှံ့ရုပ်တွေကို တို့ထိကိုင်ကြည့်နေမိ၏။

ထိုအချိန်မှာပင် ကိုဖိုးချော ချခင်းထားသည့် အရုပ်တွေနားမှာ ကြိတ်ကြိတ်တိုးနေသည့် ကလေးတစ်သိုက်ကလည်း သူ့ထက်ငါ အလု အယက်နှင့် ဝင်ရွေးနေကြ၏။ ထိုကလေးများမှာ ရှင်တုတ်လှနှင့် တစ်ရွာတည်းနေ ငညွန့်၊ စိန်တင်တို့ ဖြစ်နေပြီး အားလုံးမှာ ရှင်တုတ်လှ တို့ အရွယ်သာသာ ကလေးတွေချည်းပင်။

"ဟော့ကောင် ငညွန့် မင်းလက်ထဲက ကျွဲရုပ်က ငါ့ကျွဲရုပ် လောက် ချိုမကြီးဘူး ..၊ ဒီမှာ တွေ့လား ငါ့ကောင်ကြီးကာမှ ဧရာမ တုတ်တုတ်ချွန်ချွန်ကြီး .."

စိန်တင်က သူ့လက်ထဲမှ ကျွဲရုပ်တစ်ရုပ်ကို ငညွန့်မြင်အောင် မြှောက်ပြလိုက်ရင်း မခံချင်အောင် ပြော၏။ ငညွန့်ကလည်း အညံ့မခံ

"အမ်မာ .. မင်းကျွဲက ချိုသာကြီးတာ .. ငါ့ကျွဲလောက် ကိုယ်လုံးမကြီးဘူး။ မင်းကောင်ကို တစ်ချက်တွန်းလှဲလိုက်ရင် မထနိုင်ဘဲ ဖြစ်သွားမယ် .. ဟဲ ဟဲ ဟဲ .."

ကလေးပီပီ ကိုယ်လိုချင်ရာ အရုပ်ကိုဝယ်ပြီး စကားနိုင်လုနေကြ၏။





ထိုအချိန်မှာပင် ရှင်တုတ်လှကလည်း ကိုဖိုးချော၏ ရောင်စုံ ခြယ်ထားသော အရုပ်တွေထဲမှ ကျန်နေသေးသော ကျွဲရုပ်တစ်ရုပ်ကို ကောက်ကိုင်လိုက်ရာ ဆေးမှ အရီးလေးဖွားမိုက

"ဟဲ့ .. တုတ်လှ ညည်းနှယ်အေ .. မိန်းကလေးဖြစ်ပြီး ကျွဲရုပ် နဲ့ ဘာများ ဆော့ဦးမှာလဲ ... တခြား ဘိုမရုပ်တို့ .. ဘဲရုပ် တို့ ယူပါတော့လား .. ဒီကလေးမနှယ်"

ထိုအခါမှ ရှင်တုတ်လှက လက်ထဲတွင် တယုတယ ဆုပ်ကိုင် ထားသော ကျွဲရုပ်ကို မြှောက်ကာ ဝမ်းသာအားရနှင့်

"မဟုတ်ပါဘူး ဘွားဘွားကြီးရဲ့ ... အဖေရှိတုန်းက ကျွဲကြီး တွေ ကျောင်းကျောင်းနေတာ သတိရလွန်းလို့ပါ။ ပြီးတော့ သမီးစိတ်ထဲမှာလည်း တစ်နေ့ကျရင် အဖေ ဒီကျွဲကြီးတွေ စီးပြီး အိမ်ပြန်လာမယ်လို့ ထင်နေလို့ပါ ..."

ရှင်တုတ်လှ၏စကားကြောင့် အရီးလေးဖွားမိုတစ်ယောက် ခြေတုန်လက်တုန်ဖြစ်သွားပြီး သက်ပြင်းသက်မတွေ ဟင်းခနဲ ချလိုက် ကာ

"ကဲ .. ဖိုးချောရေ၊ နင့်တူမကတော့ မလွယ်ဘူးဟေ့။ ငါ့မှာ လည်း နင့်ကိုပေးစရာ ပိုက်ဆံက မရှိလေတော့ .. မနက်ဖြန် မနက်စောစောကျရင်သာ ပဲဖြူလေးသန့်ထားတာ တစ်ခွဲ သာသာလောက်နဲ့ ဘူးသီးတစ်ခြမ်းကို အိမ်မှာ လာယူလှည့် ချေ .. ။ နေ့ဘက်ပြီး ခဝဲသီးလည်း တစ်ခါချက်လောက်တော့ ရှိဦးမယ် ထင်တာပဲ .."

ပြောပြောဆိုဆို အနီးမှ လှည့်ထွက်သွားသော အရီးလေးဖွားမို



www.burmeseclassic.com

တို့ ခြေးအာဘွားအ၏ ကျောပြင်ကိုကြည့်ကာ ကိုဂိုးမျှောတစ်ယောက် စိတ်မကောင်းဖြစ်မိနေသည်။ ဒါ့အပြင် သူ အလကားပေးလိုက်ရသည့် ရှင်တုတ်လုအတွက် တစားစရာ ကျွဲရှပ်လေးကြောင့် အမိုးလေးဖွားမှ ထံမှလည်း ဘာကိုမှ အစားပြန်ပြီး မယူရချင်တော့။ လိုချင်တာရသွားသည့် ရှင်တုတ်လုကလေးကိုသာ ကြည့်ရင်း ဝမ်းသာပီတိဖြစ်ပြီး ကျန်ခဲ့တော့သည်။

"ကဲ . . ဝယ်သွားကြဦးဟော့ . . ဟောဒီမှာ . . ကလေးတာစားစရာ ရောင်စုံအရုပ်တွေနော် . .။ လာလာ . . အလကားပေးသလောက်ကိုတန်တဲ့ အရုပ်တွေကွ . .။ မကြာခင် ကုန်တော့မှာမို့ လိုချင်တဲ့အရုပ်တွေသာ မြန်မြန်လာရွေးကြ ကလေးတို့ရေ . . ."

ဈေးတန်းကြီးအတွင်း တစာစာ အော်ဟစ်ရောင်းချနေသည့် ကိုဂိုးမျှော၏ အရုပ်တွေက အမှန်တကယ်ပင် ကုန်လုနီးနီး ဖြစ်နေသည်။ ထိုအချိန်အထိ ပွဲခင်းကြီးမှာလည်း အော်သံတွေ ညှော်သံတွေနှင့်အတူ 'ဗေတိ ဗေသီ' ဆိုသည့် ဆိုင်းသံက ညလေပြည်ထဲမှာ တဝဲဝဲ ပျံ့လွင့်နေတုန်းပင် ဖြစ်နေလေသည်။

❑



ထိုသို့ ကြက်ပျံမကျ တရုန်းရုန်းစည်ကားနေသည့် ပွဲခင်းကြီးအတွင်း ဘာကိုမှ ဂရုမပြု အာရုံမစိုက်ဘဲ တစ်စုံတစ်ယောက်ကို ရှာဖွေနေသလို မျက်လုံးများနှင့် လိုက်ကြည့်နေသည့် လူတစ်ယောက်ကို ဇာတ်ရုံ အနောက်ဘက်တွင်လည်းကောင်း . .၊ တဟေးဟေး တဟားဟား အော်ဟစ်နေကြသည့် ချားရဟတ်အနီးတွင်လည်းကောင်း တွေ့နေမိ၏။ ထိုသူကား အခြားမဟုတ် သိုက်ဆရာ ဦးဝတင်ပင် . .။

တပြည်းပြည်း တရွေ့ရွေ့လျှောက်လာသော သိုက်ဆရာ ဦးဝတင်၏ ပခုံးကို လူတွေက တွန်းရင်း တိုက်ရင်း လျှောက်သွားကြသည်၊ သို့သော် သူက တစ်ချက်ကလေးမှ ဂရုမပြုသည့်အပြင် ဈေးတန်းကြီးအတွင်းမှ အသံတစာစာနှင့် အော်ဟစ်ရောင်းချနေသော ဈေးသည်များ၏ မျက်နှာကိုသာ အသဲအမဲ လိုက်လံကြည့်ရှုနေ၏။

သူ ရှာဖွေနေသည့်အရာက ပြီးခဲ့သည့် ရက်သတ္တပတ်က သေပြေးရှင်ပြေး ပြေးလာရင်း ရေကန်ကြီးအနီးမှာ ခိုးရာပါပစ္စည်းကို ထည့်သွင်းနှစ်မြှုပ်လိုက်သည့် ကျွဲရုပ်နှင့် အရုပ်ပိုင်ရှင်လူတစ်ယောက်ပင် ဖြစ်သည်၊ ထိုအချိန်က ကမူးရှူးထိုးနှင့် ကပျာကယာ သိုဝှက်လိုက်ရသဖြင့် အရုပ်ပိုင်ရှင်၏မျက်နှာကို သေချာစွာ မှတ်သားမထားလိုက်





www.burmeseclassic.com

www.burmeseclassic.com

မိဘဲ ရှိလေရာ ဟိုလူလိုလို ဒီလူလိုလို သူ့အတွက် ထင်ယောင် ထင်မှားနှင့် ဖြစ်နေ၏။

သို့သော် ဦးဝတင်၏ စိတ်ထဲတွင်တော့ ထိုအရုပ်ပိုင်ရှင်၏ မျက်နှာကို တစ်ခေါက်ပြန်မြင်ရုံနှင့်ပင် မှတ်မိနိုင်လောက်သည် ဟူ၍လည်း တထစ်ချ တွက်ဆထားပြီ၏။

'အဲဒီတုန်းက ဒီလူရဲ့ လုပ်ငြီးစအရုပ်တွေဟာ ဒီဈေးပွဲမှာ ရောင်းဖို့ မဟုတ်ရင် ဘာဖြစ်ရဦးမှာလဲ ..။ သေချာတာက တော့ ဒီဈေးတန်းကြီးထဲမှာ ရှိကိုရှိနေရမယ် ...'

သူ့အတွေးနှင့်သူ အားခဲပြီး လျှောက်လာသည့် ဦးဝတင်မှာ ခပ်ပိုက်ပိုက်ခေါင်းထားသည့် ဦးထုပ်အမြိုးကြီးအောက်မှနေ၍ ကျီးကန်း တောင်းမှောက် မျက်လုံးတွေနှင့် ရှာမြဲပင် ဆက်ပြီး ရှာဖွေနေ၏။

မကြာမီ ဦးဝတင်တစ်ယောက် အရုပ်သည်ကိုဖိုးမျှော့ကို ပွဲဈေးခင်းကြီးတစ်နေရာတွင် လှမ်းတွေ့လိုက်ရလေသည်။

"ဟင် .. ဟိုလူ ..."

ချက်ချင်းပင် တုံ့ခနဲရပ်သွားသော ခြေလှမ်းနှင့်အတူ .. ဦးဝတင်၏ မျက်လုံးတွေက အရုပ်သည် ကိုဖိုးမျှော့၏မျက်နှာကို အကြိမ်ကြိမ် အဖန်ဖန် ပုံဖော်ကာ ပြန်ပြီး မြင်ယောင်ကြည့်နေမိ၏။

"ဟုတ်ပြီ .. သေချာတယ်။ ဒီလူမှ ဒီလူအစစ်ပဲ .."

ကိုဖိုးမျှော့ကတော့ သူရောင်းချခဲ့သည့် ငွေအကြွေစတွေကို ခေါင်းငုံ့ကာ ရေတွက်ကြည့်နေသည်ဖြစ်ရာ ခပ်လှမ်းလှမ်းမှ အကဲခတ် ရှိုင်း စောင့်ကြည့်နေသည့် ဦးဝတင်ကို နည်းနည်းမှ သတိမထားမိ သေး ..။





ခပ်သေသေကြာ ကိုဖိုးမျှော့မှာ အရုပ်ရောင်းရသည့် ငွေတွေကို လွယ်အိတ်အတွင်း ထည့်သိုလိုက်ပြီး မြေကြီးပေါ်မှ လက်ကျန်အရုပ် တစ်ရုပ်စ နှစ်ရုပ်စကို သိမ်းဆည်းရှုံနေလေသည်။ ထိုလက်ကျန်အရုပ် များထဲတွင်တော့ ဦးဝတင် ရှာဖွေနေသည့် ကွဲရုပ်က တစ်ရုပ်တစ်လေမှ ပင် ရှိမနေတော့သည်ကို တွေ့လိုက်ရလေတော့သည်။

"ဟာ .. ခုံပြီထင်ပါရဲ့ကွာ .."

❑



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ညသျှမ်းပင်ရှာ ဘုရားပွဲပြီးကာတည်းက နေ့စဉ်ရက်ဆက်ဆိုသလို ကျွဲရုပ်နှင့်ဆော့နေသော ရှင်တုတ်လုမှာ ထမင်းအမှုပင်းမေ့ပင် ဖြစ်နေတော့၏။ ခက်သည်က အခြားကလေးတွေလို ပြေးဟမ်းလိုက်ဝယ်၊ လိပ်ဥပွက်ဘိမ်း စသည့် ကစားနည်းတွေကို တစ်စက်ကလေးမှ စိတ်မဝင်စားဘဲ အိမ်ထဲနှင့် ခြံဝင်းအတွင်းမှာသာ တကုတ်ကုတ်နှင့် ဆော့လေ့ရှိသူဖြစ်သည်။



ဒါ့အပြင် ရှင်တုတ်လုကလေးမှာ နေ့စဉ်လိုလို ညနေစောင်းပြီဆိုသည်နှင့် ခြံရှေ့စည်ရိုးအစပ်မှနေ၍ အဖေဖြစ်သူ ပြန်အလာကို မျှော်ငေးနေတတ်သည်မှာ အကျင့်တစ်ခုလိုပင် ဖြစ်နေခဲ့၏။ အဘွားဖြစ်သူ အဒီးလေးဖွားမိုကတော့ ရှင်တုတ်လု ထိုသို့ငေးငိုင်နေတိုင်း သွားလေသူ သမီး မယံနုလှအား သတိရမိနေရုံမက လူမဆန်စွာ စွန့်ခွာထွက်သွားသည့် ရှင်တုတ်လု၏အဖေကိုလည်း နာနာကြည်းကြည်းပင် မုန်းတီးနေမိလေသည်။

အခုလည်း ရှင်တုတ်လုတစ်ယောက် ကျွဲရုပ်နှင့် ဆော့နေရာမှ

''ကျွဲကြီးအရ.. ညနေကျရင် ငါ့အဖေကို နင့်ကျောပေါ်မှာတင်ပြီး အိမ်ကို ပြန်ခေါ်လာခဲ့ပါ''

''ဟဲ့ တုတ်လု၊ အဲဒီလူမဆန်တဲ့ နင့်အဖေကို ခဏခဏ တမနေစမ်းနဲ့၊ ဘယ်နှယ့်တော်.. လူမမယ် သမီးမိန်းကလေးမွေးထားပြီး၊ တာဝန်မယူဘဲ အိမ်ကထွက်သွားတဲ့ တစ်ကိုယ်ကောင်းသမားကို ဘာကြောင့် ညည်းက တသသ ဖြစ်နေရတာလဲ..''

အဒီးလေးဖွားမို၏ မာန်မဲဆူငေါက်လိုက်သည့်အသံကြောင့် ရှင်တုတ်လုမှာ ခေါင်းကိုငုံ့ကာ လက်ထဲမှ ကျွဲရုပ်ကို အကြောင်းမဲ့ပွတ်သပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ထမင်းမေ့ ဟင်းမေ့ ကျွဲရုပ်နှင့် ဆော့နေသော ရှင်တုတ်လုံအပေါ် အရိုးလေးဖွားရိုး၏ ဒေါသတွေက စုပုံကျသွားပြီး

"ဒီမှာ တုတ်လုံ၊ ညည်းကို ငါ မပြောချင်လို့ ကြည့်ကြည့် နေတာ ကြာပြီ။ တစ်မနက်သုံး ထမင်းမစား ဘာမစားနဲ့ အဆော့မက်လှချေလား..။ အခု အဲဒီအရုပ်ကို ငါ့ပေးစမ်း။ ဒီအရုပ်ကို ခေါက်ချိုးပစ်လိုက်မှ အေးမှာ.."

ပြောပြောဆိုဆို ရှင်တုတ်လုံ၏လက်ထဲမှ ကျွဲရုပ်ကို အဒီးအလေး ဖွားရိုးက လှမ်းဆွဲသည်။ ရှင်တုတ်လုံကသည်း ကျွဲရုပ်ကို ဆုပ်ကိုင်ထား သည့် လက်နှစ်ဖက်ကို နောက်မှာ ဖွက်လိုက်ပြီး ထိုနေရာမှ လှစ်ခနဲ ပြေးထွက်ကာ

"မလုပ်ပါနဲ့ ဘွားဘွားကြီးရယ်၊ သမီး အခု မဆော့တော့ ပါဘူး...မလုပ်ပါနဲ့"

ကမျှားကယာ အိမ်ပေါ်မှ ပြေးဆင်းသွားသော ရှင်တုတ်လုံ၏ နောက်တွင်တော့ ဒေါ်ဖွားရိုးမှာ ဖျစ်တောက်ဖျစ်တောက်တွေ ပြောဆို ရင်း ကျန်ရစ်ခဲ့၏။ အရုပ်ကို ဆုပ်ကိုင်ထားသော ရှင်တုတ်လုံ၏ လက်များမှာ လည်း တဆတ်ဆတ် တုန်ယင်နေကာ ခြံဝင်းကြီးအတွင်း အဘွား ဖြစ်သူ မမြင်နိုင်သည့်နေရာတွင် သိမ်းဆက်ထားလိုက်ရန် စိတ်ကူးမိ လေသည်။

"ဒီကျွဲရုပ်လေးကို အဘွားမမြင်နိုင်တဲ့ တစ်နေရာမှာ ခဏ သိမ်းထားမှ ဖြစ်မယ်..။ နို့မို့ဆို ငါ့အရုပ်ကလေးကို အဘွား က တကယ်ပေါက်ခွဲပစ်တော့မှာ.."

အိမ်ရှေ့ခြံဝင်းအတွင်း အချိန်တော်တော်ကြာအောင် ရပ်ပြီး





စဉ်းစားနေသော ရှင်တုတ်လုံမှာ လက်ထဲမှ ကျွဲရုပ်ကိုတစ်လှည့် အနီး ပတ်ဝန်းကျင်မှ သစ်ပင်ချုံနွယ်တွေကို တစ်လှည့်ကြည့်ကာ အကြံတစ်ခု ကို ဖျတ်ခနဲ ရသွား၏။

"ဒီအရုပ်ကို ဟိုခြံထောင့်မှာရှိတဲ့ ကုက္ကိုမြစ်ဆုံကြီးထဲမှာ ဝှက်ထားမှ..။ အဲဆိုရင် အဘွားလည်း မမြင်တော့ဘူး..။ ငါဆော့ချင်တဲ့ အချိန်ကျရင်လည်း ဒီအမြစ်ဆုံ သစ်ခေါင်းကြီး ထဲက အချိန်မရွေး သွားယူပြီး ဆော့လို့ရတာပဲ.."

ထိုအတွေးနှင့်အတူ ရှင်တုတ်လုံမှာ အိမ်ပေါ်မှ အဘွားရှိရာကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အိမ်ရှေ့ခြံထောင့်မှ ကုက္ကိုပင်ကြီးရှိရာသို့ လှစ်ခနဲ ကမန်းကာတန်း ပြေးသွား၏။

တကယ်တော့ ရှင်တုတ်လုံမှာ ကျေးတောသူ ကလေးအရွယ် ပီပီ မြို့ပေါ်မှ တခြားကလေးတွေလို ပလတ်စတစ် ကော်ပတ်ရုပ်တွေနှင့် မကစားနိုင်ရုံမက တစ်ရွာတည်းနေ မိကျင်တို့၊ မြမှုန်တို့လိုပင် ကစား ခရာ အိုးပုတ် ချိုးရုပ်တွေက အစုံအစေ့ရှိသူမဟုတ်။ ရွာအလယ်ပိုင်းမှ ဒွေနို့ချိုစပ်တော်သည့် ဘဒွေးစိန်လှ ပြုလုပ်ပေးထားသည့် အုန်းလက် နွားလေးလောက်နှင့်သာ ကစားခဲ့ရသူဖြစ်သည်။

ရှင်တုတ်လုံတို့၏ အိမ်ရှေ့ခြံထောင့်မှ ကုက္ကိုပင်ကြီးမှာ နှစ်ပေါင်းမြောက်များစွာကတည်းက ရှိနေသည့် အပင်ကြီးတစ်ပင်ဖြစ် ပြီး ပင်စည်က လူကြီး သုံးလေးယောက်ဖက်စာလောက် ကြီးမားကာ အကိုင်းခက် အခက်တွေက ခြံဝင်းကြီးတစ်ခုလုံးကိုပင် အရိပ်ရအောင် အုံ့ဆိုင်းနေလေသည်။ ထိုကုက္ကိုပင်ကြီး၏ အောက်ခြေတစ်ခုလုံးမှာလည်း ဖုထစ်နေသည့် သစ်မြစ် သစ်ဆုံ၊ သစ်ခေါင်းကြီးတွေက လူတစ်ယောက်

www.burmeseclassic.com



ဖန်တီးထားသလို ရုပ်လုံးရုပ်ကြွကြီးများသဖွယ် ဖြစ်နေသေရာ ခပ်ဝေးဝေးက အမှတ်တမဲ့ ကြည့်လျှင်ပင် ထွားကျိုင်းသန်မာသော လူကြီးတစ်ယောက် ဒူးထောက်ထိုင်နေသကဲ့သို့ ရှိလေသည်။

"အင်း .. ဒီနေရာဆိုရင် အတွား ဘယ်နည်းနဲ့မှ တွေ့မှာမဟုတ်တော့ဘူး။ ပြီးတော့ ဒီသစ်ခေါင်းကြီးက သိပ်လည်း မမြင့်တော့ ငါ့လက်နဲ့ အလွယ်လေး လှမ်းယူလို့ရတဲ့နေရာပဲ .."

ထိုနေရာသို့ ရောက်သောအခါ ရှင်တုတ်လှမှာ သူနှင့် လက်လှမ်းမီရာ အဝကျယ်သော သစ်ခေါင်းကြီးတစ်ခုကို ရွေးချယ်လိုက်ပြီး လက်ထဲမှ ကျွဲရုပ်ကို အတွင်းသို့ ဖြည်းဖြည်းချင်း ထည့်လိုက်၏။

'ကဲ .. ကျွဲကြီးရေ .. နင် ဒီသစ်ခေါင်းကြီးထဲမှာ ခဏတော့နေလိုက်ဦး၊ တော်ကြာ .. ငါ့အတွားက နင့်ကိုတွေ့သွားရင် ပေါက်ခွဲပစ်လိမ့်မယ်။ ပြီးတော့ မကြာမကြာလည်း နင့်ဆီကို ငါ လာခဲ့မယ်၊ သိလား ကျွဲကြီး ..'

ရှင်တုတ်လှမှာ သူ့ အမြတ်တနိုးနှင့် သံယောဇဉ်တွယ်မိနေသော ကစားစရာ ကျွဲရုပ်ကို ကလေးပီပီ ငါးခေါက် တတွတ်တွတ်ပြောရင်း ထိုအပင်ကြီးအနီးမှ ပြန်လှည့်ထွက်မည် ပြုလိုက်စဉ်မှာပင်

"ရှဲ .. ရှဲ .. ဖလပ်၊ ဖလပ် .."

ရုတ်တရက်ကြီးဆိုသလို ထိုကုက္ကိုပင်ကြီး၏ အကိုင်းအခက်တွေက လေထဲမှာ တလူးလူး တလွင့်လွင့်နှင့် လှုပ်ခတ်သွားကာ ဝါကျင်ကျင် ကုက္ကိုရွက်တွေက မြေပေါ်သို့ တဖြောက်ဖြောက်နှင့် ဆုတ်ပြီး ကျလာ၏။

"ဟင် .."



မိုးမရွာ လေမတိုက်ဘဲ တဆတ်ဆတ် ယိမ်းနွဲ့လှုပ်ရမ်းသွားသည့် ကုက္ကိုပင်ကြီး၏ အောက်ခြေတစ်ခုလုံးမှာ ချက်ချင်းဆိုသလို အရွက်တွေက ဖွေးဖွေးလျှပ်သွား၏။ ဒါကို ရှင်တုတ်လှက တစ်ချက်ကလေးမှ သတိမထားမိသည့်အပြင် အပင်ကြီးပေါ်မှ ဝေ့ဝဲ၍ကျလာသော ကုက္ကိုရွက်တွေကို ကလေးပီပီ လက်ခုပ်ဖြင့် အပြေးအလွှားလိုက်ဖမ်းနေလေသည်။

ထိုအချိန်မှာပင် အရိုးလေးဖွားမိုက ညနေစာအတွက် မြို့ထဲမှ သီးပင်စားပင်တွေကို စုပြုံရောကာ ဖြစ်သလို ချက်ပြုတ်ထားသည့် ဟင်းတစ်ခွက်နှင့် ထမင်းအိုးကို ခူးခပ်နေလေသည်။

□



www.burmeseclassic.com

www.burmeseclassic.com



ထိုညအဖို့ ရှင်တုတ်လုမှာ အရိုးလေးမွှာတို့၏ မယ်မယ်ရရ မဟုတ်သော ညစာကို စားပြီး စောစီးစွာ အိပ်ရာဝင်ခဲ့လေသည်။ အရိုးလေးမွှာဆိုကတော့ တစ်နေကုန် ပင်ပန်းထားခဲ့သော ဒဏ်ကြောင့် လားမသိ ခေါင်းချလိုက်သည်နှင့် ရှင်တုတ်လုဘေးတွင် တခေါခေါ ဟောက်ရင်း အိပ်ပျော်သွားလေသည်။

တကယ်တော့ သူတို့ မြွေအဘွားဇ၏ အိပ်ရာက သီးသန့်အခန်း တစ်ခုအတွင်း ရှိနေခြင်းမျိုးမဟုတ်။ ဝင်းဝိုင်းသိမ်းသည့်အခါ ထိုနေရာမှာပင် ဗျာစုတ်တစ်ချပ်ခင်းကာ အိပ်ကြခြင်းဖြစ်ပြီး ခပ်ရာ ဇာရာ မရှုပ်နှင့် တစ်ခုတည်းသောစောင်ကို မြွေအဘွားနှစ်ယောက် အတူ ခြုံကြရသည်။

"အင်း . . အခုလောက်ဆို ဖိုးကျွဲရုပ်လေးတော့ သစ်ခေါင်းထဲ မှာ ဘယ်လိုနေပါလိမ့်။ မနက်ကျမှ အဘွားမသိအောင် သွားပြီး ကြည့်ရမယ် . ."

အချိန်အတော်ကြာသည်အထိ အိပ်မပျော်နိုင်သေးသော ရှင်တုတ်လုမှာ ထင်းဟာနေသည့် သက်ကယ်အမိုးများကြားမှ လှမ်းမြင်





နေရသော ကောင်းကင်ကြီးကို ငေးကြည့်ရင်း သူမက်မောသည့် ရွှံ့ရုပ်လေးကို သတိတရဖြစ်နေလေသည်။ တစ်ချိန်တည်းမှာပဲ သူ့အတွေးတွေက ကွယ်လွန်သွားပြီဖြစ်သော သူ့အမေနှင့် အခုချိန်အထိ သေသည်လား ရှင်သည်လားပင်မသိ၊ အိမ်ပြန်မလာတော့သော ဖခင်ကိုလည်း ထိုညမှ ပိုပြီး တမ်းတနေမိလေသည်။

မကြာမီ ရှင်တုတ်လု၏ မျက်လုံးတွေက ကြယ်စုံကောင်းကင်ကြီးကိုကြည့်ကာ တဖြည်းဖြည်း မှေးစင်းလာရုံမက ဘေးမှ တခေါခေါ ဟောက်နေသည့် အဘွားဆို၏ အသံကိုလည်း မကြားတစ်ချက် ကြား တစ်ချက်နှင့် ဖြစ်လာနေ၏။

သိပ်မကြာလိုက် . . သူ့နားထဲမှာ ခွာသံလိုလို ကဆုန်ပေါက် ပြေးလာနေသော အသံတစ်ခုကို ဝိုးတဝါးနှင့် ကြားလိုက်ရ၏။

"ဟင် . ."

ထိုအသံက တဖြည်းဖြည်း နီးလာသည်နှင့် မြေပြင်တစ်ခုလုံး ဟိန်းဟိန်းထပင် တုန်ခါ၍နေလေသည်။

"အလို . . ဒါ ဘာသံပါလိမ့် . .။ ရွာလမ်းမပေါ်မှာ တစ်ယောက်ယောက် မြင်း ဒုန်းစိုင်းသွားတဲ့ အသံပဲလား . ."

မရေမရာ တွေးကြည့်နေစဉ်မှာပဲ ထိုခွာသံက သူတို့အိမ်ရှေ့ ခြံအစပ်နားလောက်မှာ ဝုံ့ခနဲ ရပ်သွားသည်ကို နားနှင့် ဆတ်ဆတ် ကြားလိုက်ရ၏၊ ထို့နောက် တရှပ်ရှပ်နှင့် ဖြည်းညင်းစွာဝင်လာသော ခွာသံကို ရှင်တုတ်လု ကြားလိုက်ရသည်။

"ဒီခွာသံက တို့အိမ်ဘက်ဆီကို ဦးတည်ပြီးလာနေတဲ့ အသံပဲ။ ညကြီးအချိန်မတော် ဘယ်သူများပါလိမ့် . ."



www.burmeseclassic.com

www.burmeseclassic.com

ယူးလိုးဘာ ရှင်တုတ်လုက ပေါက်ပြဲနေသည့် ဝါးထရံပေါက်မှ နေ၍ အိမ်ဝင်းအတွင်းသို့ ချောင်းမြောင်းပြီး ကြည့်လိုက်လေရာ ..

"အလို .."

လရောင်ဖွေးဖွေးအောက်တွင် အရွက်တစ်ရာမှ မည်းနက် ပြောင်နေသည့် ကျွဲကြီးတစ်ကောင်ကို လူတစ်ယောက်က ခွစီးသားလျက် သူတို့အိမ်ကလေးကို ခပ်လှမ်းလှမ်းမှ ရပ်ပြီး ကြည့်နေလေသည်။ ထို ကျွဲကြီး၏ ချိုနှစ်ဖက်မှာလည်း သေးသို့ ကော့ပွံ့နေသည်၊ ကျွဲပေါ်မှလူ၏ မျက်နှာကိုတော့ ဘေးဘစောင်းအနေအထားနှင့် သူ မြင်နေရ၏။

ထိုသူမှာ ပုဆိုးတစ်ထည်ကို ခေါင်းလုံးအောင်ခြုံထားပြီး အခ နှစ်ဖက်ကို မေးတွင် စုရည်ထားသဖြင့် ဖြာကျနေသော လရောင်အောက် မှာ သူ့မျက်နှာကို ထင်ထင်ရှားရှား မမြင်ရပေ ..။ သို့သော် လူလုံး လူဖန်ကတော့ သူ့အဖေ ကိုဘခေါင်လို လူရွယ်တစ်ယောက် ဖြစ်နေ ရုံမက ကျွဲပေါ် ခွစီးထားသည့် ခူးတစ်ဖက် ကွေ့ညွတ်ထားသည့် ပန်းပန် ကလည်း သူ့အဖေ ကိုဘခေါင်နှင့် တစ်ထေရာတည်း တူနေ၏။ ပြီးတော့ အမြဲလိုလို ပခုံးတစ်ဖက်မှာ ချိတ်လွယ်ထားသည့် လွယ်အိတ် ကလေးကလည်း သူ့အဖေ လွယ်နေကျအတိုင်း ပခုံးပေါ်မှာ ချပ်ချပ် ရပ်ရပ်နှင့် ရှိနေ၏။

"ဟင် .. အဖေ၊ အဖေပဲ ဖြစ်မယ် ..။ အဖေက အိမ်ကို ရောက်လာတာတောင် ငါ့ကို ဘာဖြစ်လို့ လှမ်းမခေါ်တဲ့ နေရ တာလဲ .."

ဝါးထရံပေါက်မှ ချောင်းကြည့်နေသည့် ရှင်တုတ်လုမှာ ကမျာ ကယာပင် စေ့ပိတ်ထားသော အိမ်တံခါးမကြီးမှနေ၍ ခေါင်းပြူကာ





လှမ်းကြည့်လိုက်လေသည်။ သူ့စိတ်ထဲမှာလည်း ထိုကျွဲကြီးပေါ်မှ လူမှာ သူ့အဖေသာ ဖြစ်လိမ့်မယ်ဟု တထစ်ချ ယုံကြည်နေမိ၏။

"အ ... ဖေ .."

ရုတ်တရက် သူ့ပါးစပ်မှ လှမ်းခေါ်လိုက်သည့် အသံက မျှော် လင့်ချက်တွေနှင့်အတူ ဝမ်းသာလွန်းရလွန်းသဖြင့် တုန်တုန်ယင်ယင်နှင့် ပင် ဖြစ်သွားသည်။

သို့သော် သူလှမ်းခေါ်လိုက်သည့် အသံကိုတော့ ကျွဲပေါ်မှလူ က လုံးဝ မကြားသည့်အပြင် ရှင်တုတ်လုတို့ တဲငယ်လေး၏ ခေါင်းရင်း ဘက်ဆီကို ကျွဲကြီးစီးလျက် တလှုပ်လှုပ်ဖြင့် သွားနေ၏။

"အဖေ .. အဖေ၊ သမီးလေ .. သမီး ဒီမှာ .. အဖေရဲ့ .."

အသံကိုမြှင့်ကာ ထပ်အော်လိုက်သော်လည်း ထိုကျွဲပေါ်မှလူမှာ နောက်သို့ တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ အိမ်၏ ခေါင်းရင်းဘက် သို့ ချိုးကွေ့ဝင်သွားပါ၏။

ရှင်တုတ်လုမှာ အိမ်ပေါ်မှ ကမန်းကတန်း ပြေးဆင်းရင်း ကျွဲစီးလျက် ခေါင်းရင်းဘက်သို့ ချိုးကွေ့သွားသည့် သူ့အဖေ၏နောက်သို့ အပြေးအလွှားနှင့် လိုက်လေသည်။ ပါးစပ်ကလည်း နှစ်ပေါင်း တော် တော်ကြာအောင် ခွဲခွာသွားခဲ့သည့် အဖေဖြစ်သူကို ဝမ်းပန်းတသာနှင့် တကြော်ကြော်ပင် လှမ်း၍ ခေါ်နေမိသည်။

"အဖေ .. အဖေရေ .. နေပါဦး .."

ရှင်တုတ်လု အိမ်ခေါင်းရင်းသို့ ရောက်သောအခါ ကျွဲစီးလျက် ကျော်နိုင်းသွားနေသော သူ့အဖေမှာ နောက်သို့ လုံးဝပင် လှည့်မကြည့်ဘဲ အိမ်နောက်ဘက်မှ ဘူးစင်များရှိရာ နေရာသို့ ချိုးကွေ့၍ ဝင်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဖေ .. ခဏာနေပါဦး အဖေရယ် ..။ အခု အမေပြန်လာ
သာ သမီးနဲ့အတူနေဖို့ ပြန်လာတာမဟုတ်လား .. ဟင် .."

ထိုအချိန်မှာပင် ရှင်တုတ်လု၏ ခြေလှမ်းတွေက ရှေ့မှ တမြည်းမည်း ထလွှင့်လွှင့်သွားနေသော သူ့အဖေကို မီအောင် အပြိုင်ဝင် ပြီး မြင့်လိုက်သည်။ သို့သော် ရှင်တုတ်လု၏ ခြေလှမ်းတွေ ပြန်ဆန်လာ သည်နှင့်အမျှ သူ့အဖေစီးသားသော ကျွဲကြီးမှာလည်း အိမ်ကို ပတ်ချာ လှည့်ပြီး ရှေ့က မြန်နိုင်သမျှ မြန်မြန်ပြေးနေလေသည်။

တဖြည်းဖြည်းနှင့် မောကြီးပန်းကြီး ပြေးလိုက်နေရသည့် ရှင်တုတ်လုမှာ ဝမ်းနည်းစက်လက်ဖြစ်လာပြီး အော်ဟစ်ငိုလေတော့ သည်။

"အီး ဟီး .. ဟီး အဖေ .. ရေ ..၊ သမီး အဖေနဲ့ လိုက်ခဲ့
ချင်လို့ပါ ... ခဏစောင့်ပါဦး ..။ သမီးကို မထားခဲ့ပါနဲ့ .."

ထိုအချိန်မှာပင် အိမ်အတွင်းမှ ပြေးထွက်လာသော အဘွား ဖြစ်သူ ဒေါ်ဖွားမိုမှာ သဲကြီးမဲကြီး ပြေးလိုက်နေသည့် ရှင်တုတ်လု ၏လက်ကို ဆောင့်ဆွဲကာ ဒေါသတကြီးနှင့်

"ဟဲ့ .. တုတ်လု ညည်းက ဘယ်ကိုလိုက်မှာတုန်း ...၊
လာစမ်း မလိုက်ရဘူး ...၊ ဒါ .. နင့်အဖေ မဟုတ်ဘူး .."

"ဟုတ်တယ် .. ဟုတ်တယ်၊ အဲဒါ သမီးအဖေ ...။ သမီး
အဖေနဲ့ လိုက်သွားမယ် ..။ အီး အီး ဟီး သမီးကို မထား
ခဲ့ပါနဲ့ ..."

မြေကြီးပေါ် လူးလိမ့်ရင်း ငိုနေသည့် ရှင်တုတ်လုမှာ တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ထားသည့် ဒေါ်ဖွားမို၏ လက်တွေကြောင့် မရုန်းသာဘဲ





ဖြစ်နေလေရာ ကျွဲစီးပြီး ရှေ့ကပြေးသွားသည့် သူ့အဖေ၏ကျောပြင် ကို ခပ်ဝေးဝေးသာ လှမ်းမြင်ရတော့သည်။

သိပ်မကြာလိုက်။ ရှင်တုတ်လု၏ မြင်ကွင်းထဲမှ ကျွဲစီးပြီး ထွက်ခွာသွားသည့် သူ့အဖေမှာ အမှောင်ထုအတွင်း လုံးဝ ပျောက် ကွယ်သွားလေတော့သည်။

"အီး .. ဟီး .. ဟီး .. သမီး အဖေနဲ့ လိုက်သွားမယ်။
အဖေ့ကို ခေါ်ပေးပါ .. သမီးတို့ အတူနေချင်လို့ပါ အဘွား
ရဲ့ .. အီးဟီး .. ဟီး"

"မလိုက်ရဘူး ... ဘယ်ကိုမှ မလိုက်ရဘူး ...၊ ဒီလူစိတ်
မရှိတဲ့ ညည့်အဖေရဲ့နောက်ကို ဘယ်တော့မှ မလိုက်ရဘူး"

ရင်ထဲမှ လှိုက်လှိုက်ပြီး တက်လာသည့် ဝမ်းနည်းပက်လက် အသံတွေက လည်ချောင်းဝမှာတင် မွန်းကျပ်ကျပ်ကြီး ဖြစ်နေ၏။

ထိုအချိန်မှာပင် ရှင်တုတ်လု၏ ပန်းနုစ်ဖက်ကို တဆတ်ဆတ် ဆွဲခါလှုပ်ရမ်းလိုက်သော လက်အစုံကြောင့် မျက်ရည်များဖြင့် ပြည့် နက်နေသည့် မျက်လုံးအစုံတို့က အထိတ်တလန့်နှင့် ပွင့်ဟသွား တော့သည်။

"ဟဲ့ တုတ်လု၊ တုတ်လု ..၊ ထစမ်း .. အမလေးတော် ..
တကဘည်း အိပ်မက်တွေမက်ပြီး ငိုနေလိုက်တာ ကြည့်စမ်း
ပါဦး ..."

ရုတ်တရက် ကြားလိုက်ရသော အဘွားဖြစ်သူ ဒေါ်ဖွားမို၏ အသံကြောင့် ရှင်တုတ်လုမှာ မျက်ရည်များကို လက်ဖမိုးဖြင့် ကပျာ ကယာ သုတ်လိုက်ပြီး အရှိန်မသေသေးသည့် ဝမ်းနည်းပက်လက်



www.burmeseclassic.com

www.burmeseclassic.com

လေသံဖြင့် သူ့အိပ်မက်ထဲက အဖြစ်အပျက်တွေကို ပြန်ပြောပြလိုက်၏။

"အဖေ.. အဖေလေ... သမီးတို့ဆီကို ပြန်လာတယ် အဘွားရဲ့...၊ အဖေမှ အဖေအစစ်ပါ...။ ကျွဲကြီးကို စီးပြီး သမီးကို လာခေါ်တာပဲနေမှာ.. အီး.. ဟီး... ဟီး..။ သမီးအဖေကို ရှာပေးပါ ဘွားဘွားကြီးရယ်နော်.. အဟင့်.. ဟင့်..."

ထိုအခါမှ ဒေါ်ဖွားသို့မှာ ကအယောင်ကတတ်နှင့် အိပ်မက်မက်ပြီး ငိုယိုနေသည့် မြေးမလေး ရှင်တုတ်လုကြောင့် သူ့ကိုယ်သူ ဘယ်လိုမှ မချုပ်တည်းနိုင်တော့ဘဲ ကလေးနှင့်အတူ ရောယောင်ပြီး ငိုမိလေတော့သည်။

"လူဖြစ်ဆိုးလှချေလား မြေးလေးရယ်...၊ မြေးလေးသဝကိုက ကံခေလွန်းလှပါလား...။ အမလေး... ဒုက္ခတွေကြီးလိုက်တာနော်...။ မိသန်းလှရဲ့ သေဆောင်တို့ရေ.. ငါတို့မြေးအဘွားရဲ့အဖြစ်ကိုလည်း မြင်နိုင်ရင် ကြည့်ကြစမ်းပါဦး.. တော့..၊ အီး.. ဟီး.. ဟီး.."

ထိုညအဖို့... ဒေါ်ဖွားမိုတို့ မြေးအဘွား နှစ်ယောက်တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်တွယ်ရင်းရှိုက်ကြီးတငင်နှင့် ငိုယိုနေကြသည့်အာ ဝါးအခင်းကြမ်းပြင်ကလေးပင် တသိမ့်သိမ့် တုန်ခါနေလေတော့သည်။

□







အခန်း (၄)

နေ့စဉ်ရက်ဆက်ဆိုသလို အဘွားမသိအောင် ကုက္ကိုပင်သစ်ခေါင်းကြီးထဲမှ ကျွဲရုပ်နှင့် ခိုးကြောင်ခိုးဝှက်ဆော့နေသော ရှင်တုတ်လုမှာ ထိုနေ့မှ ထူးထူးခြားခြား အိမ်ထရံမှာ ထိုးချိတ်ထားသည့် သူ့အဖေ ကိုဘခေတင်၏ ပလွေလေးကို လက်ထဲ ကိုင်လာမိ၏။

ရှင်တုတ်လုက ထရံထက်မှ ထိုပလွေကို မြင်သည်နှင့် တစ်ချိန်က ကျွဲကျောင်းသွားတိုင်း သူ့အဖေ ကိုဘခေတင် မှုတ်နေကျ သီချင်းလေးတစ်ပုဒ်ကို နားထဲမှာ အစအဆုံး ပြန်ပြီး ကြားယောင်နေမိသည်။ ဒါတင်မက အိပ်ရာဝင်တိုင်း သူ့အဖေ ကိုဘခေတင် ဆိုပြနေကျ 'လယ်တောအပြန်' ဆိုသည့် သီချင်းစာသားတွေကိုလည်း တစ်ပိုဒ်စ နှစ်ပိုဒ်စ မှတ်မိသလောက် ပါးစပ်က ပြန်ပြီး ရွတ်ဆိုကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း ရှင်တုတ်လုက သူ့ကျွဲရုပ်လေးကို သိမ်းဆည်းထားသည့် ကုက္ကိုပင်ကြီးဆီသို့ ရောက်လာ၏၊ ထိုကုက္ကိုပင်ကြီး၏ အနီးပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ခါတိုင်းလိုပင် အေးဆေးစိတ်ငြိမ်လျက် ကုက္ကိုရွက်တွေက လေတစ်ချက် တိုက်လိုက်တိုင်း တဖျောက်ဖျောက်နှင့် ကြွေကျနေလေသည်။

ထိုနေရာသို့ရောက်သည်နှင့် ရှင်တုတ်လု၏ လက်တစ်ဖက်က ကျွဲရုပ်လေးရှိရာ သစ်ခေါင်းကြီးအတွင်းသို့ လှမ်းနှိုက်ယူလိုက်လေရာ . . .

"ဟင် .. ငါ့ကျွဲရုပ်လေး မရှိတော့ပါလား . . .။ ဘယ် . . . ဘယ်ရောက်သွားပြီလဲ .."

ရုတ်တရက်ဆိုသလို ပြူးပြူးမျာမျာဖြစ်သွားသော သူ့မျက်လုံးတွေက ထိုသစ်ခေါင်းကြီးအတွင်းသို့ ငုံ့ကြည့်လိုက်ရာ သူ့ကျွဲရုပ်မှာ ထိုသစ်ခေါင်းကြီးအတွင်း အမှန်တကယ်ပင် ရှိမနေတော့သည်ကို တွေ့လိုက်ရသည်။ တစ်ချိန်တည်းမှာပဲ ပြီးခဲ့သည့်ရက်က ဒီသစ်ခေါင်းကြီးအတွင်း သိမ်းဆည်းခဲ့သည်ကိုလည်း စိတ်ကပြန်ပြီး တွေးကြည့်နေမိပြန်၏။

"ငါ မနေ့က ယူကစားပြီး ဒီနေရာမှာ သေသေချာချာကြီးကို ပြန်သိမ်းထားခဲ့တာပါ။ အခု ဘယ်လိုဖြစ်ပြီး မရှိတော့တာလဲ ..။ မဟုတ်မှလွဲရော .. ငါသိမ်းထားတဲ့ ဒီနေရာကို အသွားများ သိသွားလို့ လာယူသွားတာလား . . . ဒါလည်း မဖြစ်နိုင်ပါဘူး။ အသွားက သူ့အလုပ်နဲ့သူ ရှုပ်နေတာပဲ။ အရုပ်ကို ယူဖို့နေနေသာ ဒီနေရာကိုတောင် သိမှာမဟုတ်ဘူး . . ."





ထိုအတွေးနှင့်အတူ ရှင်တုတ်လု၏ မျက်လုံးအိမ်မှ မျက်ရည်စတွေက တစ်ခဏချင်း ပြည့်လျှံလာ၏။ ပြီးတော့ သူ့ရင်ထဲမှာလည်း ဘယ်လိုမှ ပြောမပြနိုင်လောက်အောင် ဝမ်းနည်းပက်လက် ဖြစ်ကာ ငိုမဲ့မဲ့ပင် ဖြစ်လာလေသည်။ ထို့နောက် တုန်ယင်နေသော သူမ၏ လက်ချောင်းကလေးများဖြင့် ကုက္ကိုသစ်ခေါင်းကြီးအတွင်းကို စမ်းရင်း သေချာအောင် ထပ်ပြီး ရှာဖွေပြန်သည်။

မတွေ့ . . .။

"ဟင့်အင်း .. ဟင့်အင်း .. မဖြစ်နိုင်ဘူး . . ."

အချိန်အတော်ကြာအောင် ထိုနေရာမှာပင် ခြေစုံရပ်ကာ ကြက်သေသေနေပြီး ငါးစပ်ကလည်း ဟောင်းလောင်းပွင့်ဟနေလျက်၊ ပြူးကျယ်ငိုင်းဆက်နေသော မျက်လုံးအိမ်ထဲမှ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်ပင် ကျလာသည်။ တစ်ချိန်တည်းမှာပင် သူ့မျက်လုံးတွေက ထိုကုက္ကိုပင်စည်ကြီးပေါ်မှ အခြားသစ်ခေါင်းပေါက်ဖြစ်နေသည့် နေရာတွေကိုလည်း လှည့်ပတ်ပြီး ရှာဖွေကြည့်ပြန်လေသည်။

သို့သော် .. သူ သံယောဇဉ်တွယ်တာခဲ့ရသော ကျွဲရုပ်ကလေးကိုတော့ ဘယ်လိုမှ မတွေ့ရတော့ချေ ..။

"ဧကန္တ . . . ငါ့ကျွဲရုပ်လေးကို လမ်းသွားလမ်းလာ တစ်ယောက်ယောက်ကပဲ တွေ့လို့ ယူသွားတာလား။ အင်း .. ဖြစ်တော့ မဖြစ်နိုင်ပါဘူး။ ငါ့ကျွဲရုပ်ကို သစ်ခေါင်းထဲမှာ သေသေချာချာကြီး ထည့်ထားတာ လမ်းသွားလမ်းလာက ဘယ်လိုလုပ်ပြီး မြင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် ရှင်တုတ်လု၏ အတွေးတွေက ဗလောင်ဆူပြီး ယောက်ယက်ခတ်နေကာ ကုက္ကိုပင်ကြီး၏ အမြစ်ဆုံပေါ် စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်တော့သည်။

မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားသည့်သူတစ်ယောက်နယ် သူမ၏ စိတ်ခံစားချက်တို့က လေဟာနယ်ကြီးထဲမှာ မျောလွင့်နေ၏။ ပြီးတော့ ဒီနေရာမှာ လာမထုက်ထားမိလျှင် အကောင်းသားဟုလည်း သူ့ကိုယ်သူ နောင်တရနေမိ၏။

ထို့နောက် ရှင်တုတ်လုမှာ စိတ်ပျက်လက်ပျက်ရှိသည်နှင့် လက်ထဲတွင် ဆုပ်ကိုင်ထားသော ပလွေကို ပါးစပ်တွင်တေ့ကာ ကောက်ဝံတတ်ရာရာ အသံတွေ လျှောက်မှုတ်နေလေသည်။ တကယ်တော့ ရှင်တုတ်လုမှာ သီချင်းတစ်ပုဒ်ကို ပီပီပြင်ပြင် မှုတ်တတ်သူမဟုတ်။ သူ့ရင်ဘတ်ထဲမှ လေမှုတွေကို ပါးပလွေအတွင်းသို့ မှုတ်ထုတ်ပြီး လက်ချောင်းတွေကလည်း အပေါက်တွေကို ကပေါက်တိကပေါက်ချာ လျှောက်ပြီး ပိတ်ဖွင့်နေခြင်းသာ ဖြစ်၏။

"တွိ... တွီ.. ထီး... တီ . တော်..."

ထိုအချိန်မှာပင် သူမ၏ နားခေါင်းအတွင်းသို့ တိုးဝင်လာသော အနံ့ဆိုးကြီးတစ်ခုကို ဖျတ်ခနဲ ရလိုက်မိသည်။

ထိုအနံ့ကြီးက လွန်စွာမှ ဆိုးဆိုးရွားရွား ပုပ်အဲ့နေသည့် ရွံ့ပုပ်၊ ဒိုက်ပုပ်နံ့ကြီးပင်..။

"အလို.. ဒီအနံ့ကြီးက ဘယ်ကလာတဲ့ အနံ့ကြီးလဲ.. ထွီ.. ဝေါ့.."

ပါးစပ်နှင့် တေ့ကာ မှုတ်နေသည့်ပလွေကို ကပျာကယာ



ဆွဲချွတ်လိုက်ပြီး ပျို့တက်လာသည့် ရင်ဘတ်ထဲမှ အန်ချင်စိတ်တွေကို မနည်း ကြိတ်မှိတ်နေလိုက်ရသည်။

ထိုအနံ့ဆိုးကြီးကို ရှူရှိုက်လိုက်မိသည်နှင့် တစ်ပြိုင်နက် သူ့နားထဲမှာ သစ်ရွက်ခြောက်တွေကို ချိုးချိုးချွတ်ချွတ် တက်နင်းလိုက်သံကို ကြားလိုက်ရ၏။

တစ်ချိန်တည်းမှာပဲ ထိုအသံတွေနှင့်အတူ တရှူးရှူးနှင့် နှာမှုတ်သံကြီးကိုလည်း နားနှင့် ဆတ်ဆတ်ပင် ကြားလိုက်ရပြန်၏။

"ရှူး.. ရှူး.. ဖရှူး.."

တကယ်တော့ ရှင်တုတ်လု၏ နောက်ကျောဘက်မှ မြို့နွယ် ပိတ်ပေါင်းများကြား လွန်စွာမှကြီးမားသော ကျွဲကြီးတစ်ကောင်က သူမကို စူးစူးစိုက်စိုက် ကြည့်နေသည်ကိုတော့ ရှင်တုတ်လုတစ်ယောက် တစ်စက်ကလေးမှပင် မသိ။

"ရှူး.. ဖရှူး.. ရှူး.."

ဒီတစ်ကြိမ်.. လေမှုတွေက သူမ၏ နားရွက်နောက်ဖျားကို နွေးနွေးကြီး လာပြီး ထိတွေ့သွား၏။

အဲသည်အချိန်မှာပဲ ရှင်တုတ်လုက သူကျောမှီထားရော ကုက္ကိုပင်ကြီးဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေရာ..

"ဟင်..."

သူ့မျက်လုံးတွေက ဝင်းခနဲ လက်ခနဲ တောက်ပသွား၏။ ပါးစပ်ကလည်း ယောင်ယမ်းပြီး ပွင့်ဟသွားရုံမက လက်ထဲမှ ပလွေလေးပင် လွတ်ကျသွားသည်ကို သတိမပြုမိဘဲ ဖြစ်သွားရလေသည်။

သူမြင်လိုက်ရသည့် မြင်ကွင်းကတော့...



www.burmeseclassic.com

www.burmeseclassic.com



ဓောခစောက သူ့ လက်လွတ်ဆုံးရှုံးသွားပြီဟု ထင်လိုက်မိသည့် ကားစာရော ကျွဲရုပ်လေးပင် ဖြစ်နေ၏။

"ဟယ် . . ."

ထိုကျွဲရုပ်ကလေးက သူ့ သည်းသည်းမဲမဲနိုက်ပြီး ရှာဖွေနေသည့် သစ်ခေါင်းခေါက်ကြီး၏အောက်မှာပင် မလှုပ်မယှက်နှင့် ရှိနေ၏။

ဝင်းသောရောင်နှင့်သဖြင့် အသားတွေက တစေတ်ဆတ် တုန်ယင်နေကာ မြင်ကွင်းဆဲမှ ကျွဲရုပ်လေးက ရောင်စုံအစက်အပြောက်တွေ ရှုပ်ရှက်လည်နေသလိုပင် ဖြစ်နေ၏။ ထိုအစက်အပြောက်တွေက သူ့နှင့် ဝေးသွားလိုက်၊ နီးလာလိုက်နှင့်ပင် ဖြစ်နေကာ တစ်ခဏအတွင်းမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို သတိလက်လွတ်ဖြစ်သွားမတတ် မှင်သက်ဝေးကြောင်မိနေသည်။

"ဟယ် . . ကျွဲကြီးရယ် . . နင် ဘယ်ပျောက်သွားနေရတာလဲ . . ငါ့မှာ ဒီတစ်သက် နင့်ကို မတွေ့ရတော့ဘူးလို့ အောက်မေ့နေတာ . . နင် တကယ် ငါ့ဆီ ပြန်လာတယ်နော်၊ ဝမ်းသာလိုက်တာ . . ဟယ် . ."

ရှင်တုတ်လှမှာ ကလေးပီပီ ပါးစပ်က ထိုကျွဲရုပ်ကို စကားတွေ တတွတ်တွတ်ပြောရင်း မျက်ခမ်း ကောက်ယူကာ သူ့ရင်ဘတ်ထဲတွင် တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားမိလေသည်၊ တစ်ချိန်တည်းမှာပင် စောစောက မျက်စိမှောက်မှားပြီး ရှာဖွေနေမိသည့် သူ့ကိုယ်သူမလည်း မြင်ပြီး အပြစ်တင်နေမိသည်။

"ဒီလောက် မြင်ကွင်းက အရှင်းသားကြီးကိုတောင် ငါ့မျက်လုံးတွေက ဘာကြောင့် မမြင်ရတာလဲ . . ။ အေးလေ . . အရုပ်ကလည်း အနက်ရောင် . . ကုက္ကိုပင်ကြီးကလည်း ညိုမွဲမွဲဆိုတော့ မျက်စိမှားချင်လည်း မှားမှာပေါ့ . . . ဘာပဲပြောပြော ငါ့အရုပ်ကလေး ပျောက်မသွားတာကပဲ တော်လှပြီ . . ."

ထိုအချိန်မှာပင် . . .

ရှင်တုတ်လှ၏ လက်ထဲတွင် ပွေ့ဖက်ထားသော ကျွဲရုပ်လေး၏ သွေးရောင်ခြယ်ထားသည့် မျက်လုံးတစ်စုံက ဖျတ်ခနဲ ပုတ်ခတ်လှုပ်ရှားသွားသည်ကိုတော့ ရှင်တုတ်လှတစ်ယောက် ဘယ်လိုမှ မမြင်လိုက်မိချေ . . . ။


❑





www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

''ဟဲ့ တုတ်လု ... နင့်လက်ထဲက ကျွဲရုပ်က ပြီးခဲ့တဲ့ ညသျှစ်ပင်ရွာ ဘုရားပွဲမှာ ဝယ်လာခဲ့တာ မဟုတ်လား ..''

ညွှန့်၏အလယ်က ကလေးချင်း မိုလ်လုနေကျလေသံလို ကျွတ်ဆတ်ဆတ်နိုင်လှ၏။ သူ့မျက်လုံးတွေကလည်း ရှင်တုတ်လု၏လက်ထဲတွင် ဆုပ်ကိုင်ထားသော ကျွဲရုပ်ကလေးကို တစ်လှည့် သူ့လက်ထဲမှ ကျွဲရုပ်ကို တစ်လှည့်ကြည့်ကာ တစ်ခုခု ပြောချင်နေပုံရ၏။

''အေး ဟုတ်တယ်လေ .. အဲဒါ ဘာဖြစ်သလဲ ...''

ရှင်တုတ်လုက တခ်ချွာတည်းနေ ညွှန့်တို့ အုပ်စုနှင့်အတူ အေးနေကျမဟုတ်သော်လည်း အခုလို အခါကြီး ရက်ကြီးနေ့မျိုးဆိုရင်တော့ အတွဲဖြစ်သူ ဒေါ်ဖွားမိ ဥပုသ်စောင့် သီလယူရာ ရွာဦးကျောင်းသို့ လိုက်ပါလာရင်း ကျောင်းဝင်းထဲမှာ ညွှန့်တို့နှင့် ဆုံလေ့ရှိ၏။ သူမလိုပင် ညွှန့်တို့ကလေးတစ်သိုက်ကလည်း လူကြီးတွေ ကျောင်းပေါ်မှာ သီလယူနေချိန်တွင် ကျယ်ဝန်းသော ကျောင်းဝင်းကြီးအတွင်း နည်းမျိုးစုံနှင့် ဆော့ကစားဖို့ အလိုလို စုရုံးပြီးသားဖြစ်နေ၏။

ထိုကလေးများထဲမှ စိန်တင်ကတော့ ညွှန့်တို့လို မဟုတ်၊ နေ့ကြီးရက်ကြီးလည်း မရှောင်၊ ဥပုသ်ရက်လည်း မရှောင်၊ လေးခွတစ်လက်ဖြင့် ရွာထဲကာလှည့်ပြီး ငှက်ပစ်ထွက်နေလေရာ အများကလေးတွေလို ရွာဦးဘုန်းကြီးကျောင်းဘက်သို့ ခြေဦးပင် မလှည့်မိဘဲ ဖြစ်နေလေသည်။

ထို့နောက် ညွှန့်က

''နင့်ကျွဲနဲ့ ငါ့ကျွဲကို ထွေနိုင်းမလား ..''

''ဘာ ..''

ရုတ်တရက်ပြောလိုက်သော ညွှန့်၏စကားကြောင့် ရှင်တုတ်လုမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွား၏။ ထို့နောက် ရှင်တုတ်လုက ပြာပြာသလဲ အသံတွေနှင့်

''ဟင့်အင်း .. မထွေနိုင်ပါဘူး ...။ မတော်လို့ ငါ့ကျွဲရုပ်တစ်ခုခု ကျိုးပဲ့သွားရင် ဘယ်လိုလုပ်မလဲ ..''

ထိုအခါမှ ညွှန့်အပြင် အခြားကလေးများမှာလည်း ကျွဲရုပ်ကို ဆုပ်ကိုင်ထားသော ရှင်တုတ်လုအား မခံချင်အောင် အမျိုးမျိုး အော်ဟစ်နောက်ပြောင်နေကြသည်။

''စကြောက်ကြီးပေ့ ... စကြောက်ကြီး ..။ သူ့ကျွဲက စကြောက်ကြီး''

ညွှန့်ကတော့ ထိုသို့မဟုတ်၊ ရှင်တုတ်လု လက်ထဲမှ ကျွဲရုပ်ကို မျက်စိက မခွာဘဲ ဖွတ်အတင်းပင် ထွေဖို့ပြောနေပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လဲဟာ . . . ကျိုးပဲ့သွားတော့လည်း ငါ့အဖေကို နောက်တစ်ရှူပ် ပြန်ဝယ်နိုင်မှာပေါ့ . . . ဘာခက်တာမှတ်လို့"

"ငါ့အတွေးကတော့ ဝယ်ပေးမှာ မဟုတ်ဘူး။ ဒီအရုပ်လေး တောင် ဘာ့အဖွား ဖိုးဖျားက ငါ့ကို သနားလို့ပေးလိုက်တာဟဲ့ . . ။ ပြီးတော့ ငါ့အတွေးကလည်း ဘာ့အဖွား ဖိုးဖျားကို ပိုက်ဆံမပေး နိုင်လို့ ခြံကထွက်တဲ့ အသီးအနှံတွေနဲ့ လဲပြီးယူထားလိုက်ရတာ . . ဒီအရုပ်ကျိုးသွားရင် နောက်တစ်ရုပ်ရဖို့ မလွယ်ဘူး"

ရှင်တုတ်လု ဘယ်လောက်ပဲ ပြောနေပြောနေ ညွန့်ကတော့ အစကတည်းက ကလေးချင်း ပိုသိကျွမ်းနေကျဖြစ်လေရာ ရှင်တုတ်လု၏ ကျွဲရုပ်နှင့် ဆော့ဖို့သာ မရမက အတင်းပြောဆိုနေ၏။ ညွန့်ဘေးမှ အခြားကလေးများမှာလည်း ညွန့်ကို မြှောက်ပင့်ပြောဆိုရုံမက ရှင်တုတ်လုကိုလည်း မခံချင်အောင် အမျိုးမျိုး စနောက်ပြောဆိုနေကြ လေသည်။

"အလကား . . . သူ့ကျွဲက စကြောက်ကြီးပါကွာ။ ညွန့် ကျွဲကမှ ဒီရွာမှာ ဒိုလ် . ."

"ကြောက်မယ်ဆိုလည်း ကြောက်စရာ . . ကွ . . ။ ညွန့်ကျွဲရဲ့ ချိုကြီးကိုလည်း ကြည့်ပါဦး . . နည်းတဲ့ဟာကြီးမှ မဟုတ်တာ ဟား ဟား ဟား . . ."

တစ်ယောက်တစ်ပေါက်တွေ ဝိုင်းပြီး ပြောဆိုနေကြသည့် အသံတွေကြားမှာတော့ ရှင်တုတ်လု၏ မျက်လုံးတွေက ပေကလပ် ပေကလပ်နှင့် အလိုလိုနေရင်းလည်း ရင်ထဲမှာ ဝမ်းနည်းသလို ဖြစ် လာ၏။





ထိုကလေးများထဲမှ မိကျင်နှင့် မြမွန်တို့လို မိန်းကလေးတွေ က ညွန့်တို့ကို မျက်စောင်းထိုးရင်း ရှင်တုတ်လုဘက်မှ ဝိုင်းဆန်ရန်လုပ် ပေးကြ၏။

"ဟဲ့ . . ညွန့်၊ သူက မဆော့ချင်ပါဘူးလို့ ပြောနေတာ နင်တို့ က ဘာဖြစ်နေတာလဲ . ."

"လာ . . တုတ်လု၊ အဲဒီကောင်တွေနဲ့ ဖက်ပြီး ပြောမနေနဲ့။ ငါတို့ဘာသာ ကျောင်းအောက်မှာ သွားဆော့မယ် . ."

ထိုအချိန်မှာပင် ရှင်တုတ်လု၏လက်ထဲမှာ ပွေ့ပိုက်ထားသော ကျွဲရုပ်ကို ညွန့်က ဆတ်ခနဲ လုယူလိုက်ပြီး မချိမချဉ်မျက်နှာဖြင့် လက်နှစ်ဖက်ကိုမြှောက်ကာ ရှင်တုတ်လုတို့ဘေးတွင် လှည့်ပတ်ပြီး ပြေးနေ၏။

"ဝေး . . ဟေး . . ဟေး . . ၊ ရပြီ . ရပြီဟေ့ . ."

ထိုအခါမှ ရှင်တုတ်လုမှာလည်း ခြေနှစ်ဖက်ကို မြေကြီးပေါ်မှာ တဘုန်းဘုန်းဆောင့်ရင်း အော်ဟစ် ငိုယိုလေတော့သည်။

"အီး . . ဟီး ဟီး . . ငါ့အရုပ် ပြန်ပေး . . ငါ့ကျွဲရုပ် ပြန်ပေး . . အီး ဟီး ဟီး . ."

သို့သော် ညွန့်တို့ကတော့ တစ်ချက်ကလေးမှ ဂရုမစိုက်ဘဲ လက်ထဲမှ ကျွဲရုပ်နှစ်ရုပ်ကို ဘုန်းကြီးကျောင်းဝင်းအတွင်းမှ မြေပြောင် ပြောင်ပေါ်တွင် ခေါင်းချင်းဆိုင်လျက် ဆော့တိုက်ရန် ချိန်ရွယ်နေကြလေ သည်။

ညွန့်၏ဘေးမှာ ဝိုင်းဖွဲ့နေကြသော အခြားကလေးများမှာ လည်း ထိုအခါမှ ဆူဆူညံညံတွေ အော်ဟစ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဝေး..."

"ဟေး..ဟေး..."

"ညွှန့်ကျွဲကွ..၊ ညွှန့်ကျွဲ.."

ကျွက်ကျွက်ညံအောင် ဝိုင်းဝန်းအော်ဟစ်နေချိန်တွင်တော့ ခေါင်းချင်းတော့ဆိုင်ထားသော ညွှန့်လက်ထဲမှ ကျွဲရုပ်နှစ်ရုပ်မှာ တစ်ခုနှင့်တစ်ခု ထိပင်မထိရသေးဘဲ ကျွဲရုပ်တစ်ရုပ်၏ ချိုတစ်ဖက်က 'ဖျောက်' ခနဲပင် ကျိုးပဲ့သွားသည်။ ထိုကျိုးပဲ့သွားသော ကျွဲရုပ်ကတော့ ညွှန့်၏ ကျွဲရုပ်ပင်...။

"ဟင်.."

"ဟာ..ဖွေ့ဝေတင် မတွေ့ရသေးဘဲ ငါ့ကျွဲရဲ့ချိုက ဘာကြောင့် ကျိုးသွားရတာလဲ.."

ရုတ်တရက်ကြီးဆိုသလို တစ်ချက်ကလေးမျှ မထွေ့ထိုက်လိုက်ရဘဲ ကျိုးပဲ့သွားသည့် သူ့ကျွဲ၏ ချိုတစ်ဖက်ကိုကြည့်ကာ ညွှန့်တစ်ယောက် ပါးစပ်အဟောင်းသားနှင့် ငေးကြောင်နေမိ၏။

ထိုအခါမှ ဘေးက အခြားကလေးများမှာလည်း ပွဲမစခင် အရှုံးနှင့် ရင်ဆိုင်သွားရသည့် ညွှန့်၏ကျွဲကို အော်ဟစ်လှောင်ပြောင်ကြလေသည်။

"ဟား ဟား ဟား..ညွှန့်ကျွဲကြီး ချိုကျိုးသွားပြီဟေ့.."

"ဝေး..ဟေး ဟေး..ညွှန့်ကျွဲကြီး ရှုံးသွားပြီ.."

"မင်းကျွဲက အသေကားကျွဲ..ဒါလေးတောင် နိုင်အောင်မထွေ့နိုင်ဘူး..ဟား..ဟား..ဟား.."

ရှင်တုတ်လှမှာလည်း သူ့မျက်စိရှေ့မှာတင် ဖြစ်ပျက်သွားသော



အဖြစ်အပျက်ကြောင့် မျက်ရည်စတွေကို လက်ဖမိုးဖြင့်

သုတ်လိုက်ပြီး တအံ့တဩနှင့် ရေရွတ်လိုက်မိ၏။

"ဟင်...၊ တော်တော် ထူးဆန်းတာပဲ။ ငါ့ကျွဲက [illegible] ရဘဲ သူ့ကျွဲရဲ့ချိုက ဘာကြောင့် ကျိုးသွားရတာလဲ.."

ရှင်တုတ်လှ၏ဘေးမှ မိကျင်နှင့် မြမှုန်တို့မှာ အစကတည်းက ညွှန့်တို့အုပ်စုကို မျက်မုန်းကျိုးနေကြသူတွေဖြစ်ရာ သာသာယိုးယိုးတွေနှင့် ဝင်ပြီး ပြောဆိုလိုက်ကြသည်။

"ကောင်းတယ်..သူများကို အနိုင်ကျင့်ပြီး မတရားလုပ်လို့ နင့်အရုပ် ပျက်စီးသွားတာ..၊ ဒီလောက်ဖြစ်တာ နည်းတောင် နည်းသေး..."

ညွှန့်ကတော့ ချိုတစ်ဖက် ကျိုးပဲ့သွားသည့် သူ့ကျွဲရုပ်လေးကို ကောက်ယူကာ ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း ဘာပြောလို့ ပြောရမှန်းမသိ..။ အံ့ဩမဆုံးပင် ဖြစ်နေမိသည်။

ထိုအချိန်မှာပဲ.. ကျောင်းဧကကားပေါ်မှ ဆင်းလာသော ကိုရင်ကြီး ဝိမလက..

"ဟဲ့ ကလေးတွေ..ဆူလှချေလား...။ အပေါ်မှာ ဆရာတော် သီလပေးနေတုန်း နင်တို့ ဘာတွေ ဆူနေကြတာလဲ..တိတ်တိတ်နေကြစမ်း.."

ထိုအခါမှ ညွှန့်ဘေးမှာ ရပ်ကြည့်နေသည့် ကလေးများထဲမှ ဘုန်းကြီးကျောင်းသားတစ်ယောက်က သူ့အပြစ် လွတ်ရာလွတ်ကြောင်း ဝင်ပြောလိုက်သည်။

"ညွှန့်ကျွဲနဲ့ တုတ်လှကျွဲတို့ တိုက်မလို့လုပ်နေတုန်း ညွှန့်



www.burmeseclassic.com

www.burmeseclassic.com

ကျွဲရုပ်ရဲ့ချိုကြီးတစ်ဖက် ကျိုးသွားလို့ပါ ဘုရား"

ရှင်တုတ်လုကလည်း ထိုအခါမှ ကိုရင်ကြီး ဝိမလကို ငိုကြီးချက်မနှင့် တိုင်တန်းပြောဆိုလေတော့သည်။

"တပည့်တော်ရဲ့အရုပ်ကို ညွှန့်ရယ် အတင်းလုယူပြီး သူ့ကျွဲရုပ်နဲ့ ဇွတ်နိုင်းတာပါ ဘုရား အီး .. ဟီး .. ဟီး"

"ဟဲ့ကောင် ညွှန့် မင်းက ဘာအနိုင်ကျင့်ချင်ရတာလဲ။ အခု ချက်ချင်း တုတ်လုအရုပ်ကို ပြန်ပေးလိုက်စမ်း။ မင်းတော့ နော်.. ဒါ ဆရာတော်ကို လျှောက်လိုက်ရင် ကြိမ်နဲ့ အဆော်ခံထိတော့မယ်"

ကိုရင်ကြီးဝိမလ၏မာန်မဲခြောက်လှန့်လိုက်သည့် အသံကြောင့် ညွှန့်မှာ သူ့လက်တစ်ဖက်တွင် ဆုပ်ကိုင်ထားသည့် ရှင်တုတ်လု၏ ကျွဲရုပ်ကို မကျေမနပ်နှင့် ပြန်ပေးလိုက်၏။

ထို့နောက် ညွှန့်မှာ ကိုရင်ကြီး ဝိမလကို လက်အုပ်နှစ်ဖက်ချီလျက် ...

"တပည့်တော် နောက်မလုပ်တော့ပါဘူး ဘုရား .."

ဟုဆိုကာ ချိုကျိုးသွားသော သူ့ကျွဲရုပ်ကို ကောက်ယူပြီး ကျောင်းဝင်းထဲမှ ခပ်သုတ်သုတ် ပြေးထွက်သွားလေတော့သည်။ တကယ်တော့ ညွှန့်၏စိတ်ထဲမှာ ထိုကိစ္စကို မကျေမနပ်ဖြစ်ရသည်ထက် မခွဲမတိုက်လိုက်ရဘဲ ကျိုးပဲ့သွားသည့် သူ့ကျွဲရုပ်၏အဖြစ်ကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေမိလေသည်။

□





"ဒါ ဘယ်လိုဖြစ်ပြီး ကျိုးသွားရတာလဲ။ ငါ့ကျွဲရုပ်က အကောင်းကြီးပါ။ ပြီးတော့ ကျိုးသွားတဲ့ ချိုတစ်ဖက်ကလည်း တုတ်တုတ်ခိုင်ခိုင်ကြီး ဖြစ်ရဲ့သားနဲ့ .."

တစ်နုံနုံတွေးရင်း လယ်ကွင်းတွေကို ဖြတ်လျှောက်လာသည့် ညွှန့်၏စိတ်တွေက ဘာကို မကျေမနပ်ဖြစ်နေမှန်း မသိ၊ 'တောက်' တခေါက်ခေါက်နှင့် ဖြစ်နေ၏။ ပြီးတော့ လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ချိုကျိုးနေသော သူ့ကျွဲရုပ်မှာလည်း သွေးသားတွေက အရင်လိုမဟုတ် ကွက်တိကွက်ကြားဖြစ်နေကာ အရောင်အဆင်းက မွဲခြောက်ခြောက်နှင့် အကြည့်ရဆိုးနေလေသည်။

ထိုအချိန်မှာပင် ညွှန့်၏နောက်မှ ကပ်ပြီးလိုက်လာသည့် ခြေသံတစ်ခုကို ကြားလိုက်ရလေသည်။ ထိုအသံကြောင့် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေရာ ...

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ကျောတွင် ကပ်လျက် မတ်တတ်ရပ်ပြီး စိုက်ကြည့်နေသည့် လွယ်အိတ်တစ်လုံးနှင့် အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရလေသည်။

ထိုသူကား အခြားမဟုတ် သိုက်ဆရာ ဦးဝတင်ပင် ..။

ညွှန့်ကတော့ တစ်ကြိမ်တစ်ခါမှ မြင်ဖူးခြင်းမရှိသော ဦးဝတင်၏မျက်နှာကို သေချာစွာ စိုက်ကြည့်လျက် ထိုနေရာမှာပင် မတ်တတ်ရပ်ကာ ကြောင်အမ်းအမ်းနှင့် ဖြစ်နေ၏။

သိုက်ဆရာဦးဝတင်မှာ ညွှန့်လက်ထဲမှ ကျွဲရုပ်ကို မြင်လိုက်သည်နှင့် မနေနိုင်မထိုင်နိုင် လောဘစိတ်တွေ ရှန်းကြွလာ၏။

"ဟင် .. ဒီ .. ဒီသူငယ်ရဲ့လက်ထဲမှာ ကိုင်ထားတဲ့ အရုပ်က .. ငါ့ဝစ္စည်းမြှုပ်ထားတဲ့အရုပ်ပဲ နေမှာ .. သေချာတယ် ..။ အလို .. အရုပ်က ချိုတစ်ဖက်တောင် ကျိုးနေပါပကော လား ..၊ ဘုရားဘုရား တော်သေးပါရဲ့ .. အရုပ်တစ်ခုလုံးများ ကျိုးပဲ့သွားရင် .."

ဦးဝတင်က .. လိုချင်တပ်မက်နေသည့် သူ၏ လောဘစိတ်ကို မျိုသိပ်ကာ လေသံကိုမှန်အောင် နေညှိထိန်းရင်း

"လူလေး .. မင်းလက်ထဲက အရုပ်က ဘာအရုပ်များလဲ ကွဲ့ .."

သည်အချိန်ကတည်းက နောက်က တကောက်ကောက် လိုက်ပါလာမှန်းမသိသော ဦးဝတင်၏ မျက်လုံးတွေက ညွှန့်လက်ထဲမှ အရုပ်ကိုကြည့်ရင်း အရောင်တဖိတ်ဖိတ်တောက်နေ၏။



ညွှန့်ကလည်း လက်ထဲမှကျွဲရုပ်ကို တစ်လှည့် သူ့ရှေ့မှာ မားမားကြီးရပ်နေသည့် ဦးဝတင်ကိုတစ်လှည့် ကြည့်ကာ နားမလည်နိုင်သော အမူအရာများဖြင့်

"ဒါ .. ကစားစရာ အရုပ်ပါဗျ ..၊ ဦးကြီးက ဘာဖြစ်လို့ မေးတာလဲ .."

ရုတ်တရက် ပြန်မေးလိုက်သော ညွှန့်၏စကားကြောင့် ဦးဝတင်မှာ လောဘစိတ်ကြောင့် ပုံပျက်ပန်းပျက်ဖြစ်နေသော သူ၏ မျက်နှာအမူအရာကို ချက်ချင်း ပြန်ပြင်လိုက်ပြီး ..

"အို .. ဟို .. ဟို .. ဘာ .. ဘာမှ မ .. မဖြစ်ပါဘူး လူလေး ရယ် ..၊ အဲဒီ အရုပ်ကလေးကို .. ဘဘကြီးက ခဏ .. ကိုင် .. ကိုင်ကြည့်ချင်လို့ပါ .."

ဦးဝတင်၏ မှုမှန်မဟုတ်သော လေသံကြောင့် ညွှန့်၏ စိတ်က အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ဒီလူကြီးက ငါ့အရုပ်ကို ဘာကြောင့် ကိုင်ကြည့်ချင်ရတာ လဲ ..၊ ပြီးတော့ သူ့ပုံစံကြည့်ရတာ .. စိတ်မချရတဲ့ လူ တစ်ယောက်တော့ ဟုတ်ပုံမရဘူး ..၊ ဒါ .. ဘာသဘောနဲ့ ငါ့ဆီက တောင်းနေရတာလဲ .."

ညွှန့်၏အတွေးတွေ ယောက်ယက်ခတ်နေစဉ်မှာပင် .. ဦးဝတင်၏ မျက်လုံးတွေက မလှမ်းမကမ်းရှိ ထိန်တောရွာဘက် ဆီသို့ အကဲခတ်သလိုလိုနှင့် ဟိုဟိုသည်သည် လှမ်းလှမ်းပြီးကြည့်နေ၏။ ထို့နောက် ဦးဝတင်က ..



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ လူလေးရယ်.. လူလေးကို ဘဘကြီး မုန့်ဖိုးပေးမယ်
.. ဘဘကြီးကို အဲဒီအရုပ်ရောင်းလိုက်.. ဟုတ်ပြီလား.."

ထိုစကားကို ကြားလိုက်ရသည်နှင့် ညွှန့်မှာ သွားနားကိုပင် သူ မယုံနိုင်လောက်အောင် ဖြစ်သွားပေ၏။ သူအံ့ဩလွန်းလဲ အံ့ဩစရာ.. ယခုကဲ့သို့ ချိုတစ်ဖက်ကျိုးနေသော အရုပ်ကိုမှ ထိုလူကြီးက ပိုက်ဆံပေးပြီး ဝယ်နေသည်မှာ သူ့အတွက် အိပ်မက်တစ်ခု မက်နေသလိုပင် ဖြစ်နေ၏။

ပြီးတော့ ညွှန့်ကိုယ်တိုင်ကလည်း ချိုတစ်ဖက်ကျိုးနေသည့် အင်္ဂါမစုံတော့သော အရုပ်ကို အစကတည်းက မနှစ်မြို့တော့သည် ဖြစ်လေရာ ထိုလူကြီးအား ငွေကြေးတစ်စုံတစ်ရာနှင့် ရောင်းလိုက်ရန် အကြံပေါ်လေသည်။

ထိုအချိန်မှာပင် ဦးဝတင်က သူ၏ လွယ်အိတ်ကြီးအတွင်းမှ ငွေအကြွေစတွေကို နှိုက်ယူကာ..

"ရော့.. လူလေး မုန့်ဖိုးတစ်မူးယူကွာ...၊ အို.. ရှုပ်ပါတယ် ရော့ တစ်ကျပ်..၊ ဒီလိုအရုပ်မျိုးတွေ အများကြီး ထပ်ဝယ်လို့ရတယ် သိလား.."

ဟုဆိုကာ ညွှန့်၏ လက်ဖဝါးထဲသို့ ငွေအကြွေစတွေကို အတင်းထည့်ပေးလေသည်။

တကယ်တော့ ဦးဝတင်ပေးသည့် ငွေတစ်ကျပ် မဆိုထားနှင့် ညွှန့်လက်ထဲမှ အရုပ်က ငွေတစ်ပဲထက်ပင် ပိုပြီး တန်ဖိုးမရှိ၊ ထိုခေတ်က ငွေသားတစ်ကျပ်ဆိုသည်မှာလည်း.. ညွှန့်တို့လို ကလေးအရွယ် အဖို့ လွန်စွာမှ များပြားလှသည့် ငွေကြေးဖြစ်လေရာ ဦးဝတင် လိုချင်





နေသည့် ကျွဲရုပ်ကို ညွှန့်က ချက်ချင်းပင် သဘောတူပြီး ရောင်းလိုက်လေသည်။

ထို့နောက် ညွှန့်က လက်ထဲမှာဆုပ်ကိုင်ထားသော ငွေတစ်ကျပ်ကို ကြည့်ကာ ဝမ်းပန်းတသာနှင့်

"ဦးကြီး လိုချင်တယ်ဆိုရင်.. ကျုပ်သူငယ်ချင်း စိန်တင်နဲ့ ရှင်တုတ်လှတို့ဆီမှာလည်း ဒီလို ကျွဲရုပ်မျိုးတွေ ရှိသေးတယ်ဗျ.."

ဟု မဆိုင်းမတွပင် ထပ်ပြီး ပြောလိုက်လေရာ ဦးဝတင်၏ မျက်လုံးများမှာ ဝင်းခနဲလက်ခနဲ ဖြစ်သွားပြီး..

"ဘာ.. ဘယ်လို.. လူလေးရဲ့ သူငယ်ချင်းတွေဆီမှာလည်း ရှိသေးတယ် ဟုတ်လား.."

"ဟုတ်တယ်.. ကျုပ်တို့ ထိန်တောရွာက စိန်တင်နဲ့ ရှင်တုတ်လှတို့ဆီမှာလည်း ဒီလိုအရုပ်တွေ ရှိသေးတယ်.."

ထိုအခါ ဦးဝတင်မှာ ညွှန့်၏သူငယ်ချင်းများဖြစ်သော စိန်တင်နှင့် ရှင်တုတ်လှတို့ ကစားလေ့ရှိသည့် နေရာတွေကို မသိမသာ စုံစမ်းမေးမြန်းလေရာ ညွှန့်ကလည်း အကွယ်အဝှက်မရှိဘဲ အမှန်အတိုင်းပင် ပြောပြလိုက်လေသည်။

ထို့နောက် ညွှန့်မှာ ဦးဝတင်၏လက်ထဲသို့ သူ၏ ချိုကျိုးနေသော ကျွဲရုပ်ကို ကပျာကယာ ထည့်ပေးလိုက်ပြီး ငွေတစ်ကျပ်ကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကာ.. သူ့ အဖော်တွေရှိရာသို့ ဝမ်းသာအားရနှင့် သုတ်ခြေတင်ပြီး ပြန်ပြေးတော့သည်။



www.burmeseclassic.com

သိုက်ဆရာ ဦးဝတင်ကတော့ ညှော်နံ့တစ်ယောက် ဖုန်တသောသောနှင့် ပြေးသွားရာကို မျက်စိတစ်ဆုံးကြည့်နေရာမှ ညှော်နံ့ မြင်ကွင်းထဲက ပျောက်သွားသည်နှင့် တစ်ပြိုင်နက် .. သူ့လက်ထဲမှ ကျွဲရှပ်ကို မြေပြောင်ပြောင်ပေါ်တွင် ပစ်ပေါက်ခွဲလိုက်လေတော့သည်။

"ခွမ်း ..."

"ဟင် .."

ထို ကြေမွသွားသော ကျွဲရှပ်လေး အတွင်းမှာတော့ သူ အပတ်တကုတ် လိုက်လံရှာဖွေနေသည့်အရာကား လုံးဝရှိမနေသည်ကို စိတ်ပျက်လက်ပျက်နှင့် တွေ့လိုက်ရလေတော့သည်။

□





# အခန်း (၆)

ဝင်လုဆဲဆဲ နေရောင်အောက်တွင် .. အစိတဝင်းဝင်းနှင့် ဖြစ်နေသော ဖိုးနီတို့လေးယောက်၏ မျက်နှာတွေက ရေပ်ကြမ်းပြင်ပေါ် မှာလိမ့်နေသော သောက်ပြီးသား အရက်ပုလင်းခွံတွေလို ပြောင်လက်နေသည်။ဒီတစ်ကြိမ် ထပ်ပြီးဖွင့်လိုက်သည့် တောအရက်က အမြည်း မပါဘဲ သောက်နေရ၍လားမသိ .. ဖိုးနီအပါအဝင် ကုလားကြီးတင်ဌေး၊ သိန်းဖေနှင့် တက်လှတို့လေးယောက်စလုံး၏ မျက်နှာတွေက ရှုံ့မဲ့နေကြသည်။

"မယုံးမီးရှို့ဖို့ .. ငါ့လူတို့ရ ..၊ ငါတို့သာ မသိတာ .. ဟောဟို သဖန်းရှုရွာဘက်မှာ ဒီသတင်းက ကလေးရော ခွေးရော အကုန်သိ .."

တောအရက်၏အရှိန်ဖြင့် လျှာလေး အာလေးနှင့် ပြောနေသော ဖိုးနီ၏စကားကြောင့် ကုလားကြီးတင်ဌေးနှင့် သိန်းဖေတို့က ဘာ

www.burmeseclassic.com



တစ်ခွန်းမှ ဝင်ပြီး မပြောကြသော်လည်း ယောက်ျားကတော့ စကားအများကို ဆိုလိုအခေါက်ရှုပြီး ပေါက်တီးပေါက်ရှာ ပြောတတ်သည့် ဥစ္စာအတိုင်း

"မင်းကလည်း.. ဒီသဖန်းစုရွာဆိုတာ.. ငါတို့ ငယ်ငယ်ကတည်းက ကျွဲကျောင်းရင်း၊ ဂုက်ပစ်ရင်း သွားလာနေခဲ့တဲ့ မြေရာတွေကိုထပ်လို့..၊ အခု မင်းပြောတဲ့ စေတီပျက်ဆိုတဲ့ ကုန်းကမူ နေရာကို.. တွေ့ဖို့မပြောနဲ့ ကြားတောင် မကြားဖူးဘူး..၊ အလကား လျှောက်ပြောမနေနဲ့.."

သူတို့ပြောဆိုနေသည့် အကြောင်းအရာတွေက ပြီးခဲ့သည့် လေးငါးဆယ်ရက်က သဖန်းစုရွာမှာ အုတ်အော်သောင်းနင်း ဖြစ်သွားခဲ့သည့် သိုက်ဆရာတစ်ယောက် စေတီဟောင်းနေရာမှာ ဌာပနာသာ ဖောက်ယူသည့် ကိစ္စပင်ဖြစ်သည်။

"မင်းကသာ မယုံတာ.. ဌာပနာပစ္စည်း ဖောက်ယူပြီး ပြေးတဲ့လူက ပြေးပြီ.. တက်လူ.."

"ဒါကလည်း.. မျက်မြင်သက်သေမရှိဘဲ ဗိုးနီရာ..၊ အခုဟာက ဒီစေတီဟောင်းနေရာမှာ အဲဒီသိုက်ဆရာဆိုလား..၊ ဘာဆိုလား လူက တစ်ခုခုလာလုပ်တာ နေမှာ.. အဲဒါကို သဖန်းစု ရွာသားတွေက တမင်အကွက်ခင်ပြီး ပွဲဆူအောင် လုပ်ကြတာပါကွာ.. ဘာမှမဟုတ်ပါဘူး.."

သည်လိုနှင့် သူတို့ အရက်ဝိုင်း စကားတွေက ထိုနေ့ညမှာပင် ဝေ့လည်ကာ အစ်ကြောင်းထပ်နေ၏။ သူတို့နှစ်ယောက်နှင့် အတူ ဝိုင်းထိုင်ပြီး သောက်နေသည့် ကုလားကြီးတင်ငွေနှင့် သိန်းဖေတို့ကတော့ ဇရပ်ဆိုး၏ ကြမ်းပြင်ပေါ်တွင် ဘယ်အချိန်ကတည်းက အမူးလွန်



ပြီး အိပ်ပျော်သွားကြသည်မသိ.. တုတ်တုတ်မျှ မလှုပ်တော့ချေ။ တကယ်တော့ သူတို့လေးယောက်မှာ ထိန်တောရွာတွင်မွေး၊ ထိန်တောရွာမှာ ကြီးပြီး လည်ပင်းအက်ပေါင်းလာကြသည့် ငယ်ပေါင်းကြီးဖော်တွေ ဖြစ်ကြရုံမက.. ဆိုးသည့်မိုက်သည့် နေရာမှာလည်း ကမ်းကုန်ကြသူတွေ ဖြစ်၏။

သူတို့အထဲမှ ကုလားကြီးတင်ငွေကတော့ အသားက မည်းသလောက် လှုံ့ပန်းသဏ္ဌာန်ကလည်း အမွေးအမှင်များနှင့် ထွားကျိုင်းသန်မာသူဖြစ်သဖြင့် အားလုံးက သူ့ကို ကုလားကြီးဟုသာ နောက်ပြောင်ပြီး ခေါ်ကြသည်။ အခုလည်း ပုဆိုးက ပေါင်ရင်းသို့တိုင် လန်နေလျက် ပေးလုံးခြောက်ဖက် ခန္ဓာကိုယ်ကြီးနှင့် စောစီးစွာ မူးပြီး အိပ်ပျော်သွားသည့် ကုလားကြီးကိုကြည့်ကာ ဗိုးနီတစ်ယောက် စချင် နောက်ချင်စိတ်တွေက ပေါ်လာ၏။

သို့သော် ကုလားကြီးကို စ နောက်ဖို့ နေနေသာ.. သူ့ကိုယ်သူပင် ဘယ်လိုမှ မထိန်းနိုင်လောက်အောင် မူးနေပြီဖြစ်သော ဗိုးနီမှာ ဇရပ်ဆိုကြမ်းပြင်ပေါ်တွင် ပက်လက်ကြီးဖြစ်နေ၏။ တစ်ချိန်တည်းမှာပဲ စောစောက သူနှင့် စကားနိုင်လု ပြောဆိုနေသော တက်လူမှာလည်း.. ဇရပ်ထိုင်ကို မှီကာ ခေါက်ကျိုးကျနေပြီ ဖြစ်လေသည်။

သိပ်မကြာလိုက်.. ပုလင်းထဲမှ လက်ကျန်အရက်တွေကိုပင် ကုန်အောင်မသောက်နိုင်တော့ဘဲ သူတို့လေးယောက်စလုံး ဇရပ်ပေါ်တွင် အိပ်ပျော်သွားကြလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အချိန်ဘယ်လောက်ကြာကြာ မူးပြီး အိပ်ပျော်သွားသည်မသိ။ တဆစ်ဆစ်ကိုက်ခဲနေသည့် မျက်ခွံတွေကို ကြိုးစားပြီး ဖွင့်ကြည့်လိုက်တော့ ဖိုးနီ၏ ဝိုင်းဝိုင်းစက်စက်မျက်လုံးတွေထဲမှာ ဇရပ်အိုထဲ၌ ပေါက်ပြဲနေသော အမိုးသွပ်ပြားတွေကို လှမ်းမြင်နေရသည်။

ထိုအမိုးသွပ်ပြား အပေါက်အပြဲတွေကြားမှ ဖြာဦးကျနေသည့် လရောင်က ဇရပ်အိုထဲ၌ ကြမ်းပြင်တစ်ခုလုံး ပြောက်တိပြောက်ကျားနှင့် ယိမ်းယိမ်းလှုပ်လှုပ်ဖြစ်နေ၏။

"အား . . ကျွတ် . . ကျွတ် . ."

ဖိုးနီက တဒိတ်ဒိတ်တိုးအောင့်နေသော ဦးခေါင်းတစ်ခုလုံးကို မနည်း မတ်တရင်း ထထိုင်ရန် ကြိုးစားလိုက်၏။ တစ်ချိန်တည်းမှာပင် ဘေးတွင် သူနှင့်အတူ မူးမူးနှင့် အိပ်ပျော်နေကြသော ကျွန်ုပ်တို့သုံးယောက်ကို အမှောင်ထဲမှာ မျက်လုံးဖွေပြီး ကြည့်လိုက်သည်။

သူ့ဘေးမှာ ခွေခွေလေးအိပ်နေသည့် တက်လူနှင့် မလှမ်းမကမ်းမှာ ဒူးထောင်ပေါင်ကားကြီးအိပ်နေသော ကုလားကြီးတင်ငွေတို့ကို တွေ့လိုက်ရ၏။ ထိုအထဲမှ သိန်းဖေကတော့ ဘယ်အချိန် ထပြန်သွားသည်မသိ . . စောစောက သူအိပ်နေသည့်နေရာမှာ မတွေ့ရတော့ . .။





"ဟင် . . ဟိုကောင် သိန်းဖေတစ်ယောက် . . ဘယ်အချိန် ထပြန်သွားပါလိမ့် . ."

ဘာကယ်တမ်း သူတို့ အရက်ဝိုင်းဖွဲ့သောက်နေသည့် ဇရပ်အိုမှာ ထိန်တောရွာနှင့် သစမ်းစုရွာကြားတွင် ရှိနေပြီး နေ့ဘက်ဆိုလျှင် ထိန်တောရွာအစွန်မှ ရွာဦးကျောင်း၏ ခေါင်မိုးနီနီနှင့် ပြာသာဒ်ကို ထိုဇရပ်မှ လှမ်းပြီး မြင်နိုင်ရုံလောက်သာ ကွာဝေးလေသည်။

"ကျွတ် . . ကျွတ် . . အား . ."

ဖိုးနီမှာ တဆစ်ဆစ်ထိုးကိုက်နေသည့် သူ့နားထင်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ညှစ်ဖိထားရင်း တညည်းညည်းတညူညူ ဖြစ်နေ၏။ ထို့နောက် . . ဖိုးနီက ပုလင်းထဲမှ လက်ကျန်အရက်ကို မျက်စိမှိတ်ကာ တစ်ငုံနှစ်ငုံ မော့သောက်လိုက်ပြီး သူ့ဘေးမှာ ခွေခွေလေး အိပ်ပျော်နေသည့် တက်လူကို ခြေထောက်ဖြင့် ကန်ပြီး နှိုးလိုက်၏။

"ဟေ့ကောင် . . ဟေ့ကောင် တက်လူ . .၊ ထ . . ထ . . ပြန်ကြမယ် . .၊ မိုးတောင် အတော်ချုပ်နေပြီ . ."

"အင် . ."

တက်လူမှာ . . ဖိုးနီ နှိုးလိုက်သည်နှင့် အင်ခနဲ တစ်ချက်ထူးပြီး ဇရပ်ကြမ်းပြင်ပေါ် ငူငူကြီးထပြီး ထိုင်လိုက်၏။ သို့သော် . . သူ့မျက်လုံးတွေက ဘယ်လိုမှ အရှိန်မသေသေးသလို ခန္ဓာကိုယ်ကြီးကလည်း ဘယ်ညာ လှုပ်ယိမ်းနေ၏။

တစ်ချိန်တည်းမှာပဲ ဖိုးနီက ခပ်လှမ်းလှမ်းတွင် ဒူးနှစ်ဖက်ကို ထောင်ပြီး အိပ်ပျော်နေသော ကုလားကြီးတင်ငွေကိုလည်း နှိုးရန် ထိုင်ရာမှ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ဖိုးနီမှာ ရေပတ်ဝန်းကျင်ကြီး တစ်ခုလုံးကို မျှော်လိုးမျှော်ပြီး ကြည့်လိုက်၏။ ရေအိုကြမ်းပြင်ပေါ်မှာ ကွက်ထိကွက်ကြားကျနေသော လရောင်မှလွဲ၍ အရာအားလုံးက မိုးတဝါး မပီမသနှင့် ရှိနေ၏။ သူမြင်နေရသည့် ပုဆိုးဆလာနှင့် ကုလားကြီး၏ ထောင်ထားသော ဒူးနှစ်ချောင်းမှာလည်း လရောင်အောက်တွင် အမွေးအမှင်တွေ ရေမျှစ်နှင့်ဖြစ်နေကာ ခန္ဓာကိုယ်အပေါ်ပိုင်းက အမှောင်အောက်သို့ တိုးဝင်နေလေရာ.. ဘယ်လိုမှ မမြင်ရဘဲ ဖြစ်နေသည်။

"ဟေ့အကောင်.. ကုလားကြီး..။ ကုလားကြီး.. ထ ထ..၊ မြန်မြန်ကြမယ်..မင်း ကြီးတော်အိပ် မဟုတ်ဘူး.. ကုလားသေ.. ကုလားမော အိပ်မနေနဲ့.."

ပါးစပ်က ပြောပြောဆိုဆိုနှင့် ဖိုးနီက ကုလားကြီး၏ ထောင်ထားသော ဒူးနှစ်ဖက်ကို ခြေဖြင့် ကန်လိုက်၏။ သို့သော် ကုလားကြီးကတော့ တုတ်တုတ်မျှပင် မလှုပ်ဘဲ..အိပ်မောကျလျက်ပင် ရှိနေသည်။

ထိုအခါမှ ဖိုးနီမှာ သူ၏ နောက်တဝတ်ပြောင်တဝတ်သော အကျင့်အတိုင်း ..ရေပိုအိုသေးမှ ကောက်ရိုးနှစ်မျှင်သုံးမျှင်ကို သွားကောက်ယူလာကာ.. ကုလားကြီး၏ ခြေမနှင့် ခြေညှိုးနှစ်ချောင်းကို မှုးချည်လိုက်ပြီး မီးနှင့်မြှိုက်ရှို့ရန် လုပ်လေသည်။

ထိုသို့ ဖိုးနီတစ်ယောက် ကုလားကြီးတင်ငွေ၏ ခြေထောက်ကို မီးရှို့ရန် လုပ်နေသည်ကိုတော့ တက်လူက ခပ်လှမ်းလှမ်းမှ အမူးမပြေသေးသော မျက်လုံးတွေနှင့် ငူငူကြီး လှမ်းကြည့်နေလေသည်။

ထိုအချိန်မှာပင် ဖိုးနီ၏လက်ထဲမှ မီးခြစ်က ဖျတ်ခနဲ လင်းလာက်သွားပြီး ကုလားကြီးတင်ငွေ၏ ခြေချောင်းများကြားမှ ကောက်ရိုး





မျှင်တွေကို မီးရှို့လိုက်လေသည်။

ပါးစပ်ကို လက်နှင့်ပိတ်ကာ တခွိုးခွိုး ရယ်မောနေကြသော ဖိုးနီနှင့် တက်လူတို့မှာ မီးလောင်ပြီး တဖျစ်ဖျစ်တိုဝင်သွားသော ကုလားကြီး၏ ခြေထောက်မည်းမည်းကြီးပေါ်မှ အမွေးအမှင်တွေကိုကြည့်ရင်း ဘယ်အချိန် တဝူးဝူးတဝါးဝါး နိုးလာမည်လည်းဆိုသည်ကိုသာ ခပ်လှမ်းလှမ်းမှ စောင့်နေပါကြ၏။

သို့သော်...

ကောက်ရိုးမျှင်များသာ ပြာအဖြစ်သို့ ရောက်သွားသော်လည်း ကုလားကြီးကတော့ တုတ်တုတ်မျှ မလှုပ်ဘဲ ဒူးနှစ်ဖက်က ထောင်မြဲထောင်လျက်ပင်..။

"ဟင်.. ဘယ်လိုဖြစ်တာလဲ.."

"ဒီကောင့်အရေက ထူလှချည်လား.."

ပါးစပ်က မကျေမနပ်တွေပြောဆိုရင်း ဖိုးနီနှင့် တက်လူတို့မှာ ထိုအနားသို့ တဖြည်းဖြည်းချင်း တိုးကပ်သွားလေရာ.. ကုလားကြီး၏ ထောင်ထားသော ဒူးနှစ်ဖက်မှာ ရုတ်တရက် လှုပ်ရှားသွားလေသည်။

"ဟီးဟီး..၊ နိုးလာပြီ.. နိုးလာပြီ.."

တစ်ဆက်တည်းမှာပင်..

ကုလားကြီးတင်ငွေထောင်ထားသော ဒူးနှစ်ဖက်၏နောက် အမှောင်ထုထဲမှ လွန်စွာမှကြီးမားသော ကျွဲကြီးတစ်ကောင်က ထရှူးရှူးတရှဲရှဲဖြင့် နှာမှုတ်ကာ ခေါင်းကြီးထောင်ထလာ၏။

"ဟင်.."

"ဟာ.."



www.burmeseclassic.com

www.burmeseclassic.com

ထိုမြင်ကွင်းကို ကြည့်ရင်း ကြက်သေသေနေမိသည့် ဖိုးနီနှင့် တက်လူတို့နှစ်ယောက်မှာ . . တစ်ယောက်လက်ကို တစ်ယောက် ယောင်ယမ်းပြီး ဆုပ်ကိုင်ထားမိကြလေသည်။

ကြီးမားလှသော်နိုင်သော ချိုကြီးနှစ်ဖက်ကို ဘယ်ညာယိမ်းခတ် လိုက်သည်မှာ ဇရပ်အိုး၏ တိုင်လုံးတွေကို တဒုန်းဒုန်းနှင့်ဆောင့်မိကာ သိမ့်ခနဲ သိမ့်ခနဲပင် ဖြစ်နေ၏။

သူတို့နှစ်ယောက် ပါးစပ်အဟောင်းသားနှင့် တအံ့တဩ ကြည့် နေစဉ်မှာပဲ ထိုကျွဲကြီးက ရှေ့သို့ အားယူပြီး ကုန်းသေလာလေရာ ဆောဆောက ကုလားကြီး၏ခြေထောက်ဟု ထင်မိသော ဒူးခေါင်းကြီး နှစ်ဖက်က ကျွဲ၏ ပီးပြွက်ခံထားရသော ရှေ့ခြေထောက်ကြီးနှစ်ဖက် ဖြစ်နေသည်ကို သွေးပျက်လုမမန်း တွေ့လိုက်ရလေတော့သည်။

"အာ . . အား . . "

"ပြေး . . ပြေး . . ကျွဲ . . ကျွဲသရဲ . . ကြီး . . "

အာခေါင်ကိုခြစ်ပြီး အော်လိုက်သည့် သူတို့နှစ်ယောက်၏ အသံက ညည်းမှောင်နေသော ဇရပ်ထဲမှာ ကျွက်ကျွက်ညံသွားသည်။ တစ်ချိန်တည်းမှာပဲ သောက်ဆားသည့် အရက်တွေက ချက်ချင်းပင် အမူးပြေသွားကာ ဝရုန်းသုန်းကားတွေဖြင့် ဇရပ်ပေါ်မှ ခုန်ချပြီး ခြေဦး တည့်ရာကို စွတ်ရွတ်ပြေးကြလေသည်။

"အမလေး . . ကယ် . . ကယ်ကြပါဦးဗျို့ . . ၊ ဒီ . . ဒီမှာ . . "

"သ . . သရဲ . . သရဲ . . ကျွဲသရဲကြီး . . အမလေး . . ဗျ . . ၊ ကယ်ကြပါဦး . . ဗျို့ . . "





သွေးရူးသွေးတမ်းတွေနှင့် အော်မိအော်ရာတွေ အော်ကာ ခြေကုန်သုတ်ပြီး ပြေးကြသည့် ဖိုးနီနှင့် တက်လူတို့၏ နောက်ကျောမှ ဇရပ်အိုကြီးပေါ်တွင်တော့ အလွန်တရာမှကြီးမားသော ကျွဲကြီးက ချိုကွေးကွေးကြီးနှစ်ဖက်ကို ယမ်းခါလျက် ဝုန်းဒိုင်းကျဲ လိုက်ပါလာလေ သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



"ဟော..ဟဲ..ဟောဟဲ..အ..အမလေး.. ကယ်ကြပါဦး.."

"လာ..ကြ..ပါဦး..ဗျို့..ကျုပ်တို့နောက်ကို ကျွဲကြီးတစ်ကောင် လိုက်တွေ့နေလို့.."

သွေးရူးသွေးတမ်းတွေနှင့် အော်ဟစ်လိုက်ကြသည့် ဒုတို့နှစ်ယောက်၏ အသံတွေက ရွာလမ်းမတစ်လျှောက် ကာလပျက်သသို့ ကျက်ကျက်ညံသွား၏။ တက်လူကတော့ ခါးမှာဝတ်ထားသည့်ပုဆိုးပင် ဘယ်နေရာ ကျွတ်ကျန်ခဲ့မှန်းမသိ.. ပါးစပ်က အမြှုပ်တစီစီထွက်ကာ အသက်ကို မနည်းလုပြီး ပြေးဝင်လာ၏။

ထိုအခါမှ ထိန်တောရွာအတွင်း အိပ်မောကျစပြုနေသော ရွာသားတွေမှာ အထိတ်တလန့်တွေနှင့် ဖြစ်ကုန်ကြပြီး တုတ်ဆွဲ.. ဓားဆွဲဖြင့် ရွာလမ်းမပေါ် ပြေးထွက်လာကြသည်။ ယောကျ်ားသား မရှိသော အချို့အိမ်တွေကလည်း ဘာရယ်ညာရယ် မကွဲမပြားနှင့် နားစွန်နားဖျားကြားပြီး အိမ်တံခါးပေါက်တွေကို တဒုန်းဒုန်း တဂိုင်းဂိုင်းနှင့် ခွဲပိတ်ကြ၏။

တစ်ခဏအတွင်းမှာပင် ခွေးဟောင်သံတွေ လူညံသူသံတွေအပြင် ဖိုးနီနှင့် တက်လူတို့၏ အသံသေအသံကြောင် အော်ဟစ်အကူအညီတောင်းနေသည့် အသံတွေကလည်း မှောင်နှင့်မည်းမည်းထဲမှာ သောသောညံနေသည်။





"တယ်..တယ်ကြပါဦး..ဗျို့..၊ ကျုပ်တို့ နောက်..နောက်မှာ.."

"အမလေး..ဟောဟဲ..ဟောဟဲ.."

မှောင်ကြီးမည်းကြီးထဲမှာ အသံတွေသာ ကြားနေရပြီး ဘယ်သူ ဘယ်ဝါတွေမှန်းမသိသော ရွာသားတွေမှာ တစ်ယောက်ကို တစ်ယောက် ပြေးရင်းလွှားရင်းနှင့် မေးနေကြ၏။

"ဘယ်သူတွေလဲ ဟေ့..."

"ဘယ်ဘက်ကို ပြေးသွားကြတာလဲ.."

"ဟောဟိုမှာ..ဟောဟိုမှာ..ဖိုးနီတို့အုပ်စု ထင်တယ်.."

"တောက်..၊ ဒီကောင်တွေ ဘာဖြစ်လာကြပြန်ပြီလဲ.."

ရွာအလယ်မှ လှည်းလမ်းကြောင်းပေါ် အလဲလဲအပြိုပြိုတွေဖြစ်နေသော ဖိုးနီနှင့် တက်လူတို့မှာ ဝိုင်းအုံလာကြသော လူစုကြီးကို ဘာတစ်ခွန်းမှပင် ပြန်မပြောနိုင်ဘဲ အသက်ကိုသာ မနည်းဆအောင် ရှူနေကြ၏။

မကြာမီ..အမောဆို့နေသည့် ဗလုံးဗထွေးလေသံတွေဖြင့်

"နောက်..နောက်မှာ ကျွဲ..ကျွဲသခဲကြီး လိုက်..လိုက်လာလို့.."

"လုပ်..လုပ်..လုပ်ပါဦး..ကျုပ်တို့နောက်ကို ကျွဲ..ကြီး လိုက်လာနေပြီ.."

ဟု အူယားဖားယားတွေ ပြောဆိုရင်း မျက်နှာတွေက အလွန်အမင်း ကြောက်လန့်မှု နေကြလေသည်။

ထိုကြားလိုက်ရသည့် စကားကြောင့် တုတ်..တွေ၊ ဓားတွေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြသော လူစုကြီးမှာလည်း နားမလည်နိုင်အောင် [illegible]ကြပြီး ..

"ဟင် .."

"ဘာ .."

"ဘယ်က ကျွဲသရဲလဲ .."

လူအုပ်ကြီးမှာ ချက်ချင်းဆိုသလို ဗိုးနီတို့ ပြေးဝင်လာရာ ဗြာထိပ်ခေါင်သို့ ပျာပျာသလဲနှင့် လှမ်းပြီးကြည့်ကြ၏။ အချို့ကလည်း .. သူကြီးသန့်ခေါင် .. မှုန်မှုန်ရှူးရှူးတွေနှင့် ဘယ်ကဘယ်လို ပြန်လာကြမှန်း မသိသည့် ဗိုးနီတို့နှစ်ယောက်ကို .. ကြည့်ကာ .. မကျေမနပ် တွေနှင့် ဝင်ပြောကြ၏။

"အလကားပါကွာ .. ဒီကောင်တွေ မှုန်ရှူးရှူးတွေနဲ့ လျှောက် ပြောနေကြတာပါ .."

"အေးလေ .. ဒီလောက်မူးနေတော့ .. သူတို့မျက်လုံးတွေက မဟုတ်တမ်းတရုပ်းတွေမြင်ပြီး လျှောက်အော်ဘာနေမှာ ပေါ့ .."

"အလကားကောင်တွေပါကွာ .. ရွာမှာ ရှုပ်အောင်လုပ်တဲ့ ကောင်တွေ .."

တစ်ယောက်တစ်ပေါက် မှတ်ချက်ချရင်း အပြစ်တင်စကားတွေ ပြောနေကြသည့် လူအချို့ကတော့ လှည်းလမ်းကြောင်းပေါ်မှာ အရုပ် ကြီးပြတ်တွေ လဲပြိုနေကြသော ဗိုးနီတို့ကို နည်းနည်းမှ အယုံအကြည် မရှိကြဘဲ .. ထိုနေရာမှ လှည့်ပြန်ရန် ကျောပေးနိုင်းလိုက်ကြသည်။

ထိုအချိန်မှာပင် .. လူအုပ်ကြီးကြားမှ တိုးထွေ့ထွက်လာသော ကုလားကြီးတင်ငွေနှင့် သိန်းဖေတို့မှာ .. ဗိုးနီနှင့် တက်လူတို့ နှစ်ယောက် ကို ကြည့်ရင်း၊ ဘယ်က စဖေးလို့မေးရမှန်းပင် မသိ .. ဖြစ်နေကြ၏။ ဗိုးနီနှင့် ထက်လူကလည်း ကုလားကြီးတို့ နှစ်ယောက်ကို မြင်လိုက် သည်နှင့် ..

"ဟင် .. မင်း .. မင်းတို့နှစ်ယောက်က .."

ဗိုးနီ၏ စကားတွေက အထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်နေကာ ကုလားကြီးတင်ငွေ၏ မျက်နှာကိုလည်း လက်ညှိုးထိုးလျက် .. တုန်တုန် ယင်ယင်ဖြင့် စိုက်ကြည့်နေ၏။

ထိုစဉ်မှာပင် ကုလားကြီးတင်ငွေက ..

"ငါနဲ့ .. သိန်းဖေတို့ ရွာပြန်ရောက်နေတာ အတော်တောင် ကြာပြီကွ ..၊ ကြည့်လိုက်တော့ မင်းနဲ့ တက်လူတို့က ဝေရှူးရှူးနဲ့ အိပ်မောကျနေလို့ ငါတို့နှစ်ယောက်က တမင် မနှိုးဘဲ ထားခဲ့တာ ..၊ ဒါနဲ့ နေပါဦး .. မင်းတို့နှစ်ယောက်က အခု ဘာတွေဖြစ်လာခဲ့ကြတာလဲ .."

ဗိုးနီနှင့် တက်လူတို့နှစ်ယောက်မှာ ကုလားကြီးတင်ငွေ၏ စကားကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ပြန်ကြည့်လိုက် ကြရင်း ..

"ငါ .. ငါတို့ ဇရပ်ပေါ်မှာ ဒူးနှစ်ဖက်ထောင်ပြီး အိပ်နေတာ မင်းမှတ်လို့ ခြေထောက်ကို မီးနဲ့သွားရှို့တာ .. အဲဒီ ခြေ .. ခြေထောက်ကြီးနှစ်ဖက် .."

ထိုအခါမှ နားမလည်နိုင်အောင်ဖြစ်နေသော ကုလားကြီးနှင့် သိန်းဖေတို့မှာ ..





www.burmeseclassic.com

www.burmeseclassic.com

"ဟင်..ဘယ်ခြေထောက်ကြီးလဲ..၊ ဘယ်ခြေထောက်ကြီး ကို ပြောတာလဲ.."

သူတို့လေးယောက် ပြောဆိုနေကြသည့် အဖြစ်အပျက်တွေကို အခုအချိန်အထိ မပြန်နိုင်ကြသေးသော လှေအုပ်ကြီးက စိတ်ဝင်တစားနှင့် ခပ်လှမ်းလှမ်းမှ မယောင်မလည် နားထောင်နေကြ၏။ ဗိုနီနှင့် တက်လှတို့မှာလည်း ထိုအခါမှ ထစ်ကိုယ်လုံး ပေကျံနေသည့် ဖုန်တွေကို လက်နှင့် တဖျန်းဖျန်း ခါလိုက်ရင်း လှူးလဲပြီးတော့..

"အဲဒီခြေထောက်ကြီးက..သရဲခြေထောက်ကြီးဗျ.."

ဟုဆိုကာ..သူတို့နှစ်ယောက်က ကုလားကြီး၏ခြေထောက်နှင့် မှားပြီး ထိုအမွှေးအမှင်များ ဗရပွစ်ဖြစ်နေသော ခြေထောက်မည်းမည်းကြီး ကို မီးရှို့ခဲ့ပုံကို အသဲတယားယားနှင့် ပြန်ပြောပြလိုက်၏၊ ဒါ့အပြင် ထို လူခြေထောက်ကြီးနှစ်ဖက်မှာ အလွန်ထူးဆန်းသော ကျွဲကြီး၏ ရှေ့ခြေနှစ်ချောင်း ဖြစ်နေပြီး သူတို့နောက်ကနေ တရေမန်းကြမ်း လိုက်လာပုံကို ကြက်သီးမွေးညင်းတွေ တဖျန်းဖျန်း ထရင်း ပြန်ပြောပြလိုက်တော့၏။

"ဟင်.."

ထိုအခါမှ ကုလားကြီးရော သိန်းဖေပါက တောနာ မယောင်မလည်နှင့် ရပ်ကြည့်နေကြသော ရွာသားများမှာ တအံ့တသြနှင့် ဖောက်ချည်လှည်သွားကြ၏၊

"ဟုတ်တယ်ချို့..ဟုတ်တယ်..၊ ကျုပ်လည်း ဟိုတစ်ခါက အခု ဗိုးနီတို့ပြောတဲ့ လူခြေထောက်နဲ့ ကျွဲကြီး လိုက်လို့ သေလုမျောပါး ပြေးခဲ့ဖူးတယ်.."





ရုတ်တရက်ကြားလိုက်ရသော လှေအုပ်ကြီးထဲမှ အသံကြောင့် အားလုံးက အသံလာရာကို လှမ်းကြည့်လိုက်ကြသည်။ ထိုအသံမှာ တစ်ချိန်က ညအချိန်မတော် ရွာသို့ပြန်ရောက်ကာမှ နာနာဘာဝ ကျွဲကြီးနှင့် ပက်ပင်းတိုးခဲ့ရပြီး သေပြေးရှင်ပြေး ပြေးခဲ့ရသည့် ကိုသာခင်၏ အသံပင်..။

"ဘာ..ဘယ်လို.."

"ဗျာ..၊ ဒီ..ဒီကောင်တွေနောက်ကို လိုက်လာတဲ့ ကျွဲသရဲကို ခင်ဗျားလည်း တွေ့ဖူးတယ်..ဟုတ်လား ကိုသာခင်.."

ရွာသားများမှာ ထိုအခါမှ မသောက်မစားဘဲ မှိုင်ရှိုးအေးအေးနေသူ ကိုသာခင်တစ်ယောက်ကပါ ထိုအဖြစ်အပျက်မျိုးကြီး တွေ့ဖူးကြုံဖူးသည်ဟု ဆိုသောအခါ ..အလွန်ပင် အံ့သြမဆုံး ဖြစ်ကုန်ကြ၏။

"ဟုတ်ပ့ါဗျာ..တွေ့ဖူးရုံတင် ဘယ်ကမလဲ..ကျုပ်နောက်ကို လိုက်လို့ သေလုမျောပါးကို ပြေးခဲ့ရတာ..ဟောဒမှာ ကြည့် ပြေးရင်းလွှားရင်း ငုတ်နဲ့ပစ်တိုက်မိတဲ့ ဒဏ်ရာတောင် ကျွက်ခါစရှိသေးတယ်.."

ဟုဆိုကာ သူ့ပုဆိုးကို ဒူးပေါ် ဆွဲမတင်ရင်း ညို့သကျည်းမှ အမာရွတ်ကို လှန်ပြလိုက်၏။ ထို့နောက် သူ တစ်ချိန်က အခုလို ညကြီးအချိန်မတော် ပြန်လာရာမှ အဝီးလေးဖွားမိုတို့ ခြံရှေ့ ကုက္ကိုပင်ကြီးနား အရောက် လွှမ်းစွာမှ ကြီးမားသော ကျွဲကြီးတစ်ကောင်ကို ဖြုန်းခနဲတွေ့လိုက်ရပုံနှင့် ထိုကျွဲကြီး၏ ရှေ့ခြေထောက်နှစ်ချောင်းမှာလည်း အမွှေးအမှင်တွေ ထူထပ်စွာပေါက်နေသည့် ထူးဆန်းသော လူခြေထောက်ကြီးနှစ်ဖက် ဖြစ်နေကြောင်း အသည်းတယားယားနှင့် ပြန်ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသာဒင်၏ စကားမဆုံးမီမှာပင် . . လှေအုပ်ထဲမှ ကျွဲကျောင်းသား ကိုဖိုးမောင်ကလည်း စကားခြတ်ပြီ အသေအယက် ဝင်ပြောပြန်၏။

"ဟုတ်တယ်ဗျို့ . . ကျုပ်လည်း ခင်ဗျားတို့တွေ့ဖူးတဲ့ ကျွဲသရဲများ ဖြစ်နေမလား မဆိုနိုင်ဘူး . . ကျုပ်ကျွဲ အောက်မှာပြီး ကျောပေါ်ခွစီးမိလျှက်သားကြီး ဖြစ်နေတာ . .၊ စောစောက ကိုကြီးသာဒင်ပြောတဲ့ ရွှေခြေထောက်ကြီးနှစ်ချောင်းက လူခြေထောက်ကြီးနှစ်ဖက် ဖြစ်နေတာလားဗျာ . . ကျုပ်ဖြင့် ကြောက်လွန်းလို့ ချွေးတွေ . . သေးတွေကို ပါရော . . "

ထိုအခါမှ တစ်ယောက်မျက်နှာကိုတစ်ယောက် ကွက်ကြည့်ကွက်ကြည့်တွေ ဖြစ်ကုန်ကြသော ထိန်တောရွာသားတွေမှာ . . အလွန်အမင်း အံ့အားသင့်သွားကြရုံမက တုန်လှုပ်ခြောက်ချားမှုတွေကိုပါ တစ်ပြိုင်နက်တည်း ခံစားလိုက်ရလေသည်၊

"နို နေပါဦး . . မောင်ဖိုးမောင်ရဲ့ . . စောစောက သာဒင် ပြောတော့ ကျွဲကြီးက အကြီးကြီးဆို . . မင်းနယ် ဘယ်လိုများ မင့်ကျွဲနဲ့ မှားပြီး ကျောပေါ်ခွစီးရတာလဲ . . "

ထိန်တောရွာ၏ သူကြီးဖြစ်သူ ဘကြီးသာစန်းက ရေနံဆီမီးခွက်ရောင်ကို မျက်လုံးရှေ့တွင် လက်ခြင့်ကာရင်း ကိုဖိုးမောင်ကို ထပ်ပြီး မေးလိုက်ပြန်၏။

"ဒီလိုဗျ . . ဘကြီးသာဆန်းရဲ့ . . ဒီကျွဲက သာမန်ကျွဲ တစ်ကောင် မဟုတ်ဘူးလေ . .၊ မကောင်းဆိုးရွားဖြစ်နေလေတော့ ခန္ဓာကိုယ်အတွာဘောကြီးကို လိုသလို ဖန်ထီးနိုင်တာပေါ့ . .၊ ပြီးတော့ ဒီ နာနာဘာဝကျွဲကြီးက ကျုပ်ကျွဲ





တွေနဲ့ အတူရောနေတာဆိုတော့ အားလုံးက အရွယ်အစားတူတွေကြီး ဖြစ်နေတာ . . ဘယ်မှာသွားပြီး ခန့်မှန်းနိုင်မှာလဲ . .၊ ကျုပ်ကျွဲပဲ အောက်မေ့တာပေါ့ . . "

ထို့နောက် . . ကိုဖိုးမောင်မှာ သူ စီးလာမိသည့် ကျွဲကြီးပေါ်မှ ခုန်ချလိုက်ရာ အမြီးမြှီး ကြီးစာချဲ့ပုံနှင့် ကြောက်အားလန့်အား ဖက်တွယ်ထားမိသည့် လယ်ကွက်ထဲမှ ညောင်ကိုင်းကြီးတစ်ခုမှာလည်း ဇရာမကြီးမားသည့် ကျွဲချိုကြီးတစ်ဖက် ဖြစ်နေပုံကို . . အသည်းတယားယားနှင့် ပြန်ပြောပြလေသည်။

နားထောင်နေကြသော လူစုကြီးမှာ . . မျက်တောင်ပင် မခတ်မိကြ . .၊ သူတို့အားလုံး၏ မျက်လုံးတွေထဲမှာလည်း . . ကြောက်စိတ်ကြောင့် အရောင်တွေ တဖျတ်ဖျတ်လက်နေကြကာ . . မကြုံစဖူး မကြားစဖူးသော လူခြေထောက်ကြီးနှင့် နာနာဘာဝ ကျွဲကြီးကြောင့် လက်ထဲမှာ ဆုပ်ကိုင်ထားသော မီးတုတ်၊ မီးခွက်၊ မှန်အိမ်တို့၏ အလင်းရောင်ကြားတွင် နီးရဲ့ထိတ်လန့်နေကြသည့် မျက်နှာတွေက အတိုင်းသား ပေါ်လွင်နေကြလေသည်။


ဖိုးနီနှင့် တက်လူတို့နှစ်ယောက်ကတော့ သေတွင်းမှ လက်မတင်ကလေး လွတ်မြောက်လာခဲ့ရသည့် သူတို့အဖြစ်ကို တွေးရင်း ထိုနေ့ညအဖို့ မိုးစင်စင်လင်းသည့်တိုင် . . ဘယ်လိုမှ အိပ်မပျော်နိုင်ဘဲ ဖြစ်နေလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

အုံ့ဆိုင်းနေသည့် မန်ကျည်းပင်တန်းကြီးများ . . အရွက်ပါးလျှားတွေ ကိုင်းညွှတ်ကျနေသည့် ကုက္ကိုပင်တန်းများက ရွာဓါးခွန်မှ ရောင်းစဉ်တွင် အစီအရီပင် ပေါက်ရောက်နေ၏၊ ထို မန်ကျည်းပင်တန်းများ ကုက္ကိုပင်တန်းများက အခုလို ခြစ်ခြစ်တောက်ပူလောင်နေသည့် နွေခင်းနေရောင်ကို အလင်းတစ်ပျောက်မျှ မထိုးအောင် ပိတ်ပုံးထားသဖြင့် ထိုနေရာတစ်ပိုက်မှာ စိန်တင်တို့လို ကလေးတစ်သိုက်အတွက် ငှက်ပစ်ရင်း . . ကျွဲကျောင်းရင်း နွေခင်းနေ့လယ် အနားယူရာနေရာ တစ်ခုလည်း ဖြစ်လေသည်။

မန်ကျည်းပင်မှ အစိမ်းရောင်ရွက်နုတွေက နေရောင်ကြောင့် ပိုပြီးလင်းလက်နေသလို . . ကုက္ကိုပင်၏ အကိုင်းအခက်တွေကလည်း





ညိုမှောင်မှောင်အစိမ်းရင့်တွေ ရောယှက်နေသဖြင့် သဘာဝက ဆေးသားအစိမ်းရောင်ကို လိုသလို ကျဲပက်ထားသည်နှင့်ပင် ပိုပြီး တူနေလေသည်။

ထိုအပင်ကြီးများအောက်မှာတော့ လွယ်အိတ်တစ်လုံးကို လွယ်ကာ လေးခွတစ်လက်ကို အသင့်ကိုင်လျက် တမော့မော့ ချောင်းမြောင်းနေသူက စိန်တင်ပင် . .။ သူ့အဖို့ ရွာနှင့် အလှမ်း မဝေးလှသော ဒီနေရာကို နေ့စဉ်လိုလို ငှက်ပစ်ထွက်လာနေကျ ဖြစ်ရာ ဘယ်အပင်၏ ဘယ်အကိုင်းတွင် ဘာငှက်သိုက်ရှိသည်ဆိုတာကို အလွတ်ပင် သိနေ၏။

သို့သော်

စိန်တင်တစ်ယောက် အပင်ပေါ်မှ ငှက်တွေကို လေးခွနှင့် ကြာကြာမချိန်လိုက်ရဘဲ ထိအောင်ပစ်ခတ်နိုင်သော်လည်း . . သူနှင့် မလှမ်းမကမ်းမှ နောက်ယောက်ခံကာ ချောင်းမြောင်းပြီးလိုက်ပါလာသည့် သိုက်ဆရာဦးဝတင်ကိုတော့ နည်းနည်းမှပင် သတိမပြုမိဘဲ ရှိလေသည်။

"ဖလပ် . ."

"ဖောက် . ."

ရုတ်တရက် သောက်စာအိမ်မှ လေကိုခွင်းပြီး အရှိန်နှင့် ထိုးထွက်သွားသည့် လောက်စာလုံးက ဦးဝတင် ကွယ်မှီနေရာ ကုက္ကိုပင်ကြီးပေါ်ရှိ ရင်အုပ်နီနီနှင့် ငှက်တစ်ကောင်ကို ထိမှန်ကာ မြေကြီးပေါ် ပြုတ်ကျလာ၏။

ထိုအခါမှ ဦးဝတင်၏ မလှမ်းမကမ်းမှာ အမွေးတွေ ဖွာလန်ကြဲကျလာသည့် ငှက်သေကို စိန်တင်တစ်ယောက် အူယားဖားယား ပြေးပြီး ကောက်လေသည်။

ထိုမြင်ကွင်းကို အစအဆုံး မြင်လိုက်ရသော ဦးဝတင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုပင်အကွယ်မှ ထွက်လာပြီး စကားရောဖောရောတွေ လုပ်တော့၏၊

"အဟား ‥ ဟား ‥ ဟား ‥၊ လူလေး ‥ ဖလောက်လေးယစ်တာ တယ်တော်ပါ့လား ‥ကွ ‥၊ လူလေးက ဘယ်ရွာက လဲ ‥"

ဦးဘတင်၏အမေးကြောင့် စိန်တင်မှာ မြေကြီးပေါ်မှ ငှက်ကို လွယ်အိတ်အတွင်းသို့ ကောက်ထည့်လိုက်ပြီး ‥

"ကျွန်ုပ်က ထိန်တောရွာသားဗျ ‥"

အမှန်တော့ ဦးဝတင်မှာ သူ့ကို ထိန်တောရွာမှ စိန်တင်မှန်း အစောကြီးကတည်းက စုံစမ်းမေးမြန်းပြီးမှ နောက်က ထကောက်ကောက် လိုက်ပါလာခဲ့ခြင်းဖြစ်၏၊ ဒါကို စိန်တင်က ထိန်တောရွာသားဟု ပြောလိုက်သောအခါ ဦးဘတင်လိုချင်နေသည့် ကျွဲရုပ်ကလေးရှိနေသော စိန်တင်မှန်း ပိုပြီးပင် သေချာသွား၏။

ထို့နောက် ဦးဝတင်မှာ ‥ သူလိုချင်နေသည့် ကျွဲရုပ်ကို ဘယ်က စပြီး စုံစမ်းမေးမြန်းရမှန်းမသိ ဖြစ်နေကာ ‥ ခပ်ကုပ်ကုပ် ဖြစ်နေသော နှုတ်ခမ်းမွေးတွေကိုသာ လက်ဖြင့် အကြောင်းမဲ့ ပွတ်သပ်၍နေလေသည်။

ထိုအခြေအနေမှာပင် စိန်တင်ကလည်း ဦးဝတင်ဆိုသည့် လူကြီးကို ကြောင်စီစီဖြင့် ပြန်ပြီး စိုက်ကြည့်နေလေရာ ‥ ဦးဘတင်မှာ အချိန်ဆွဲမနေတော့ဘဲ သူလိုချင်သည့်အရာကို စုံစမ်းမေးမြန်းလေတော့သည်။

"ဒီလိုကွဲ့ ‥ လူလေးရဲ့ ‥ လူလေးဆီမှာ ‥ ဟို ‥ ဟို တစေးစရာ ကျွဲရုပ်လေး ရှိတယ်မဟုတ်လား ‥"





"ဟင် ‥"

စိန်တင်မှာ ထိုအခါမှ ပြီးခဲ့သည့်ရက်က ညွှန့်၏ ကျွဲရုပ်ကို ငွေတစ်ကျပ်ပေးပြီး ဝယ်ယူသွားသည့် လူကြီးတစ်ယောက်အကြောင်း ပြန်သတိရသွားဖြေ၏၊ အခုလည်း ထိုလူကြီးက သူ့ထံမှ ကျွဲရုပ်ကို ငွေပေးပြီး လာဝယ်နေခြင်းသာ ဖြစ်လိမ့်မည်ဟု စိတ်ကအလိုလို သိသွားလေ၏။

ဝကယ်တော့ စိန်တင်မှာ အခြားကလေးတွေလိုမဟုတ် ‥ အရာရာကို ဂျင်ခြေလည်နေသည့် ခပ်ဆိုးဆိုးခပ်ပေပေ ကလေးတစ်ယောက်ဖြစ်ပြီး ရပ်ကျော်ရွာကျော် လှည့်လည်သွားလာနေခဲ့သူဖြစ်ရာ အခု သူ့ရှေ့တွင် ငွေပေးပြီး အရုပ်ကိုဝယ်တော့မည့် လူကြီး၏ အမေးစကားကို ရှေ့သို့ နှင်ကွက်သုံးကွက်ပင် ကြိုပြီးတွက်ထားမိလေသည်၊

ထို့နောက် စိန်တင်က ‥ မသိမ့်မြင်လေသံဖြင့်

"အင်း ရှိတယ်လေ ‥၊ ဘာလဲ ‥ ဦးလေးက လိုချင်လို့လား ‥"

"ဟုတ်တယ် ‥ ဟုတ်တယ် ‥ အဲဒီအရုပ်ကို ဘကြီးကို ပြန်ရောင်းပါလား ကလေးရယ် ‥"

စိန်တင်၏ ရေလာမြောင်းပေးစကားကြောင့် ဦးဝတင်မှာ ပျာပျာသလဲနှင့် ပြန်ပြောလိုက်၏။ သူ့မျက်နှာပေါ်မှာလည်း လောဘအငွေ့အသက်တွေက ဟုန်းဟုန်းထနေလေရာ ‥ အမူအရာတွေပင် သိသိသာသာကြီး ပျက်နေ၏၊

"ဒါဆို ‥ ဦးလေးက ဘယ်လောက်ပေးမှာလဲဗျ ‥"

"တစ်ကျပ်ပေးမယ်ကွာ ‥ တစ်ကျပ် ‥ တစ်ကျပ် ‥"



www.burmeseclassic.com

www.burmeseclassic.com

ဦးဘတင်မှာ လက်ညှိုးတစ်ချောင်းကို စိန်တင့်မျက်နှာရှေ့တွင် တဆတ်ဆတ်ထောင်ပြလိုက်ရင်း ကမန်းကတန်းနှင့် ပြန်ပြောလိုက်၏။

သို့သော် .. စိန်တင်ကတော့ ဦးဝတင် ပေးဝယ်နေသည့် ငွေတစ်ကျပ်ကို နည်းနည်းမျှ စိတ်ဝင်စားသည့်ဟန် မပြဘဲ ခေါင်းကိုသာ တွင်တွင်ကြီး ခါနေ၏၊ ထို့နောက် ဦးဘတင်က ထပ်ပြီး

"ဒါဆိုလည်း .. နှစ်ကျပ်ပေါ့ကွာ ..၊ ဘယ့်နှယ့်လဲ .."

တကယ်တော့ စိန်တင်မှာ ငွေနှစ်ကျပ်ဟူသော အတိုင်းအတာကို ဘယ်တုန်းကမှ လက်ထဲမှာကိုင်ပြီး သုံးဖူးသူ မဟုတ်၊ ယုတ်စွအဆုံး ဦးဘတင်ပေးဝယ်နေသည့် ငွေနှစ်ကျပ်က သူ့တစ်သက်တာတွင် အခုလို လွယ်လွယ်နှင့်ရခဲ့သည်ဟု အိပ်မက်ပင် မက်ဖူးသူ မဟုတ်ချေ။ တစ်ချိန်တည်းမှာပဲ .. စိန်တင်က .. ပုဆိုးပေါ်မှ စလွယ်သိုင်းထားသည့် လွယ်အိတ်ကို ပြန်ပြင်လွယ်လိုက်ရင်း ..

"ဟင့်အင်း .. ကျွန်အရွယ်က .. ဘာမှ ကျိုးပဲ့တာ မှိုတာ မဟုတ်ဘူး .. ဗျ .. ဒီလောက်နဲ့တော့ မရောင်းနိုင်ဘူး .."

ဦးဝတင် လိုချင်နေမှန်းသိလေ စိန်တင်က ဖွတ်အတင်း ငြင်းဆန်နေလေဖြစ်၏၊ ကြာတော့ ဦးဝတင်တစ်ယောက် စိန်တင့်ကို စိတ်အချဉ်ပေါက်လာသည်။ သို့သော် .. ဒီအချိန်တွင် .. သူလိုချင်နေသည့် ပစ္စည်းက စိတ်ရှည်ရှည်နှင့် ချော့ပြီးယူရမည့်ပစ္စည်း ဖြစ်နေလေရာ .. ဦးဘတင်မှာ ဘယ်လိုမှ မတတ်သာဘဲ ရှိနေလေ၏။

"ဒါဆိုရင် လူအလေးက .. ဘယ်လောက်လိုချင်တာလဲ .. ကွ ..။ ဘဘကြီးပေးတဲ့ ငွေနဲ့ဆိုရင် လူလေး ဒီလိုအရုပ်မျိုးတွေ အများကြီး ဝယ်လို့ရပါတယ်ကွယ် ..။ ဒါမှမဟုတ် .. တခြား





ဘာလိုချင်သလဲ ပြော .."

ထိုအခါမှ စိန်တင်မှာ အနည်းငယ် တွေတွေဝေဝေပင် ဖြစ်သွားပြီး .. သူ ငယ်ငယ်ကတည်းက အိပ်မက်တွေထဲမှာ အကြိမ်ကြိမ် မက်ခဲ့ရသည့် ပစ္စည်းတစ်ခုကို တောင်းဆိုလိုက်လေသည်။

"ကျွန် .. လေသေနတ်တစ်လက် လိုချင်တယ် .."

"ဟေ .."

ရုတ်တရက်တောင်းဆိုလိုက်သော စိန်တင်၏စကားကြောင့် ဦးဘတင်မှာ ကိုယ်ကို ကိုင်းညွတ်ထားရာမှ အနည်းငယ် တည့်မတ်လိုက်ရင်း ..

"ဟ .. မင်းဟာကလည်း .. အခု ဘဘကြီးဆီမှာမှ မရှိတာ ဘယ့်နှယ့်လုပ်မတုန်း ..။ အဲ .. တစ်ခုတော့ရှိတယ်၊ လူလေးလိုချင်တဲ့ လေသေနတ်ကို ဘဘကြီး ဒီတစ်ခေါက် မြို့ရောက်မှ ဝယ်လာခဲ့မယ် .. အခုလောလောဆယ်တော့ .. လေသေနတ်ဝယ်ဖို့ ငွေသုံးကျပ် ယူထား .. ဟုတ်ပြီလား ..။ ရော့ .. ရော့ .."

ဟုဆိုကာ အင်္ကျီအိတ်ကပ်ထဲမှ ကျပ်စေ့တွေကို တချွင်ချွင်နှင့် နှိုက်ယူနေ၏။ စိန်တင်မှာလည်း ထိုလူကြီးထံမှ မဖြစ်နိုင်သည့်ကိစ္စကို တောင်းဆိုလိုက်ရုံမက သူ့ကိုပေးသည့် ငွေသုံးကျပ်နှင့်လည်း လေသေနတ်တစ်လက်ကို ဝယ်ယူဖို့ဆိုသည်မှာ မဖြစ်နိုင်ကြောင်း သိထားပြီးဖြစ်လေသည်။

ထို့နောက် ဦးဝတင်က ကျပ်စေ့သုံးစေ့ကို စိန်တင့်လက်ထဲသို့ အတင်း ထည့်ပေးလေရာ .. စိန်တင်က ..

"မရဘူးဗျာ ..၊ ဦးလေးဆီက လေသေနတ်ရမှ ကျွန်ကျွဲရုပ်



www.burmeseclassic.com

www.burmeseclassic.com

ကို ပေးနိုင်မယ် .. ဒါပဲ .."

ဖွတ်အတင်း ပေကပ်ကပ်နှင့် ငြင်းဆန်နေသည့် စိန်တင့်ကို ဦးဝတင်က ဘယ်လိုမှ ချော့မော့ပြောဍ်မရ .. ။ နောက်ဆုံးတော့ ဦးဝတင်၏ ချုပ်တည်းထားခဲ့ရသည့် ဒေါသတွေက ပေါက်ကွဲထွက်ကုန်လေပြီ .. ။

"ဒီမှာ မောင်ကောင်လေး .. မင်း တယ်လည်း လူပါးဝပါလား .. ။ ကောင်းကောင်းမွန်မွန်တောင်းနေလို့ မရရင် .. ။ အကြမ်းနည်းကို သုံးရလိမ့်မယ်နော် .. ။ ပေးမလား မပေးဘူးလား ပြော .. ။ ကြားတယ်ကွာ .. မြန်မြန်ပေးစမ်း .."

ပြောရင်းဆိုရင်း ဦးဝတင်က စိန်တင့်ရှေ့သို့ တိုးကပ်လာ၏။

"မပေးဘူးဗျာ .. မပေးနိုင်ဘူး .."

စိန်တင်ကလည်း ဂျစ်ကန်ကန် ဗိုက်ဗိုက်ကန်စကားတွေ ပြောဆိုပြီး အနီးမှ လှည့်ထွက်မည်အပြုတွင် ဦးဝတင်၏ ကြမ်းတမ်း သန်မာသော လက်တစ်ဖက်က စိန်တင်၏ လွယ်အိတ်ကြိုးစကို နောက်မှ လှမ်းဆွဲလိုက်လေသည်။

"ဗျို .."

"ဟင် .."

လွယ်ကြိုးအားနှင့် ဆောင့်ပြီး အဆွဲခံလိုက်ရသည့် လွယ်အိတ်ကြိုးစမှာ အောက်ခြေသို့တိုင်အောင် ထက်ခြမ်းကွဲသွားပြီး အတွင်းမှ ဦးဝတင် လိုချင်နေသည့် ကျွဲရုပ်က .. လောက်စာလုံးများ ပစ်ခတ်ထားသည့် ငှက်ကလေးများနှင့်အတူ မြေကြီးပေါ်သို့ အရှိန်နှင့် ပြုတ်ကျလာ၏။

"ဝရော .. ဖလောက် .. ဖလောက် .."





"ခွမ်း .."

တစ်ချိန်တည်းမှာပဲ မြေကြီးပေါ် ဖွာလန်ကြဲပြီး လွင့်စင်ကုန်သည့် လောက်စာလုံးများကြားတွင် ရွှံ့ဖြင့်ပြုလုပ်ထားသည့် ကျွဲရုပ်မှာလည်း အစိတ်စိတ်အမြွာမြွာနှင့် ကျကွဲသွားလေသည်။

"ဟာ .."

ဦးဝတင်၏ မျက်လုံးတွေက မြေကြီးပေါ်မှ အရုပ်အကျိုးအကြေတွေကြားသို့ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတွေနှင့် သူလိုချင်သည့်ဖဲ့ဥည်းကို ပြူးပြူးပျာပျာ ရှာဖွေလေတော့သည်။

ထိုအရုပ် အကျိုးအကြေများကြားတွင်တော့ သူလိုချင်နေသည့်အရာကို ဘယ်လိုမှ ရှာမတွေ့ပဲ ဖြစ်နေ၏။

ထိုစဉ်မှာပင် စိန်တင်က ဘာမပြောညာမပြောနှင့် လက်ထဲတွင် အသင့်ကိုင်ထားသော လေးခွဖြင့် သဲကြီးမဲကြီး ငုံ့ပြီးရှာဖွေနေသည့် ဦးဝတင်၏ ဦးခေါင်းကို ချိန်ရွယ်ကာ .. လှမ်းပစ်လိုက်လေသည်။

"ဖျောင်း .."

"အား .."

မျက်လုံးအစပ်နားကို ထိမှန်သွားသော ဦးဝတင်မှာ .. ခန္ဓာကိုယ်ကြီးက အနောက်သို့ ယိုင်သွားသော်လည်း .. ဒေါသကြောင့် တုန်ယင်နေသော လက်တစ်ဖက်က .. စိန်တင်၏ အင်္ကျီကုပ်ပိုးစကို အမိအရ ဆုပ်ကိုင်ထားပြီး တစ်စုံတစ်ခုလုပ်ရန် အခြားလက်တစ်ဖက်ကို ရွယ်မြှောက်လိုက်စဉ် ..

"လာကြပါဦး ဗျို့ .. ဒီမှာ လူကြီးတစ်ယောက် ကျုပ်ကို အနိုင်ကျင့်နေပါတယ် .. လာကြပါဦး .."



www.burmeseclassic.com

www.burmeseclassic.com

ငယ်သံပါအောင် ကုန်းအော်လိုက်သော စိန်တင်၏အသံကြောင့် ခပ်သုန်သုန်လှမ်းမှ ထင်းခုတ်ပြီးပြန်လာသည့် လှည်းနှစ်စင်းပေါ်မှ ရွာသားများမှာ ..

"ဟေ့လူ .. ကလေးကို ဘာလုပ်တာလဲ ..၊ အခုချက်ချင်း လွှတ်လိုက်စမ်း .."

"ဒီလူ ဘယ်ကလူလဲ .. လိုက်စမ်း .. လိုက် .. လိုက်၊ မလွှတ်စေနဲ့ .."

ကမန်းကတန်း လှည်းပေါ်မှ ခုန်ဆင်းပြေးလာကြသော ရွာသားတွေကြောင့် ဦးဝတင်မှာ စိန်တင်၏ကုပ်ပိုးကို ဆုပ်ကိုင်ထားသော လက်တစ်ဖက်အား ဖြည်လွှတ်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်ပြေးတော့၏။

ထင်းခုတ်ဓားမတွေ ကိုင်ဆောင်ထားကြသော လှည်းပေါ်မှ လူများ ထိုနေရာသို့ ရောက်လာကြသောအခါ ဦးဝတင်မှာ ခပ်ဝေးဝေးသို့ပင် ရောက်နေပေပြီ ..။

ထိုအထဲမှ တစ်ယောက်က စိန်တင့်ကို တွေ့လိုက်သည်နှင့်

"ဟင် .. မင်း .. ရွာတောင်ပိုင်းက မကျွင်ပုသား စိန်တင် မဟုတ်လား .."

"ဘယ်လိုဖြစ်ပြီး မင်းကို ဟိုလူက ဂိုက်မောင်းပုတ်မောင်းနဲ့ လုပ်ရတာလဲ ..၊ အဲဒီလူကို မင်းသိလား ..၊ ဘယ်ရွာကလဲ .. ပြောစမ်း .."

စိန်တင်ကတော့ အခုအချိန်အထိ လက်ထဲက လေးခွသရေကြီးကို ခပ်တင်းတင်းဆွဲကိုင်ထားရင်း တစ်ယောက်တစ်ပေါက်မေးနေကြ





သည့် ရွာသားတွေကို မြေကြီးပေါ်မှ အရုပ်အကျိုးအကြေတွေရှိရာကို မေးငေါ့ပြလိုက်ရင်း ..

"ဟောဟိုက ကျကွဲသွားတဲ့ ကျုပ်အရုပ်ကို ဒီလူကြီးက အတင်း ပိုက်ဆံပေးပြီး ဝယ်တာ ..၊ ကျုပ်က မရောင်းဘူးပြောလို့ .."

"ဘာ .. ဒီအရုပ်က ဘာရုပ်မို့လို့လဲ .."

အားလုံးက မြေကြီးပေါ်မှာ ကြေမွနေသော အပိုင်းအစတွေကို ကြည့်ရင်း တအံ့တသြတွေ ဖြစ်ကုန်ကြ၏။ ထို့နောက် .. စိန်တင်က .. ပြီးခဲ့သည့်ရက်ကလည်း ထိုသူမှာ သူ့သူငယ်ချင်းဖြစ်သူ ငွေနှံထံမှ ဒီလို အရုပ်မျိုးကို ပိုက်ဆံတစ်ကျပ်ပေး၍ ဝယ်သွားဖူးကြောင်းနှင့် ထိုသူကိုလည်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူးကြောင်း .. အစအဆုံး ပြန်ပြောပြလေသည်။

ထိုအခါမှ .. စိန်တင့်ဘေးတွင် ရပ်နေကြသော ထင်းလှည်းပေါ်မှ ရွာသားများမှာ .. ဘာမဟုတ်သည့် ရွှံ့နှင့်လုပ်ထားသော အရုပ်ကိုမှ ဒီလို ဈေးကြီးပေးပြီးဝယ်သည့်အဖြစ်ကို လွန်စွာမှ အံ့သြဘနန်းတွေနှင့် ဖြစ်ကုန်ကြ၏။

ထိုအဖြစ်အပျက်က တစ်မှုဟုတ်ချင်းဆိုသလို ထိန်တောရွာ တစ်ခုလုံး သတင်းပျံ့နှံ့သွားလေရာ ရွာသားများမှာ ဘယ်လိုမှ မစဉ်းစားတတ်လောက်အောင် ဖြစ်ကုန်ကြလေတော့သည်။

❏



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၈)

"အောက် အီ အီး .. အွတ် .."

အသံရှည်ဆွဲပြီးတွန်နေသည့် ကြက်ဖကြီးက ကုလားကြီး တင်ဇွေ၏ ပိုက်ထားသောလက်ထဲတွင် ဘက်တူကို စိန်ခေါ်နေသည့် အသား လည်တစ်ထောင်ထောင်နှင့် ဖြစ်နေ၏။ ထိုကြက်ကို ထိန်တော ရွာအစိုးဆာစ်ပိုက်မှာ ယှဉ်ခွပ်ဝံ့သည့် ကြက်မရှိ .. ။ ပွဲတိုင်းဆိုလို အနိုင် ရနေကျ ဖြစ်လေရာ .. ကုလားကြီး တင်ဇွေတို့အဖို့ အရက်နှင့်ပါးစပ် ပြတ်သည်မရှိ .. လက်ထဲတွင် ငွေသီးလျက် အရှိနေကြသည်။

အခုလည်း .. တစ်ဖက် သဖန်းရွာစုသားတွေ၏ ဖိတ်ခေါ်ချက် အရ .. ပွဲကြီးပွဲကောင်းတစ်ပွဲ နွှဲရန် ကုလားကြီးတင်ဇွေနှင့်အတူ သိန်းဖေ၊ ဖိုးနီနှင့် အခြားထိန်တောရွာသား သုံးလေးယောက်ပင် အရက်ပိုင်းမှုဝပြီး လိုက်ပါလာကြသည်။

တဖြည်းဖြည်းနှင့် သူတို့အားလုံး၏ ခြေလှမ်းတွေက ဖောတွေ နှင့် လျှောက်လာခဲ့၍လားမသိ .. သဖန်းစုရွာနှင့် ထိန်တောရွာကြား ရှိ .. ကျွဲသရဲနှင့်တွေ့ခဲ့သော ရေပ်အိုကြီးအနီးသို့ပင် ရောက်လာလေ သည်။ ထိုရေပ်ကြီးအနီးသို့ ရောက်လာသည်နှင့် အားလုံးထဲမှ ဖိုးနီ၏ ခြေလှမ်းတွေက အလိုလိုနေရင်း တုန့်ဆိုင်းသွား၏။

"ဟာင် .. ဘာလိုလိုနဲ့ ရေပ်ကြီးနားကိုတောင် ရောက်လာပါ လား .."

သူလှမ်းမြင်နေရသော ရေပ်အိုကြီးမှာ .. အခုလို နေ့ခင်း ကြောင်တောင်မှာပင် .. အစွယ်အဖွေးသားနှင့် ခေါင့်ကြောင့်ကြီး ထိုင် နေသော သဋ္ဌဝါတစ်ကောင်နှင့် တူလေရာ .. ပို၍ပင် ခြောက်ခြား စရာ ကောင်းသွန်းနေလေသည်။ ရေပ်၏ ဖရိုဖရဲဖြစ်နေသော အမိုး သွင်ပြားများမှာလည်း နှစ်ပေါင်း မြောက်များစွာ လေဒဏ်မိုးဒဏ်တွေကို ခံခဲ့ရသဖြင့် သံချက်တွေက ပြုတ်ထွက်နေရာ လေတိုက်တိုင်း တဖျန်းဖျန်း မြည်နေသည့် အသံတွေကို အဝေးမှပင် ကြားနေရသည်။

ထိုအသံကြီးတွေက .. ဖိုးနီ၏ နားထဲတွင် မကောင်းဆိုးရွား တစ်ကောင် ဒေါ်ညည်းနေသည်ဟုပင် ထင်နေမိ၏။

"ဟေ့ကောင်တွေ .. ၊ ခ .. ခဏနေကြပါဦးကွ .."

ရုတ်တရက် တုန်တုန်ယင်ယင်နှင့် ကြားလိုက်ရသော ဖိုးနီ၏ အသံကြောင့် ခြေသံ တဖျတ်ဖျတ်နှင့် ရှေ့ကသွားနေကြသော ကုလား ကြီး တင်ဇွေ၊ သိန်းဖေနှင့် အခြားရွာသားများမှာ နောက်သို့လှည့်ကာ သူ့ကို လှည့်ကြည့်လိုက်ကြ၏။





www.burmeseclassic.com

www.burmeseclassic.com

စိုးရိပ်မကင်းဖြစ်နေသည့် ဖိုးနီ၏ မျက်လုံးတွေက ထိုရေပ်ကြီး ရှိရာသို့ လှမ်းကြည့်နေရင်း

"ငါတို့ . . တခြားလမ်းကသွားရင် ကောင်းမယ်ထင်တယ် . ."

"ဘာ . . ဘာပြောတယ် ဖိုးနီ . . ၊ ဒီနေရာရောက်ကာမှ မင်းက ဘာဖြစ်တာလဲ . ."

ထိုအုပ်စုထဲမှ ရွာသားတစ်ယောက်က အမူမဲ့ အမှတ်မဲ့ဖြင့် ဝင်ပြော၏။ ကုလားကြီးအပါအဝင် သိန်းဖေနှင့် အခြားသူတွေကတော့ ဖိုးနီတစ်ယောက် ဒီနားသို့ ရောက်တာမှ ထိုစကားကို ဘာကြောင့် ပြောမှန်း အလိုလိုရိပ်မိကြ၏။

ထို့နောက် ကုလားကြီးတင်ရွှေက . . ခပ်လှမ်းလှမ်းမှ ရေပ်အိုကြီးကို လှမ်းကြည့်လိုက်ရင်း . .

"လာစမ်းပါ ဖိုးနီရာ . . အဲဒီလောက်တော့ မကြောက်စမ်းပါနဲ့ . . ၊ ငါတို့တွေ တခြားလမ်းက သွားရင် သဖန်းစုကို တော်တော်နဲ့ ရောက်ဦးမှာမဟုတ်ဘူး . . ၊ တော်ကြာ ဟိုမှာ ချိန်းထားတဲ့ပွဲနဲ့ လွဲသွားမယ် . ."

ပြောရင်းနှင့် ရှေ့သို့ ဆက်ပြီးသွားကြရန် ခြေဦးတွေကို လှည့်လိုက်ကြသည်။ သိန်းဖေကလည်း သောက်ထားသည့်အရက်၏ အရှိန်ကြောင့် သွေးတွေဆူနေကာ . . ဖိုးနီကို ဖျစ်တောက်ဖျစ်တောက်နှင့် ဝင်ပြော၏။

"မင်းနယ်ကွာ . . ၊ ယောက်ျားဖြစ်ပြီး ဒီလောက်တောင် ဘာဖြစ်လို့ ကြောက်ရတာလဲ . . ၊ ဒီမှာ ငါတို့လူအုပ်ကိုလည်း ကြည့်ပါဦး . . တော်ရုံ သရဲလောက်ကတော့လား . ."





"မဟုတ်ဘူး . . သိန်းဖေ . . ၊ ဒီ နာနာဘာဝ ကျွဲကြီးက တော်ရုံသရဲကြီး မဟုတ်ဘူးကွ . . ၊ ငါက တကယ်ကြုံဖူးလို့ ပြောနေတာ . ."

သူတို့အားလုံးထဲတွင် ပြီးခဲ့သည့်ရက်က ကျွဲသရဲလိုက်၍ အတူ သေပြေးရှင်ပြေးပြေးခဲ့ရသူ တက်လူတစ်ယောက် ပါမလာသဖြင့် ဖိုးနီ ဘက်မှ ထင်ပြီးပြောဆိုမည့်သူ မရှိဘဲ ဖြစ်နေလေသည်။ တကယ်တော့ . . သူတို့အားလုံး၏ မျက်နှာတွေက တည်ငြိမ်၍ မည်သည့်ခံစားချက်မှ ရှိမနေဘဲ ဖိုးနီတစ်ယောက်သာ အရာရာက အစလေးတင်မှ ဖြစ်ပျက်ခဲ့ သလို ကြောက်စိတ်တွေကြောင့် ရင်တစ်ခုလုံး တလှပ်လှပ်ဖြစ်နေ၏။

"ဖလပ် . . ဖလပ် . ."

"ဝုန်း . . ဖျောင်း . ."

ထိုအချိန်မှာပင် သူတို့နှင့် မလှမ်းမကမ်းမှ ရေပ်အိုကြီး၏ ခေါင်မိုးသွပ်ပြားတွေက လေထဲမှာ တဖျတ်ဖျတ်လွင့်လျက် . . အချင်းချင်း ပွတ်ဆိမြည်ဟီးသွားလေသည်။ ထိုအမိုးပြားများပေါ်မှ အုံ့ဆိုင်းကိုင်း ကျနေသည့် ကုက္ကိုပင်ကြီးတွေကလည်း လေတိုက်တိုင်း ယိမ်းနွဲ့၍ နေကြလေရာ . . မကောင်းဆိုးရွားတစ်ကောင်က လက်ယပ်လှမ်းခေါ် နေသကဲ့သို့ ရှိနေလေသည်။

ထို့နောက် . . သိန်းဖေနှင့် ကုလားကြီးတို့က . . စိတ်မရှည် တော့သည့် လေသံတွေနှင့်

"ကဲ ဖိုးနီ . . မင်းလိုက်မှာလား မလိုက်ဘူးလား . . ၊ ဒီလမ်းက မလိုက်ချင်ရင်တော့ မင်းဘာသာမင်း တခြားလမ်းက သွား . . ၊



www.burmeseclassic.com

www.burmeseclassic.com

ငါတို့တော့ အချိန်ကိုကုန်မခံနိုင်ဘူးဟေ့ .. ဒီလမ်းကပဲ သွားမယ် .. "

ဟုဆိုကာ ရှေ့က ဝက်သုတ်ရိုက်ပြီး လျှောက်သွားကြလေသည်။ သူတို့နှစ်ယောက်၏ နောက်တွင်လည်း ထိန်တောရွာမှ အခြားရွာသားသုံးလေးယောက်ကပါ .. လိုက်ပါသွားကြလေရာ ဖိုးနိုမှာ .. ထိုနေရာတွင် တစ်ယောက်တည်းလည်း မနေခဲ့ရဲ .. ၊ အခြားလမ်းမှလည်း မသွားရဲသဖြင့် ကြောက်ကြောက်နှင့် နောက်မှ လိုက်ပါသွားရလေသည်။





သူတို့အားလုံး မြေနီလမ်းကလေးအတိုင်း အတော်အတန် လျှောက်မိသောအခါ .. အဝေးမှ ပုံဆိုးပန်းဆိုးကြီး လှမ်းမြင်နေရသော ဇရပ်အိုကြီးမှာ .. ပိုပြီး ပြက်ပြက်ထင်ထင် မြင်လာရလေသည်။ လမ်းဘေးဝဲယာမှ အလေ့ကျပေါက်နေသော အဝါရောင် တောပန်းများကလည်း လေယူရာ တယိမ်းယိမ်းတစ္ဖွဲ့ဖွဲ့နှင့် လှုပ်ရှားနေကြသည်မှာ တစ်စုံတစ်ယောက်က သွေးဆောင်ဖျားယောင်းနေသလို ဖြစ်နေ၏။

ဖိုးနိုမှာ ထိုဇရပ်အိုကြီးအနီးသို့ ရောက်လာသည်နှင့် စိတ်က ဘယ်လိုမှ လှမ်းမကြည့်ဘူးဟု ဆုံးဖြတ်ထားသော်လည်း တစ်ချက်တစ်ချက် သူ့မျက်လုံးတွေက ဇရပ်အိုရှိရာသို့ အလိုလိုနေရင်း လှမ်းကြည့်မိနေ၏။ သူနှင့်အတူ .. ရှေ့နောက်ဝဲယာမှ သွားနေကြသော ကုလားကြီးနှင့် သိန်းဖေတို့အုပ်စုမှာ ထိုဇရပ်အနီးသို့ရောက်လာလေ .. တစ်ယောက်ကိုတစ်ယောက် ဘာစကားတစ်ခွန်းမှ မပြောဘဲ ဆက်လျှောက်နေလေရာ .. ပတ်ဝန်းကျင်တစ်ခုလုံးမှာ သူတို့၏ ဖိနပ်သံ တဖျတ်ဖျတ်မှ လွဲ၍ ဘာသံမှ မကြားရ ..။ အဆက်မပြတ် ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရသည်က ဖိုးနို၏ရင်ဘတ်ထဲမှ နှလုံးခုန်သံပင် ..။



www.burmeseclassic.com

www.burmeseclassic.com

"ကဆော်..ကဆော်.."

"အွတ်..အွတ်..အွတ်..အွတ်.."

ထိုနေရာထစီးသို့ ရောက်ကာမှ ကုလားကြီးလက်ထဲမှ ဆွဲပိုက်ထားသည့် ကြက်ဖကြီးက တစ်စုံတစ်ခုကိုမြင်ပြီး ကဆော် လိုက်သလို အဆက်မပြတ်အော်နေသည်။ ထိုကြက်ဖကြီး၏ မျက်လုံးအစုံတို့မှာလည်း ဘေးဘီကို အလန့်တကြားကြည့်နေသလို ကုလားကြီး လက်ထဲတွင် ဘာဖျတ်ဖျတ် ရုန်းကန်နေ၏။

"ငါ..ဒီနေရာရှေ့က ဖြတ်ပြီးလိုက်လာမိတာ မှားပြီနဲ့တူတယ်.."

ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်အခါခါ ပြန်ပြီးရေရွတ်နေမိသော ဖိုးနီမှာ..တစ်ကိုယ်လုံး ချွေးတွေက ရွှဲနစ်နေ၏။ ထိုအချိန်မှာပဲ ခေါ့တိုက်လိုက်သည့် လေပြည်ထဲမှာ..ချဉ်စုတ်စုတ် စိမ်းရွှေရွှေ အနံ့ကြီးတစ်ခုကို သူတို့အားလုံး ရမိလိုက်လေသည်။

ထိုအနံ့ကြီးရလိုက်သည်နှင့် သူတို့အားလုံး၏ မျက်လုံးတွေက ဘေးမှ ချောင်အိုကြီးပေါ်သို့ ပြိုင်တူဆိုသလို လှမ်းကြည့်လိုက်ကြ၏။

"ဟင်.."

မဲမှောင်မှောင်ဖြစ်နေသော ချောင်အိုပေါ်မှာ အဓိပ်မည်းမည်းကြီး တစ်ခု..။ ထိုအဓိပ်မည်းမည်းကြီးက ကုန်းကွကွဖြစ်နေကာ သူတို့လျှောက်လာရာဘက်ကို ကျောခိုင်းလျက် ပေဆောင်းစောင်းနှင့် စောင်းငဲ့ကြည့်နေသလို ထင်ရ၏။

ထိုမြင်ကွင်းကြီးကို မြင်လိုက်သည်နှင့် အလွန်အမင်း ကြောက်လန့်နေသော ဖိုးနီပင်မက..ကုလားကြီးဘာင်ချွေတို့ အားလုံးနှာသည်း..





ခြေလှမ်းတွေကိုယ်စီ ရပ်လိုက်ကာ..ကြက်သေသပင် သေနေကြ၏။

မကြာမီ..

ထိုအဓိပ်မည်းကြီးက သူတို့ရှိရာ ချောင်အိုဘေးမှ မြေနီလမ်းဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာ၏။

ပုဆိုးစုတ်တစ်ထည်ကို ခေါင်းလုံးရုံလောက်သာ ခြုံထားသော ထိုမည်းမည်းသဏ္ဌာန်ကြီးမှာ..ဖိုးနီတို့လူစုကို မြင်လိုက်သည်နှင့် ခေါင်းပေါ်မှ ခြုံလွှာပုဆိုးကြီးကို ဖယ်ခွာချလိုက်လေရာ..

"အောင်မယ်လေး.."

"သ..သ သရဲ.."

"ပြေး..ပြေး.."

သူတို့မြင်လိုက်ရသည့် ထိုအဓိပ်မည်းမည်းကြီး၏ မျက်နှာမှာ အဝတ်စတစ်ခုကို ချုပ်ရိုးချုပ်ရာ ဗရပွနှင့် ဖာထေးစပ်ဟတ်ထားသလို တွန့်လိမ်ရှုံ့တွလျှက် ရှိနေပြီး..မျက်လုံးတစ်ဖက်၏ အောက်မျက်ခမ်းကြီးကလည်း ပါးရိုးပေါ်အထိပင် ဟက်တက်ကြီး ကွဲနေ၏။ ခေါင်လိုက်တွေ အလျားလိုက်တွေ..၊ ကန့်လန့်တွေနှင့် ဖြစ်သလိုချုပ်ထားသည့် ချုပ်ရိုးကြောင်းကြီးတွေကလည်း ထိုမျက်နှာကြီးပေါ်မှာ ဗရပွနှင့် ဖြစ်နေကာ ဘယ်လိုမှ မြင်မကောင်း ရှုမကောင်းနှင့် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

''အဲဒါ .. သ .. သရဲ ..၊ လူယောင်ဆောင်ထားတဲ့ .. ကျွဲ .. ကျွဲသရဲ ..''

"ပြေး .. ပြေး ..''

ပါးစပ်က တစ်ယောက်တစ်ပေါက်တွေအော်ရင်း ပြေးမိပြေးရာ တွေကို စွတ်ရွတ်ပြီးပြေးကြသော ဗိုးနီတို့လူစု၏ နောက်တွင်တော့ ထိုရှုပ်ပျက်ခဝင်းပျက်ဖြစ်နေသော မျက်နှာကြီးနှင့် လူရိုင်းသဏ္ဌာန်က တစ်စုံတစ်ရာကို အော်ဟစ်ပြောဆိုလိုက်သည်ကို ဘုတို့အားလုံး ဘယ်သူမှ မကြားနိုင်ကြတော့ချေ ..။

❑





ထိုအချိန်မှာပင် .. သဖန်းစုရွာ၏ ချောင်းစပ်ဘေးမှ ကုန်းမို့မို့ပေါ်တွင် ရွာသားတစ်ယောက်က ခြေပစ်လက်ပစ်ထိုင်ရင်း ရောက်တတ်ရာရာတွေကို စိတ်ရှိတိုင်းတွေးတောနေလေသည်။ သူတွေးနေသည့် အကြောင်းအရာတွေက ပြီးခဲ့သည့် မကြာလိုက်သေးသော တစ်ချိန်က ဒီနေရာတစ်ဝိုက်တွင် ဘယ်က ဘယ်လိုရောက်လာမှန်း မသိသည့် သိုက်ဆရာတစ်ယောက် ဌာပနာပစ္စည်း လာဖောက်ယူသွားသည့်ကိစ္စပင် ..။

''တောက် ..၊ ခက်လိုက်တဲ့လူတွေ .. ဘုရားပစ္စည်းကိုမှ လောဘဇောတွေတိုက်ပြီး လိုချင်ရမ္မက်တွေ ဖြစ်ရတယ်လို့ ..၊ အင်း .. ဘာပဲပြောပြောပါ .. ဒီနေရာဟာ တစ်ချိန်က ဘုရားစေတီတစ်ဆူ ရှိခဲ့ဖူးတယ်ဆိုတာလည်း .. ဘယ်သူမှ အတိအကျသိတာ မဟုတ်ပါဘူး ..၊ ကုန်ကုန်ပြောရရင် တို့ရွာသားတွေ ကိုယ်တိုင်ကလည်း ရေရေရာရာ သိမိလိုက်တဲ့ လူဆိုလို့ တစ်ယောက်မှရှိတာမဟုတ်ဘဲနဲ့ .. လူတွေက အလကားနေရင်း ကိုယ့်ထမင်းကိုယ်စားပြီး အေးအေး မနေချင်ကြဘူး .. ရန်ကိုလိုကြတယ် ..''



www.burmeseclassic.com

ချောင်းရေစီးသံက တိတ်ဆိတ်နေသော ထိုနေရာတစ်ဝိုက်တွင် ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရသည်။ ထိုသူ၏ မလှမ်းမကမ်းမှ ကြိုးတစ်ချောင်းဖြင့် လှန်ထားသော ကြက်ဖကြီးတစ်ကောင်မှာလည်း.. မြေကြီးတွေကို ခြေမြှင့်ယက်ကာ.. နှုတ်သီးဖြင့် တဒေါက်ဒေါက် ထိုးဆိတ်နေ၏။

တကယ်တော့ ထိုသဖန်ရုရွာသားမှာ တစ်ပတ်ထိန်တောရွာမှ ကုလားကြီးတို့နှင့် ကြက်တိုက်ရန် ချိန်းဆိုထားသူဖြစ်ပြီး အခုအချိန်အထိ ရောက်မလာကြသေးသော ထိုသူတွေကို စိတ်ပျက်လက်ပျက်နှင့် စောင့်မျှော်နေမိလေသည်။

သို့နှင့်...

အချိန်က တဖြည်းဖြည်းကုန်လွန်လာကာ.. ဝန်းကျင်တစ်ခုလုံးမှာလည်း မြူခိုးငွေ့များက လွှမ်းခြုံစပြုလာ၏။ ကောင်းကင်ပြင်ပေါ်မှာလည်း တိမ်မှုင်တိမ်လိပ်တွေက လေနှင့်အတူ ရောကာ အုပ်ဖွဲ့လွင့်မျော၍ပင် နေလေပြီ.. ကုလားကြီးတင်ဇွေတို့ကတော့ အခုအချိန်အထိ.. ရောက်မလာကြသေး။

မကြာမီ.. ထိုသူမှာ ပျင်းပျင်းရိုသည်နှင့် သူ့ခါးကြားမှ ပလွေကို ထုတ်ကာ ရောက်ဘတ်ရာရာ.. သီချင်းတစ်ပုဒ်ကို မှုတ်လေတော့သည်။

"တွီ.. တီ.. တီ.. တော်.."

"တွီ.. တွီ.."

ထိုအချိန်မှာပင် ထိုသူ၏ နောက်ကျောဘက်ရှိ ချောင်းအတွင်းမှ ဧရာမ ရေလှုပ်ကြီးတစ်ခု ရုတ်တရက်ထပြီး ပွက်လိုက်သံကို ကြားလိုက်ရလေသည်။





"ဝှမ်း.. ဗလုံး.."

"ဟင်.."

ထိုအသံကြီးကို ကြားလျှင်ကြားချင်း ထိုသူမှာ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်လေရာ.. ဘယ်လိုမှ မထင်မှတ်ထားသော မြင်ကွင်းကြောင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းပြီး နှလုံးသွေးများ ခုန်တန့်လုမတတ် ဖြစ်သွားရလေသည်။

ထိုမြင်ကွင်းကား..

လွန်စွာမှကြီးမားသော ကျွဲကြီးတစ်ကောင်ဖြစ်နေပြီး ထိုကျွဲကြီး၏ ဦးချိုကွေးကွေးကြီးနှစ်ဖက်မှာ ဘယ်ညာယမ်းခါနေလျက် ရေစက်ရေပေါက်တွေက တဖွားဖွားလွင့်စင်နေကာ ရဲရဲနီနေသော မျက်လုံးအစုံတို့က ထိုကုန်းကမူပေါ်မှ သူ့ကို ချက်ချင်းပင်ပြေးတက်လာပြီး ခွေ့ခတ်တော့မယောင်နှင့် ဖြစ်နေလေသည်။

"အ.. အား ကျွဲ.. ကျွဲကြီး.."

အသိစိတ်တွေ ခန္ဓာကိုယ်ထဲမှ လွင့်ထွက်သွားလုမတတ် ကျိုးအော်လိုက်သည့် အသံကြောင့် သူ့တစ်ကိုယ်လုံးမှာ အရှိန်ကြီးပြတ် လဲကျသွား၏။

"သွား.. သွား.."

"မလာနဲ့.. မလာနဲ့.."

ပါးစပ်က အဆက်မပြတ်အော်ရင်း ထိုသူမှာ.. လဲပြိုနေသော သူ့ခြေထောက်တွေကို အားယူကာ ထိုနေရာမှ သွေးရူးသွေးတန်းတွေနှင့် ထပြေးလေတော့သည်။




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို အစအဆုံး မြင်လိုက်ရသူကတော့ . . မျက်နှာတစ်ခုလုံးရစ်ရာမရှိအောင် ဒဏ်ရာအမာရွတ်တွေ ဖရိုဖရဲ ဖြစ်နေသော ကုလားကြီးထင်ဇွတို့ တွေ့လိုက်ရသည့် ဧရပ်ပေါ်မှလူတစ်ဦးပင် ဖြစ်လေသည်။







အခန်း (၉)

ညက ထိန်တောချာတစ်ရွာလုံးကို အိပ်မွေ့ချထားသလို . . တုတ်တုတ်မျှ မလှုပ်နိုင်အောင် ဖမ်းစားထား၏။

သစ်ပင်ကြီးများကလည်း တွဲနေသော မြူငွေ့များ၏နောက်သို့ တိုးဝင်ပျောက်ကွယ်နေကြသလို အဆုတ်လိုက်အကွက်လိုက်၊ ဟိုတစ်စ ဒီတစ်စ ဝေဝေဝါးဝါးနှင့် ဖြစ်နေ၏။ ကောင်းကင်မှာ လင်းတစ်ဝက် မှိန်တစ်ဝက်ဖြစ်နေသော လရောင်ကလည်း မြူငွေ့တွေကြားမှာ မှေးမှိန်ဖျော့တော့သော အလင်းရောင်သာ လင်းလက်နေသည်။

ထိုအခြေအနေမှာပင် . .



www.burmeseclassic.com

www.burmeseclassic.com

ထိန်တောရွာအတွင်း တစ်သက်နှင့်တစ်ကိုယ် . . တစ်ကြိမ်တစ်ခါမှ ဖြစ်ဖူးခြင်းမရှိသော ထူးဆန်းသည့် အဖြစ်ဆိုးကြီးတစ်ခုကြောင့် ညကြီးအချိန်မတော်မှာ တာလပေါက်သလို ကျွက်ကျွက်ဆူညံသွားတော့၏။

ထိုအခြစ်အပေါက်ကား . .

အိမ်အသီးသီးမှာရှိနေသည့် ကျွဲတွေက ရွာလမ်းမပေါ် ဝရုန်းသုန်းကားတွေနှင့် လွတ်ပြီးပြေးခြင်းပဲ ဖြစ်သည်။ ထိုအသံတွေက မြေပြင်တစ်ခုလုံး သိမ့်သိမ့်ပင် တုန်ဟည်းလျက် . . တစ်ရွာလုံးကို လှုပ်ပြီးနှိုးလိုက်သလို ဖြစ်သွား၏။

" ဝုန်း . . ဝုန်း . . "

"ဖျောင်း . . . "

"ဒုန်း . . ဒုန်း . . ဒုန်း . . ဒုံး . . "

ညကြီးသန်းခေါင် . . မည်းမည်းမြင်ရာ တိုးဝှေ့ပြီးပြေးကြသော ကျွဲတွေက ခြံစည်းရိုးတွေ၊ အိမ်တွေကို အတင်းဆင်တိုက်ပြီး တစ်ကောင့်တစ်ကောင် . . လုံးသားတွေလာတွေနှင့် တစ်နေရာတည်းကို ဦးတည်ပြီးပြေးနေကြသည်။

ထိုအသံတွေကြောင့် ချက်ချင်းပင် အလန့်တကြားဖြစ်ကုန်သော ရွာသားတွေမှာ . .

"ဘာသံတွေလဲ ဟေ့ . . နားထောင်ကြစမ်း . . "

"ကျွဲတွေဗျ . . ကျွဲတွေ . . ၊ ရွာထဲက ရှိသမျှကျွဲတွေ လွတ်ပြီး ပြေးကုန်ကြတာ . . "

"အလို . . . ဘယ်လိုများ ဖြစ်ကုန်ကြတာပါလိမ့် . . "

တစ်ခဏအတွင်းမှာပင် ထိန်တောရွာအတွင်း ချွေးပေါင်





သံတွေ၊ ကျွဲအော်သံတွေနှင့်အတူ ဘယ်သူရေ ဘယ်ဝါရေနှင့် အော်ဟစ်နေကြသော . . လူသံသူသံတွေကလည်း ကျွက်ကျွက်ပင် ညံနေသည်။

"ဟေ့ ကလေးတွေ . . အပြင်မထွက်ကြနဲ့ဟေ့ . . "

"မီးတုတ်တွေ . . ထွန်းကြပါဟ . . "

"တို့အိမ်က ကျွဲတွေ . . ဘယ်ဘက်ကို ပြေးသွားတာလဲ . . "

"ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး ဘယ့်နှယ့်ဖြစ်တာပါလိမ့် . . ဒုက္ခပါပဲ . . "

တချို့ကလည်း မှောင်မှောင်ထဲမှာ ဘယ်သူ့ကျွဲ ဘယ်ဝို့ ကျွဲမှန်းမသိ မည်းမည်းမြင်ရာ နောက်က အတင်းစွတ်လိုက်နေတော့၏။

"အတင်း တပ်မလိုက်နဲ့ဟေ့ . . မတော်လို့ လှမ်းဝှေ့လိုက်ရင် . . ဒုက္ခရောက်နေမယ် . . "

"ဟင် . . ဒါ . . ဒါ . . ကျွဲတွေ မိတ်လိုက်တာပဲ ဖြစ်မယ် . . "

"မင်းကိုးတော် မိတ်လိုက်ရမှာလား . . ဒါ . . မကောင်းဆိုးရွားတစ်ကောင်ကောင်က ခြောက်လှန့်ပစ်လိုက်လို့ နေမှာပေါ့ကွ . . နိုးထဲမှ . . "

ပြေးရင်းလွှားရင်း တစ်ယောက်တစ်ပေါက်တွေနှင့် အော်ဟစ်သွားကြသည့် အသံတွေက ရွာလမ်းမပေါ်မှာ ဆူညံနေ၏။

တစ်ချိန်တည်းမှာပဲ . . ထို အကောင်နှစ်ဆယ် အစိတ်ထက် မနည်းသော ကျွဲအုပ်ကြီးမှာ . . ရွာအလယ်က အရိုးလေး ဖွားမိုတို့ အိမ်ရှေ့မှ ကုက္ကိုပင်ကြီးနားကို ဝိုင်းအုံလာကြကာ . . တစ်ရှူးရှူး နှာမှုတ်သံတွေနှင့်အတူ အပင်ကြီးကို ချိုတွေနှင့် ဝိုင်းပြီးခတ်ကြသည်။ အချို့ကျွဲ



www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း ဦးခေါင်းကြီးကို ရှေ့သို့ထိုးစိုက်လျက် သစ်မြစ်ဆုံကြီးကို အဖျောင်းဖျောင်းနှင့် ထိုးကော်နေကြလေရာ .. ကုက္ကိုအခေါက်တွေက ဖွာလန်ကျဲပြီး လွင့်စင်နေ၏၊

ထိုမြင်ကွင်းကို ထရံပေါက်ကြားမှ ခေါင်းပြူကာ ထွက်ကြည့်လိုက်ကြသော ရှင်တုတ်လုတို့ မြေးအဘွားမှာ .. အလွန်ပင် အံ့အားသင့်လျက် အတိတ်တလန့်တွေနှင့် ဖြစ်ကုန်ကြသည်။

"ဘုရား .. ဘုရား .. ဘာတွေများ ဖြစ်ကုန်ကြပါလိမ့် .."

ပါးစပ်က တတွတ်တွတ်ရေရွတ်ရင်း ဘုရားတနေသည့် အဒီးလေး ဖွားမိုး၏ ဘေးမှ ရှင်တုတ်လုမှာလည်း .. ထိုအခါမှ သူ အမြတ်တနိုး သိမ်းဆည်းထားသည့် ကျွဲရုပ်ကလေးရှိရာ ကုက္ကိုမြစ်ဆုံကြီးကို တစ်ရွာလုံးမှာရှိသည့် ကျွဲတွေက ဝိုင်းဝန်းဖေ့ခတ်နေသည်ကို တွေ့လိုက်ရသည်နှင့် ..

"ဟယ် .. ငါ့ .. ငါ့အရုပ်လေး .."

ဟုဆိုကာ အိမ်ပေါ်မှ ကမန်းကတမ်းပြေးဆင်းမည်အပြုတွင် .. အဘွားဖြစ်သူ ဒေါ်ဖွားမိုးက သူ၏လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်ကာ ..

"ဟဲ့ .. တုတ်လု ..၊ ညည်းနှယ် .. ခြံရှေ့မှာ ကျွဲတွေ ဒီလောက် ဝရုန်းသုန်းကားတွေ ဖြစ်နေရတဲ့အထဲ ဘယ်အပြင်ကို ထွက်မလို့လဲ ..၊ ငြိမ်ငြိမ်ထိုင်နေစမ်း .."

ရုတ်တရက် လက်ကို ဆောင့်အဆွဲခံလိုက်ရသော ရှင်တုတ်လုမှာ .. ဝါးအခင်းကြမ်းပြင်ပေါ်တွင် ဖင်ထိုင်လျက် ကျသွား၏၊ သူမ၏ ပါးစပ်မှလည်း .. အယောင်ယောင်အမှားမှားတွေနှင့် ပြောမိပြောရာတွေကို





ပြန်ပြောနေ၏။ သို့သော် .. အဒီးလေး ဖွားမိုးက ရှင်တုတ်လု ပြန်ပြောနေသည့် စကားတွေကို တစ်ချက်ကလေးမှ ဂရုမပြုနိုင်ဘဲ ခြံဝင်းရှေ့မှ တဖြုန်းဖြုန်းတအုံးအုံး ဖေ့ခတ်နေသော ကျွဲအုပ်ကြီးကို ကြည့်ကာ ရင်ဘတ်ပေါ် လက်ဖိ၍ပင် ထားမိလေသည်။

"အောင်မယ်လေး .. အောင်မယ်လေး ..၊ ဘုရား .. ဘုရား .."

"ဖျောင်း ..."

"ဝုန်း ..."

"ဒုန်း .. ဒုန်း .."

ရှင်တုတ်လုတို့ မြေးအဖွားမှာ .. အသံလည်း မထွက်ရဲ .. တုတ်တုတ်မျှလည်း မလှုပ်ရဲဘဲ ထို အခန်းတကျယ်မြင်ကွင်းကိုသာ ထရံပေါက်မှ မှိတ်မသုန် ချောင်းကြည့်နေမိကြသည်။

"ဂျို .. အဒီးလေး ..၊ အဒီးလေး ဖွားမိုတို့၊ ဒီဘက်ကို ပြေးလာခဲ့ဂျို .."

"ဒီ မြေးအဘွားတော့ ဒုက္ခပဲဟေ့ .. ခေါ်ကြပါဦး .."

"ဂျို .. အဒီးလေး .. အဒီးလေး .."

ဟည်းဟည်းထတုန်ခါနေသည့် အသံကြီးတွေကြားမှာပင် .. ဘယ်ကဘယ်လို နိုးနိုးတကြီးနှင့် အော်ခေါ်နေသည့် အသံတွေမှန်းမသိ .. ကြားနေရ၏။ မြင်ကွင်းအားလုံးက ဖုန်အလိမ်းလိမ်းထကာ မည်းမည်းမှောင်နေသည်။ အဒီးလေး ဖွားမိုတို့ခြံဝင်းအစပ်မှ ကုက္ကိုပင်ကြီးမှာလည်း .. အရွက်များပင် မရှိတော့၊ လေထဲမှာ ပလူပျံနေအောင် ဝဲလွင့်နေကြကာ တခတ်ခတ်တုန်ခါနေသော အကိုင်းအခက်တွေသာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



…ကဲပါတစ်ခါ .. ထိုကုက္ကိုပင်ကြီးဆီမှ ပြေးရင်းလွှားရင်း ရောက်လာသည့် ကျွဲတွေက .. ရှင်ဘုတ်လှတို့၏ ခနော်နီခနော်နဲ့ အိမ်ကလေးကို တွန်းတိုက်သွားကြသည်။ ထိုသို့ တွန်းတိုက်သွားတိုင်းလည်း အိမ်ကလေးက သိမ့်ခနဲ သိမ့်ခနဲ ဖြစ်သွားကာ ဒေါ်ဖွားမှိုနှင့် ရှင်ဘုတ်လှတို့မှာ .. အသံပင်မထွက်ရဲဘဲ တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်တွယ်ထားမိလေသည်။

''ဝုန်း ..''

''ဖျောင်း ..''

ထို ဝိုင်းဝန်းဝှေ့ခတ်နေကြသည့် ကျွဲအုပ်ကြီး၏ အနောက်တက် ခပ်လှမ်းလှမ်းတွင်တော့ မီးဘုတ်မီးတိုင်များ ကိုင်ဆောင်ထားကြသော ရွာသားတွေမှာ .. ပြေးရင်းလွှားရင်း ကျုံးထွက်လာသည့် ကျွဲတွေကို .. ချော့တစ်လှည့် ခြောက်တစ်လှည့်ဖြင့် ဝိုင်းဝန်းဖမ်းနေကြသည်။

ထိုအခါမှပဲ .. ရှင်ဘုတ်လှတို့၏ ခနော်နီခနော်နဲ့ အိမ်ကလေး၏ ကြမ်းပြင်တစ်ခုလုံးမှာ သိမ့်ခနဲ ညွတ်ကျသွားသည်ကို မြေအဘွား နှစ်ယောက်စလုံး ငြိမ်တူဆိုသလို ခံစားလိုက်ရလေသည်။ ထိုအခါမှ .. ကြောက်ကြောက်နှင့် ဖွတ်အဘင်းမှိတ်ထားသော .. ဒေါ်ဖွားမှိုတို့ မြေးအဘွားမှာ မျက်လုံးတွေကို ယောင်ယမ်းပြီး ဖွင့်ကြည့်လိုက်ကြသေးရာ ..

လွန်စွာမှကြီးမားသော ခြေထောက်မည်းမည်းကြီးတစ်ဖက်က အိမ် အနောက်ပေါက်မှ ဝါးအခင်းကြမ်းပြင်ပေါ် လှမ်းတက်လာသည်ကို တွေ့လိုက်ကြရသည်။

''အောင်မယ်လေး ...''

ဘွတို့မြေးအဘွားနှစ်ယောက်မှာ သွေးပျက်မတတ် အော်ဟစ် လိုက်ကြပြီး ပေါက်ပြဲနေသော ထရံပေါက်မှခုန်၍ အိမ်အောက်သို့ တွန်ထိုးခုန်ချကာ တစ်ဟုန်ထိုး ထွက်ပြေးလေတော့သည်။

''အောင်မယ်လေး .. ကယ် .. ကယ်ကြပါဦး ..''

မကြာခင်မှာပဲ .. ခြေဦးတည့်ရာ .. စွတ်ရွတ်ပြေးကြသော ရှင်ဘုတ်လှတို့ မြေးအဘွား၏ နောက်ကျောဘက်ရှိ ကုက္ကိုပင်ကြီးဆီမှ ဟဝုန်းဝုန်း ဟဖျောင်းဖျောင်း အသံတွေနှင့်အတူ .. သတ္တဝါကြီး တစ်ကောင်၏ အော်ညည်းသံကြီးကို ကြားလိုက်ရလေတော့သည်။

□





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင်တော့ ရွာသားတွေမှာ .. ထို ကုက္ကို ပင်ကြီးရှိရာသို့ သုတ်ခြေတင် ပြေးလွှားပြီး သွားကြည့်ကြလေရာ .. နှစ်သက်ရှင်နေပြီဖြစ်သော ထိုကုက္ကိုပင်ကြီးမှာ .. အုံ့ညြှိုးရောကောင်းလောက်အောင် မြေကြီးပေါ်မှာ အတုံးအရုံး ပြိုလဲနေသည်ကို တွေ့ရလေသည်။

"ဟင် .. ဒါ .. ညက ကျွဲတွေဝိုင်းခတ်လို့ .. ဒီအပင်ကြီး လဲသွားတာပဲဖြစ်မယ် .."

"ဟာ .. ခင်ဗျားကလည်း လုပ်ရော့မယ် .. ကျွဲတွေ ဝိုင်းခတ်ရုံနဲ့တော့ ဒီအပင်ကြီးက လဲစရာလားဗျ .. ခင်ဗျားကြည့်လေ .. ဒီကုက္ကိုပင်ကြီးက ခင်ဗျားတို့ ကျုပ်တို့တစ်သက်မှ မကဘဲ .. နှစ်ပေါင်းကြာပြီဆိုတော့လည်း အမြစ်တွေက ခွေးမြည့်နေပြီး သူ့အလိုလို လဲကျတာပဲ ဖြစ်မှာပေါ့ .."





ထင်ရာတွေကို တစ်ယောက်တစ်ပေါက်တွေနှင့် ပြောဆိုနေကြသော ရွာသားတွေမှာ .. အခေါက်တွေ၊ အမြစ်တွေ ဖွာလန်ကြဲနေသော ကုက္ကိုပင်ကြီး လဲပြိုနေရာဘေးတွင် ရုံးစုရုံးစုတွေ ဖြစ်နေကြသည်။

ထိုအချိန်မှာပင် ထိုရိုတော့ရွာသူကြီး ဦးသာဆန်းတစ်ယောက် .. ခေါင်းပေါင်းစ တလူလူနှင့် ရောက်လာပြီး ..

"အပင်ကြီး လဲတာတော့ ထားပါတော့ကွာ .. နှစ်ပရိစ္ဆေဒကလည်း ကြာပြီဆိုတော့ ခွေးလောက်မြည့်လောက်ပြီပေါ့ .. ဒါပေမဲ့ မင်းတို့လည်း .. ကြားလိုက်ကြမှာပေါ့၊ ညက ဒီအပင်ကြီး ဝုန်းခနဲ လဲသွားတဲ့အချိန်မှာ ကြောက်စရာကောင်းတဲ့ အော်သံကြီးတစ်ခုကို .."

"ဟုတ်တယ် .. ဟုတ်တယ် ဘကြီးသာဆန်း ကျုပ်တို့လည်း ကြားလိုက်ရတယ် .."

"အေးဗျာ .. ဘယ်လိုများ ဖြစ်တာပါလိမ့် .."

ရွာသားအားလုံးက ရွာမှာ အသက်အရွယ်ကြီးပြီး သူကြီးလုပ်ကာ အုပ်ချုပ်နေသည့် ဘကြီးသာဆန်းထံမှ နောက်ထပ်ကြားရမည့် စကားသံတွေကိုသာ .. ကြားချင်နေမိကြ၏။

ထိုအချိန်မှာပဲ .. ညက မှောင်မှောင်ထဲမှာ ပြေးမိပြေးရာကို ပြေးရင်း ရွာဦးဘုန်းကြီးကျောင်းသို့ ရောက်သွားသည့် အမိုးလေး ဖွားမိုတို့ မြေးအဘွားမှာလည်း ထိုလူစုကြီးရှိရာသို့ ပြန်ရောက်လာကြ၏။ ဒေါ်ဖွားမို၏ မျက်နှာပေါ်တွင်တော့ အခုအချိန်အထိ တစ်စုံတစ်ရာကို သွေးပျက်ထိတ်လန့်စွာကြောက်ရွံ့နေသေးသလို .. ရှင်တုတ်လှမှာလည်း .. သူ့ အမြတ်ဘာနိုးနှင့် သိမ်းဆည်းထားသော ကျွဲရုပ်ကလေးမှာ ..



www.burmeseclassic.com

www.burmeseclassic.com

အပင်ကြီးနှင့်အတူရောပြီး ကြေမွပျက်စီးသွားလောက်ပြီဟု တွေးကာ စိတ်မကောင်းတွေဖြစ်ပြီး မျက်ရည်စတွေ ဝိုင်းနေ၏။

ထို့နောက်..သူကြီးဦးသာခဝန်းက မြေကြီးပေါ်မှာ သုန်းသုန်းကျ လဲပြိုသွားပြီဖြစ်သည့် ကုက္ကိုကိုင်းကြီးတစ်ခုပေါ် ဘက်ဝိုင်လိုက်ရင်း..

"အိမ်း.. ဖါတို့ရွာမှာ.. မကောင်းတဲ့ အနှောင့်အယှက်တွေများ ရှိနေပြီလား မဆိုနိုင်ဘူးကွဲ..၊ ဟိုတစ်လောကလည်း.. ဖိုးနီတို့အုပ်စု ညကြီးအချိန်မတော်.. မမြင်အပ်မတွေ့အပ်တာတွေ တွေ့လာခဲ့ပြီး သေလုမျောပါး ပြေးလာကြတာ..မဟုတ်မှလွဲရော ဒီ့အုထင်တော့ တစ်ခုခုများ မှားယွင်းနေပြီလား မသိဘူး.."

သူကြီးသေးမှာရပ်ပြီး နားထောင်နေကြသည့် လူစုကြီး အတွင်းမှ အဒိုးလေးဖွားမိုကတော့ သူကြီး၏စကားတွေကို မကြားတစ်ဝက်၊ ကြားတစ်ဝက်နှင့်ပင် ဖြစ်နေကာ.. ခပ်လှမ်းလှမ်းမှ ယိုင်နဲ့နေသည့် သူတို့အိမ်ကလေးရှိရာဆီသို့ စိတ်တွေက ရောက်နေ၏။

ထို့နောက် အဒိုးလေး ဖွားမိုမှာ..သူကြီးပြောဆိုနေသည့် စကားတွေကို ဆက်ပြီး နားမထောင်တော့ဘဲ ရှင်တုတ်လှလက်ကို ဆွဲကာ..သူတို့အိမ်ကလေးရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။

သူတို့ ခြေအသွားနှစ်ယောက် အိမ်ရှေ့သို့ရောက်သောအခါ.. ယိုင်နဲ့နဲ့ဖြစ်နေသော အိမ်လေးမှာ ဘာတစ်ခုမှ ဆိုးဆိုးရွားရွား ပျက်စီးမနေဘဲ.. အိမ်၏ အနောက်ဘက်မှ အမိုးကာသာ နိုးချက်ပြေကာ





နိမ့်လျှောလျှော ဖြစ်နေလေသည်။

"အောင်မယ်လေး.. တော်သေးတာပေါ့..၊ ငါ့အိမ်လေး သာမှ ဖြစ်မသွားတာ.."

အေါ်ဖွားမို့ တစ်ယောက် သူ့ရင်ဘတ်ပေါ် လက်နှင့်ဖိပြီး ရေရွတ်လိုက်စဉ်မှာတော့ ရှင်တုတ်လှမှာ.. ယိုင်နဲ့နေသည့် ဝါးအခင်း ကြမ်းပြင်တွေပေါ် တစ္ဆေးရွှမ်းနှင်းရင်း ပြေးတက်သွား၏။ ထိုစဉ်မှာပင် ရှင်တုတ်လှ၏ မျက်လုံးတွေက ပထွေညက ခြေထောက်မည်းမည်းကြီး တက်လာသည့် ဝါးအခင်း ကြမ်းပြင်ပေါ်သို့ အကြည့်ရောက်သွားလေသည်။

ထို ဝါးအခင်းကြမ်းပြင်ပေါ်မှာတော့..သူမ အမြတ်တနိုး ရှိလှသော ကျွဲရုပ်လေးကို အကောင်းပကတိအတိုင်း တအံ့တသြ တွေ့လိုက်ရလေတော့သည်။


"ဟင်.."

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မနွေညက ဖြစ်ပျက်ခဲ့သော အဖြစ်ဆိုးကြီးတွေကြောင့် အမိုးလေး ဖွားဆို၏ အတွေးတွေက တစ်နေ့လုံး အလုပ်ပင် ကောင်းစွာမလုပ်နိုင်ဘဲ ယောက်ယက်ခတ်လှုပ်ရှားနေ၏။ အရာရာကလည်း အယောင်ယောင်အမှားမှားတွေ ဖြစ်နေကာ မရေမရာ အတွေးတွေနှင့် သူ့တစ်ကိုယ်လုံး တုန့်တုန့်ယင်ယင်ပင် ဖြစ်နေ၏။ သကာယ်တော့ အမိုးလေး ဖွားဆို တစ်ယောက် ယခုကဲ့သို့ စိတ်ကယောင်ချောက်ချားတွေ ဖြစ်နေရခြင်းမှာ .. မနွေညက သူ ဖျက်ဆီးထင်ထင် မြင်လိုက်ရသည့် ခြေထောက်မည်းမည်းကြီးတစ်ဖက်ကြောင့်ပဲ ဖြစ်၏။





ဒီကြားထဲ .. သူကြီး ဦးသာခန်းပြောသည့် ရွာကို မကောင်းဆိုးရွားတွေ နှောင့်ယှက်နေသည်ဟူသော စကားတွေကလည်း သူ့နားထဲမှာ ထင်ခါတလဲလဲပင် ကြားယောင်နေမိလေသည်။ ပြီးတော့ တစ်ရွာလုံး အုတ်အော်သောင်းတင်းတွေ ဖြစ်နေသည့် ကျွဲသရဲဆိုသည့်ကိစ္စကလည်း သူ့ကို ဘုပသိဘမသိ ယောက်နနအဖွားကြီးတစ်ယောက်အတွက် .. သို့လောသို့လောနှင့်ပင် ဖြစ်နေမိသည်။

"ကျွဲ .. ကျွဲ သရဲ ...၊ ဒီ ကျွဲသရဲဆိုတဲ့ ကိစ္စကြီးက တို့ရွာမှာ အခုမှ ဘာကြောင့် ဒီလောက်တောင် ခြောက်လှန့်နေရတာလဲ .."

ထိုအတွေးများနှင့်အတူ .. အမိုးလေးဖွားမို၏ မျက်လုံးတွေက ရှင်တုတ်လှ လက်ထဲမှာ ဆုပ်ကိုင်ထားသော ကျွဲရုပ်ဆီသို့ မဆီမဆိုင်ပင် အကြည့်ရောက်သွား၏။

သို့သော် .. ဒီထက်ပိုပြီး ရှာရှာဖွေဖွေတွေ တွေးတောဖို့ ဉာဏ်မမီသော အမိုးလေး ဖွားမိုမှာ .. ဘာဆိုဘာမှ ထပ်ပြီး စဉ်းစားမနေဘဲ နှီးချက်ပြေကာ ခိုမ့်လျောကျနေသည့် သက်ကယ်အမိုးများကို ပြန်ပြီး ပြုပြင်နေလေသည်။

ဒါကို ရှင်တုတ်လှက ..

"ဝို့ လက်ထဲက အရုပ်ကို အဖွားက စိုက်ကြည့်နေပါလား ..၊ မဖြစ်ဘူး .. မဖြစ်ဘူး .. ဒီအရုပ်ကို အဖွားမမြင်နိုင်တဲ့ တစ်နေရာမှာ ထပ်ဖွက်ထားမှဖြစ်မယ် ..၊ ဘယ်နေရာမှာ ဝှက်ရင် ကောင်းမလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနှင့်အတူ ရှင်တုတ်လှမှာ.. ကျွဲရှပ်လေးကို ဆုပ်ကိုင်ထားရင်း အိမ်ပေါ်မှ လှစ်ခနဲ ပြေးဆင်းသွားလေသည်။ သူ့ခြေထောက်တွေကလည်း ဘယ်နေရာကို ဦးတည်ပြီးသွားရမှန်း မသိ.. ယောင်နန နှင့် ဖြစ်နေလေရာ ရွာလမ်းမအတိုင်း ဒိုက်စိုက် ဒိုက်စိုက်နှင့် လျှောက်လာမိလေသည်။

အရုပ်ထားဖို့နေရာကို ဟိုဟိုဒီဒီကြည့်ရင်း လျှောက်လာခဲ့သည့်မှာ အချိန်ဘယ်လောက်ပင်ကြာသွားမှန်းမသိ.. ရွာအပြင်မှ ဇရပ်အိုကြီးအနီးသို့ပင် တဖြည်းဖြည်းရောက်လာ၏။ ထိုနေရာသို့ ရောက်ကာမှ..

"ဟောဟို.. ဇရပ်အိုကြီးပေါ်က ထပ်နေရာရာမှာ ဝှက်ထားရင်လည်း ဖြစ်တာပဲ..၊ ဘာပဲပြောပြော ဒီနေရာက လူသွားလူလာလည်း ပြတ်တယ်.. လေဒဏ်မိုးဒဏ်လည်း ခံနိုင်တယ်ဆိုတော့.. ဒီနေရာက အကောင်းဆုံးပဲ.."

ရှင်တုတ်လှမှာ ထိုအတွေးနှင့်အတူ.. ဇရပ်အိုရှိရာသို့ ချက်ချင်းဆင် ခုန်ပေါက်ပြေးတက်ပြီး ပြေးလေတော့သည်။ ပြေးရင်းသွားရင်းနှင့်လည်း သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ကျွဲရုပ်ကို ပါးစပ်က တတွတ်တွတ်ပင် ပြောဆိုနေလေသည်။

"ကဲ.. ကျွဲကြီးရေ.. နင့်ကို တခြားနေရာတွေမှာ ဝှက်ထားဖို့ ငါနေရာတွေကို လိုက်ရှာပေမယ့်.. ဘယ်မှာမှ မတွေ့ဘူး..၊ အခုတော့ ဒီဇရပ်အိုကြီးက နင့်အတွက် အလုံခြုံဆုံးနေရာဆိုတာ ငါသိသွားပြီ.. နင် ဒီမှာ.. ခဏတော့ နေလိုက်ဦး.. အပြားက နင့်ကိုတွေ့ရင် ပေါက်ခွဲပစ်မှာ သိလား.."



ထိုအချိန်မှာပင် ကျယ်လောင်သော အသံကြီးတစ်ခုကို ဇရပ်အနီးရှိ အပင်ကြီးတစ်ပင်၏ နောက်အကွယ်မှ ကြားလိုက်ရလေသည်။

"ဟေ့.. ကောင်မလေး.. နင့်လက်ထဲက အရုပ်ကို ငါ့ကို ပေးစမ်း.."

ထိုအသံပိုင်ရှင်ကတော့ သိုက်ဆရာဦးဝတင်၏ အသံပင်..။

"ဟင်.."

ရှင်တုတ်လှမှာ ရုတ်တရက် အပင်ကြားမှ တိုးထွက်လာသည့် ဦးဝတင်ကို ကြည့်ကာ.. ခြေလှမ်းတွေ တုံ့ခနဲပင် ရပ်တန့်သွားပြီး နားမလည်နိုင်သော မျက်လုံးတွေနှင့် မင်သက်ငေးကြောင်မိနေလေသည်။ တစ်ချိန်တည်းမှာပဲ.. ရှင်တုတ်လှ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တဆတ်ဆတ်ပင် တုန်ရင်နေကာ.. သူနှင့် လက်တစ်ကမ်းအကွာသို့ ရောက်လာသည့် လက်ဝါးတဖြန့်ဖြန့်နှင့် လူကြီးကို ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

"ပေး.. ပေးစမ်း.. နင့် လက်ထဲက အရုပ်.."

"မပေးဘူး.. မပေးဘူး.. ဒါ.. ဒါ.."

အထိတ်ထိတ်အငေါ်ငေါ်တွေ ဖြစ်နေသော ရှင်တုတ်လှမှာ.. လက်ထဲမှ အရုပ်ကို ခန္ဓာကိုယ်အနောက်သို့ ကွယ်ဝှက်လိုက်ပြီး နောက်ဆုတ်နောက်ဆုတ်ဖြင့် လှည့်ပြေးရန် ကြိုးစားလေသည်။ ဦးဝတင်ကလည်း မရ..။ ရဲမျက်သီးတွေ ဟုန်းဟုန်းတောက်နေသည့် မျက်ရာကြီးဖြင့် ရှင်တုတ်လှအနီးသို့ တိုးကပ်လာပြီး လုယူဖို့ ကြိုးစားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်တုတ်လုကလည်း သူ့ အမြတ်တနိုးနှင့် သံယောဇဉ်တွေ တွယ်တာခဲ့ရသည့် အရုပ်ကို တစ်ကြိမ်တစ်ခါမှ မြင်ဖူးခြင်းမရှိသော လူကြီးတစ်ယောက်က အတင်းအဓမ္မ တောင်းယူနေသည်ကို ပါးစပ်က ခါးခါးသီးသီးပင် ငြင်းဆန်နေလေသည်။

''ဟင့်အင်း . . ဟင့်အင်း မပေးဘူး . . မပေးဘူး . . ''

ထိုအချိန်မှာပင် . . ဦးဝတင်က . .

''ဒီလောက်တောင် ဖြစ်လှတာ . . ပေး . . ပေးစမ်း . . ''

ဟုဆိုကာ ရှင်တုတ်လု၏ လက်ထဲမှ အရုပ်ကို အတင်းဝင်ပြီး လုလေသည်။ ရှင်တုတ်လုကလည်း ရုတ်တရက် ခေါင့်ဆွဲခံလိုက်ရသည့် လက်ထဲမှ အရုပ်ကို မရမက အတင်း ပြန်ပြီးလုလေရာ သူမ၏ လက်တစ်ဖက်က ဦးဝတင်၏ မျက်လုံးအစပ်မှ လေးမြှောင်ထားသော ဒက်ရာကြီးကို လှမ်းပုတ်လိုက်သလို ဖြစ်သွားလေသည်။

''ပုတ် . . ''

''အား . . . ''

ဦးဝတင်မှာ . . နာကျင်လွန်းသဖြင့် သူ့လက်ထဲမှ အရုပ်ကိုပင် လွှတ်ချလိုက်ပြီး ရှင်တုတ်လု၏ လည်ပင်းကို ဖျစ်ညှစ်သတ်ရန် . . လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်၏။

ထိုအချိန်မှာပင် . .

ဇရပ်အိုကြီးပေါ်မှ . . ပုဆိုးစုတ်တစ်ထည်ကို မျက်နှာပေါ်ရုံသာ လွှမ်းခြုံထားသော လူတစ်ယောက်က ဦးဝတင်၏ ကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်လေသည်။





ထိုသူကား မျက်နှာတစ်ခုလုံး လူရုပ်မပေါ်အောင် . . ချုပ်ရိုး ချုပ်ရာ ဗရပွနှင့် ဖြစ်နေသော အမာရွတ်တွေနှင့်လူပင် ဖြစ်လေသည်။ ထိုသူနှစ်ယောက် လုံးထွေးလားတွေ ဖြစ်နေကြသော အချိန်တွင်တော့ ရှင်တုတ်လုမှာ သူမြတ်နိုးသည့် ကျွဲရုပ်လေးကိုပင် ပြန်မကောက်နိုင်တော့ဘဲ ထိန်ဘောရွာဘက်ဆီသို့ သုတ်ခြေတင်ပြီး ပြန်ပြေးလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ရှက်တရက် .. ဒူးနှင့်ဝင်ဘောင်ကို တင်းကြပ်သည်း အသုံးချပြီး အပေါ်စီးမှ ခုန်အုပ်တိုက်ခိုက်လိုက်သော မျက်နှာမှာ အမာရွတ်တွေနှင့် လူကြောင့် ဦးဝတင်မှာ ရှေ့သို့ ဝမ်းလျားမှောက် လဲကျသွားခဲ့၏။

"ခုတ် .."

"ချောင်း .."

"အား .."

မြေကြီးပေါ် မှောက်လျက်ကြီး ဖြစ်သွားသော ဦးဝတင်မှာ ချက်ချင်းပင် ဒေါသနှင့် တစ်ပတ်လှိမ့်ထွက်လိုက်ပြီး ကျောပေါ်မှ အမာရွတ်တွေနှင့်လူကို ပြန်ပြီး ခုန်လေသည်။ သို့သော် .. အပေါ်စီးမှ ရထားသော လူ၏ လက်သီးချက်တွေက ဦးဝတင်၏ မေးရိုးတွေကို တချပ်ချပ် ထိ နေရုံမက သွေးရင်ကို ထောက်ထားသော ဒူးတစ်ဖက်ကြောင့်လည်း .. မလှုပ်သာ မရှုန်းသာဘဲ ဖြစ်နေလေသည်။

"ခွပ် .."

"ဖျောင်း .."

"အင့် .."



သူတို့နှစ်ယောက် လုံးလားထွေး...

သည့်မှာ အချိန်ဘယ်လောက်ပင် ကြာသွားမှန်း...

ကို ကိုင်ဆောင်ပြီး ပြေးလာကြသော ထိန်း...

"မလွှတ်စေနဲ့ဟေ့ .. အဲဒီလူကို ဖမ်း..."

"ဟိုတစ်ခါက စိန်တင့်ဆိုက အရှုံးကို ...

လည်း ဒီလူပဲ ဖြစ်မယ် .. ဟေ့ .. ဝိုင်း..."

ညာသံပေးပြီး ရောက်လာကြသည့် လူ...

နှမ်းဘယ်အစိတ်ထက်ပင်မနည်း ရှိ၏။ ထိုသူတွေ...

တို့ မြေအပွားအပြင် ဖိုးနီ၊ ကုလားကြီးနှင့် သိန်း...

ထို လက်ရဲဝက်ရဲသမားတွေပါ ပါလာကြ၏။

ထိုအချိန်မှာပဲ .. မျက်နှာတစ်ခုလုံး ...

တရဲရဲဖြစ်နေသည့် သိုက်ဆရာဦးဝတင်၏ လက်...

ဖမ်းချုပ်ထားသော အမာရွတ်တွေနှင့်လူက ..

"နေကြပါ .. နေကြပါ .. အားလုံးပဲ .. ...

ဒီလူ အခု မပြေးနိုင်တော့ပါဘူး .."

ဟုဆိုကာ ပိုင်းထားသော လူအုပ်ကြီး...

သော လက်နှစ်ဖက်ကို ဖြည်ကာ ဦးဝတင်အား ...

လိုက်လေသည်။

ထိုအခါမှ မျက်နှာတစ်ခုလုံး ရစရာမရှိ... ရွတ်ကြီးတွေ ရှိနေသည့် လူကို ဖိုးနီတို့အုပ်စုက ...

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com

"သ .. သ .. သရဲ ..၊ ကျွန်တို့ ဟိုဘက်ရက်က ဇရပ်ပေါ်မှာ တွေ့လိုက်ရတဲ့ သရဲ .."

ဟုဆိုလိုက်လေရာ .. အမာရွတ်တွေနှင့် လူမှာလည်း မှာမှာ သလဲနှင့် ..

"မဟုတ်ဘူး .. မဟုတ်ဘူး .. ကျုပ် .. ကျုပ် ဒီကိစ္စကို အစ ရှင်းပြပါမယ် ..၊ ကျုပ်ကို အထင်မလွဲကြပါနဲ့ .."

လူအုပ်ကြီးမှာ .. နောက်သို့ အလိုလို ဆုတ်သွားကြသော်လည်း ခြေတခါခါ လက်တခါခါနှင့် ပြောဆိုနေသည့် အမာရွတ်ရှင့်လူ၏ မျက်နှာကြီးကိုကြည့်ကာ ကြက်သီးမွေးညင်းတွေ ထဖျန်းဖျန်း ထနေကြ၏။ ထိုနောက် အမာရွတ်များနှင့် လူက .. ဦးဝတင် ဒူးထောက်လျက် လဲကျနေသည့် နေရာကို စိုက်ကြည့်ပြီး ..

"အစက ဒီလူ့ကို ကျုပ်တို့တွေ လူတောင်းထင်ပြီး ဆရာတင်ခဲ့ကြတာပါ .. ဒါပေမယ့် ခွတ်တွက်မှ တောင်ပို့မှုန်း သိခဲ့ရတယ် ..၊ သိတဲ့အချိန်မှာတော့ အချိန်နှောင်းသွားပြီဗျာ။ ဒင်းကြောင့် ကျုပ်ညီလည်း သေရတယ်။ နောက်ထပ် အဖြစ်ဆိုးနဲ့ သေရတဲ့ အခြားတစ်ယောက်ကတော့ ဟောဟိုက ကလေးမလေး ရှင်တုတ်လှရဲ့အဖေ ကိုဘဆောင်ပဲ .."

ရုတ်သရက်ကြားလိုက်ရသော စကားကြောင့် ဒေါသတ်ထတ် လည်မှာ ဝိုင်းကြည့်နေကြသည့် လူအုပ်ကြီးမှာ လွန်စွာမှ တအံ့တသြ တွေနှင့် ဖြစ်ကုန်ကြကာ ..





"ဟင် .. ဘယ်လို .. ရှင်တုတ်လှရဲ့အဖေ ကိုဘဆောင် .. ဟုတ်လား .."

"ဘာ .. ကျွန်တို့ရွာက ကျွဲကျောင်းသမား ကိုဘဆောင် .."

"ဘဆောင် သေပြီ .. ဟုတ်လား .."

လူအုပ်ကြားထဲမှာ ရပ်ကြည့်နေသည့် ရှင်တုတ်လှတို့ မြေးအဘွားမှာလည်း၊ ထိုအခါမှ .. ရင်ဘတ်ပေါ်လက်နှင့်ဖိကာ .. ကာလ အတန်ကြာ ပျောက်ဆုံးနေသော ကိုဘဆောင်၏ အဖြစ်ဆိုးကြီးကို ကြားလိုက်ရပြီး ..

"အလိုလေး .. ဘဆောင်ရယ် .. သေမှပဲ မင်းသတင်းကို ကြားရတော့တာပါကလား .. ဘဆောင်ရဲ့ .."

အဘိုးလေး ဖွားဒို၏ သိမ့်ခနဲ ငိုရှိုက်လိုက်သည့် အသံနှင့်အတူ ရှင်တုတ်လှ၏ အင့်ခနဲ ငိုသံကလည်း လူအုပ်ကြီးကြားတွင် ဆို့ဆို့နင့်နင့် ပင် ထွက်ပေါ်လာလေသည်။

ထို့နောက် .. အမာရွတ်နှင့်လူက .. ဆက်ပြီး ..

"ဖြစ်ပုံကို အစအဆုံး နားထောင်ချင်တယ်ဆိုရင်တော့ ဒီလိုဗျ။ ကျွန်နာမည်က အောင်ခင်တဲ့၊ ကျုပ်ညီနာမည်ကတော့ အောင်မောင်းလို့ ခေါ်တယ်။ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်က လောကီပညာတွေကို စိတ်ဝင်စားလွန်းလို့ သင်ပေးနိုင်မယ့် ဆရာကို နယ်တကာလှည့်ပြီး ရှာနေခဲ့တာပဲ။

အဲဒီလိုရှာရင်း သဖန်းစုပဲ့ဘက်က တယ်လူးကုန်းရွာဇရပ်မှာ ခဏဝင်နားတုန်း ဖဲသမားတွေလက်ချက်နဲ့ သေကောင်ပေါင်းလဲဖြစ်နေတဲ့ ဘဆောင်ကို တွေ့ရတော့တာပဲ။ ကျုပ်တို့ ညီ



www.burmeseclassic.com

www.burmeseclassic.com

အခ်ိန္က ေဆးဆါးကုသေပးလိုက္လို႔ ေနေကာင္းလာတဲ့အခါ ဘေဆာင္က က်ဳပ္တို႔နဲ႔အတူ လိုက္ပါရေစလို႔ ေတာင္းပန္တာနဲ႔ ေခၚလာခဲ့တယ္။

အဲ . . . သုံးေယာက္သား နယ္တကာလွည့္ၿပီး ဆရာရွာေနတုန္း က်ဳံဆိုရင္ေတာ့ ေဟာဒီက လူယုတ္မာနဲ႔ေတြ႕ၿပီး ဆရာတင္ၿပီးကြၽပါေလေရာဗ်ား။ သူက သူလိုခ်င္တဲ့ပစၥည္းကိုသာ ရေအာင္ရွာေပးမယ္ဆိုရင္ ပညာကုန္စင္တတ္ေအာင္ သင္ေပးမယ္ဆိုလို႔ . . . ''

❑



''ဆရာႀကီးလိုခ်င္တဲ့ပစၥည္းက ဘာမ်ားတုန္း ခင္ဗ်ာ . . ''

ေအာင္ခင္က တရိုတေသ ေမးလိုက္၏။ ေပါက္ေပါက္ေခ်ာင္းႏွင့္ ဘေဆာင္တို႔ကလည္း ေနာက္ဘက္နားတြင္ ၿငိမ္ၿငိမ္ေလးထိုင္ကာ နားစြင့္ေနၾက၏။

လူယုတ္မာ ေအာက္လမ္းပညာရွင္ ဦးဝတက္က

''ကြၽဲရဲ႕ဦးေခါင္းက ရတဲ့ အျမဴေတ တစ္မ်ိဳးပဲကြ။ ႐ိုး႐ိုး ဘာသာစကားနဲ႔ 'ေမာေတာမဲ'လို႔ ေခၚတယ္''

(မွတ္ခ်က္။ ။ ပဲခူးနံကဂိုင္းယယ္ေတာ္ ရွမ္းေခ်ာင္တြင္ အသေကၤမွာမင္းသားသည္ နတ္သမီးက လွည့္ဖြားေပးလိုက္ေသာျဖင့္ ကြၽဲဦးေခါင္းထဲရွိ ေမွ်ာ္ရာထ္ရြှေစင္ကို ေပးရန္ ကြၽဲေခါင္းကို ျဖဳတ္ယူ ပည်ပါ အဆိုရွိေသာ္လည္း တခ်ိဳ႕ေသာ ပညာရွင္မ်ားကမူ ေမွ်ာ္ရာထ္ရြှေစင္ကို ရယူသည္မဟုတ္ဘဲ 'ေမာေတာမဲ'အျမဴေတကို ရယူျဖတ္ယူသည္ဟု ဆိုၾက၏။

ကြၽဲဦးေခါင္း ကြၽဲခ်ိဳတြင္ ေရွ႕ရွိသည္ဟူေသာ ေမွ်ာ္ရာထ္ႏွင့္ စာလွ်င္ အျမဴေတဟူေသာအဆိုက ပိုၿပီး နီးစပ္မည္ဟု ထင္ပါသည္)

ေအာင္ခင္က နားမလည္နိုင္စြာျဖင့္


www.burmeseclassic.com

"မောဒေတမဲအမြို့တော်ဆိုတာ ဘာလဲ ဆရာကြီး"

"မွန်ဘာသာစကားနဲ့ 'မောဒေ'ဆိုတာ 'မျက်စိ'ကိုခေါ်တာ၊ 'မဲ'ဆိုတာ 'တစ်'တဲ့။ အဓိပ္ပာယ်ကတော့ မျက်စိတစ်လုံးနဲ့ တူတဲ့ အမြို့တော်ပေါ့ကွာ"

ဘဆောင်က မရဲတရဲ ဝင်မေးသည်။

"အဲဒါက ဘာစွမ်းတာလဲ ဆရာကြီး"

"ဟာကောင်ရ...၊ မျက်စိပါဆိုမှ မြင်နိုင်တာပေါ့ကွ။ မြေဖုတ်ပြဿာတွေက ကမ္ဘာ့ဇိမ္ဗိနဲ့ ခြေကြီးထဲမှာ ကွယ်ဝှက်ထားတဲ့ ရတနာတွေကို မြင်ရတယ်တော့... ရှင်းပြီလား"

ထိုစကားကြောင့် သူတို့အားလုံး 'ဟယ်'ခနဲ 'ဟာ'ခနဲ ဖြစ်သွားကြ၏၊ ဦးဝတင်က ဆက်၍...

"အဲဒီ 'မောဒေတမဲ'အမြို့တော်ကို ပိတ်စအနီနဲ့ ပတ်၊ ညအိပ်တဲ့အခါ အဲဒီအဝတ်ကို နဖူးမှာစည်းပြီး အိပ်ရင် ရတနာတွေရှိတဲ့ နေရာကို အိပ်မက်ထဲမှာ မြင်ရရောကွ။ မနက်ကျမှ သွားပြီး တူးဖော်ယူလိုက်ရုံပဲ"

"ဆရာကြီးပြောတဲ့ 'မောဒေတမဲ'အမြို့တော်ကို ဘယ်မှာသွားပြီး ရှာရမလဲဟင်"

အောင်ခင်တို့ ဘဆောင်တို့ လှသိုက်ကား ဒေဝဒတ်ကို ဆရာတင်မိကြလေပြီ၊ အမြော်အမြင်ကြီးမားသော အထက်လမ်း လောကီပညာရှင်တို့က 'မောဒေတမဲ'အမြို့တော်ကို သေသမားသူတို့လက်ထဲ မရောက်စေရန် အင်းတော် ကသာအနီး မှန်ကင်းတောင်တန်းပေါ်ရှိ ကျောက်ပုထိုးစေတီထဲတွင် ဌာပနာထားခဲ့သည်။





အခု...လှူယုတ်မာ ဦးဝတင်ကား အောင်ခင်တို့လူစုကို ထိုစေတီ ဌာပနာတိုက်အား ခိုးဖောက်ပြီး အမြို့တော်ကို ယူဖို့ ခိုင်းလေတော့သည်။ လောဘသားတစ်သိုက်ကလည်း နောင်လာမည့် သံသရာဘေးကို မကြောက်ဘဲ လကွယ်ညတစ်ညတွင် ဘုရားဌာပနာတိုက်ကို သွားခိုး ဖောက်၏။

ဦးဝတင်ကား အကြောင်းတစ်စုံတစ်ရာပေါ်လျှင် သူတို့သုံးယောက် ထွက်ပြေးရမည့်လမ်းကို သေသေချာချာ မြေပုံဆွဲပြီး ပြထားသည်။ ဘကာယ်တော့ ထိုလမ်းမှာ လွတ်မြောက်ဖို့အခွင့်အရေး နည်းပါးသော တောင်ကြားလမ်းသာလျှင် ဖြစ်၏။ သူကိုယ်တိုင်ကတော့ သေချာပေါက်လွတ်မြောက်နိုင်သည့် လျှို့အတိုင်းပြေးဖို့ ကျိတ်ပြီး ကြံစည်ထားသည်။

အောင်ခင်တို့သုံးယောက်ကို ထိုးကျွေးပြီး သူတစ်ယောက်တည်း ကိုယ်လွတ်ရုန်းမည့် စိတ်ကူးပင်။

□

www.burmeseclassic.com

ဘုရားဌာပနာကိုဖောက်သည့် ညတာ။ သူတို့အားလုံးအတွက် 'ဘဝပျက် စွန့်စားခန်း' ပင် ဖြစ်တော့သည်။

ဌာပနာတိုက် ပေါက်လုပေါက်ခင်မှာပင် ကျားပါးဆပ် ရေနံဆီမီးအုပ်ဆောင်းတို့ ကိုင်ဖျောက်ပြနေသော ဦးဝတင်၏ လက်ပေါ်သို့ ဂူအမိုးထက်မှ လင်းနို့တစ်ကောင် အခွေလိုက် ပြုတ်ကျလာခဲ့သည်။

"ဘုတ်..."

"ဟဲ့.. သောက်ခွေး"

"ဂလွမ်"

လင်းနို့မှို့ အဆိပ်မရှိသောကြောင့် မြွေကိုက်မခံရသော်သည်း ဦးဝတင်က အကြောက်လွန်ပြီး ယောင်ယမ်းလွှင့်ပစ်လိုက်သည့် ရေနံဆီမီးဆိမ်က အစိုးအရားမှ ဝါးရွက်ခြောက်တို့ကို လောင်ကျွမ်းပြီး မီးတောက်များ ထွက်ပေါ်လာလေတော့သည်။

ဘုရားကျွန်းတော်အပေါ်မှ ဟုန်းခနဲထတောက်သော မီးစွယ်များကို မြင်ရသည်နှင့် တောင်ခြေမှ ရွာသားများက တစ်စုံတစ်ခု ထူးခြားနေပြီမှန်း ရိပ်မိပြီး မောင်းထု လူစုကာ လက်နက်ကိုယ်စီဖြင့် ပိုင်းလာကြလေတော့သည်၊



လူပုတ်မာ ဦးဝတင်ကား [illegible] တည့်တည့်တိုးမည့် တောင်ခြေလမ်း[illegible] ကတော့ လျှိုထဲသို့ ခုန်ချသွားလေ၏။ [illegible] ညိုခန်ကိုနှစ်ယောက် ဘုရားကျွန်းတော်[illegible] လည်း ဘခေါင်ကတော့ မပြေးနိုင်သေး။ [illegible] တို့ ဓောက်နေ၏။

သူ့လက်ထဲမှ သံတူရွင်းဖြင့်

"ကဲဟာ ... ကဲဟာ"

"ခွပ် .. ခွပ် .. ခွပ် .. ချွမ်း"

လေး၊ ငါး ဆယ်ချက်မျှ ခပ်ကြမ်းကြမ်း[illegible] မှ ခွေးမြေနေသော အတွင်းဌာပနာ အုတ်အကာ[illegible] လေတော့သည်။

အထဲမှာတော့.. ကျောက်ကလပ်ပေါ်တင်ထား[illegible] တဝင်းဝင်းတောက်ပနေသော 'မောတေမ်' အမြှုတေကို မြင်[illegible] ၏။ ထိုအမြှုတေကို နှိုက်ယူပြီး လှည့်ထွက်ချိန်မှာတော့ [illegible] တစ်ယောက် ထွက်ပြေးဖို့ အလွန်နောက်ကျနေပြီဖြစ်၏။

ဘုရားကျွန်းတော်အစပ်မှ ငုံ့ကြည့်လိုက်သော[illegible] ခါးပန်းတွင်းရွာသားများက ဘခေါင်ခင်ကို ဝိုင်းပြီး [illegible] ကို မြင်ရ၏၊ (ထိုစဉ်ကရခဲ့သော ဓားဒဏ်ရာဒဏ်[illegible] ဘခေါင်ခင်မှာ နောင်အခါတွင် သရဲသဘက်တမျှ [illegible] တန်သော မျက်နှာရှုပ်အဆင်းပိုင်ရှင် ဖြစ်ရလေတော့[illegible])



www.burmeseclassic.com

www.burmeseclassic.com

ညီပြွန်သူ အောင်မောင်းကတော့ သူ့ကို ဝိုင်းရံထားသော ရွာသားလေးယောက်ကို မီးတုတ်ဖြင့် ပစ်ပေါက်လိုက်ပြီးနောက် တောင် စောင်းအတိုင်း ကိုယ်ကို ခိုက်ခိုက်ကမ်းကမ်း လိမ့်ချပြီး လွတ်မြောက် သွားလေသည်။

ဘခေါင်ကား လွတ်လမ်းမမြင်သဖြင့် သစ်ပင်ပေါ်တက်ပြီး ပုန်းနေသည်။ သူ ကံကောင်းသွား၏။ ရွာသားများက အောင်ဒင့်ကို သေလောက်ပြီအထင်နှင့် ပစ်ထားခဲ့ပြီး လွတ်မြောက်သွားသော အောင်မောင်းနောက်သို့ လုံးစုခဲ့ပြီး လိုက်ရှာကြလေသည်။

❑





ဘခေါင်ကတော့ အရုဏ်ရောင်ခြည်လင်းလုမှပင် သစ်ပင် ပေါ်မှ ဆင်းခဲ့တော့သည်။ ဓားဒဏ်ရာများဖြင့် လဲနေသော အောင်ဒင် ကို စမ်းကြည့်ရာ မသေသေးမှန်း သိရသဖြင့် ကျောပေါ်ထမ်းပြီး 'မန်းဆောက်' သို့ ရောက်သည်အထိ တောလမ်းအတိုင်း ခက်ခက်ခဲခဲ သယ်လာခဲ့ရလေတော့သည်။

မန်းဆောက်အနီး မန်စုရွာအရောက်တွင် ဆေးဆရာတစ်ဦးနှင့် တွေ့ပြီး ရွာပြင်ဇရပ်တွင် တည်းခိုနေထိုင်ကာ ဆေးကုခဲ့ရသည်။ ရက် (၂၀) ကျော် ကြာမြင့်မှ အောင်ဒင်တစ်ယောက် လူကောင်းပကတိသို့ ပြန်ရောက်လေသည်။

ရွာသားများလက်မှ လွတ်မြောက်သွားသော အောင်မောင်းက လည်း အင်းတော်နှင့် နဘားတစ်ဝိုက်တွင် ရပ်ဖျက်ကာ ရှောင်တိမ်း ပုန်းအောင်းရင်း သူ့အစ်ကိုနှင့် ဘခေါင်တို့၏ သတင်းကို စုံစမ်းသိရှိ ပြီး မန်စုရွာသို့ ရောက်လာလေတော့၏။

သူတို့သုံးယောက်သား ပြန်ဆုံမိကြသောအခါ တစ်ပတ် ဆယ်ရက်မျှ အနားယူ အားမွေးကြပြီးနောက် ရွှေဘို ကျောက်မြောင်း သို့ ဧရာဝတီမြစ်အတိုင်း လှေကြီးဖြင့်လိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပျောက်သို့ ပျောက်ဖို့အတွက်ဟား နာမည်ကြီးလှသော မဲဇာတောကို ဖြတ်သန်း၍ မဲဇာချောင်းအတိုင်း စုန်ဆင်းရမည်ဖြစ်လေသည်။ အောင်ခင်ကတော့ သူဘေးကသူမှ ခံယူနေရသည့်တစ်ချောက် ထမင်းကျော် ဟင်းကျန်ကျွေးကာ မွေးမြူထားသော ခွေးနီနှင့် ခွေးကြီးအမည်ရှိ ခွေး နှစ်ကောင်ကိုပါ ခေါ်လာမည်ဟု ဆို၏။ ဖောင်ဖွဲ့ပြီး စီးကြသောအခါ ဘခေါင်က သူသိမ်းဆည်းထားသော 'မောတေမဲ'အမြုတေကို ထုတ် ယူပြီး

"ဒီအမြုတေကိုတော့ ကိုအောင်ခင်ပဲ ယူထားလိုက်ပါတော့ ဗျာ"

အောင်ခင်က ခေါင်းကိုခါယမ်းပြီး

"မဟုတ်တာကွာ၊ မင်းနဲ့ထိုက်လို့ ရလာတဲ့ဟာ . . . မင်းပဲ ယူထားပါ"

"မဖြစ်ပါနဲ့ . . . ကိုအောင်ခင်ရာ။ ပံသမားတွေလက်ချက်နဲ့ သေကောင်ပေါင်းလဲဖြစ်နေတဲ့ ကျွန်တော့်ကို ကယ်ခဲ့တဲ့ ကျေးဇူးအတွက် အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်ကို ဒီဥစ္စာ နဲ့ပဲ ပြန်ဝေပါရစေ။ ပြီးတော့ ဒီအမြုတေကို ရှာတဲ့အထဲမှာ လည်း အစ်ကိုအောင်ခင်က အနစ်နာအခံရဆုံးလူ ဖြစ်နေ လို့ပါ"

"ဒါတွေ . . . ထည့်တွက်မနေစမ်းပါနဲ့ ဘခေါင်ရယ်။ ငါတို့ ကိုက 'အ'လို့ 'နှ'လို့ လူယုတ်မာကို ဆရာတင်မိတာကိုး"

အောင်မောင်းက တောက်တစ်ချက်ခေါက်လိုက်ရင်း . . .

"ဟုတ်တယ် . . . အစ်ကိုရာ။ ကျုပ်တော့ အဲဒီလူယုတ်မာကို





မတွေ့တွေ့အောင်ရှာပြီး သတ်ပစ်မယ်လို့ သံဓိဋ္ဌာန်ချထား တယ်"

အောင်ခင်ကတော့ သူ့ညီ၏စကားကြောင့် ခေါင်းကို တဆတ် ဆတ် ညိတ်နေ၏။ ဘခေါင်ကမူမှာတော့ သူ့လက်ထဲက 'မောတေမဲ' အမြုတေကိုသာ ငိုင်ငိုင်တွေတွေ ကြည့်နေမိလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ကိုညမှာပင် ဘခေါင်တစ်ယောက် အိပ်မက်ဆိုးတစ်ခုကို မက်လေသည်၊ အိပ်မက်ထဲတွင် သူ့ကိုယ်ပေါ်၌ အမည်းရောင်အမွေး ရှည်ရှည် ကြမ်းကြမ်းများ ပေါက်နေသည်။ သူ့ခြေထောက်ကိုလည်း တိုင်ငုတ်တစ်ခု၌ ကွဲချည်နှောင်ထားခြင်း ခံနေရ၏၊

ဘယ်ကိုမှ လှုပ်မရ၊ ခြေမရ၊

ထိုစဉ်မှာပင် . . . မျက်လုံးများ မီးဝင်းဝင်းတောက်နေသော ကျွဲနက်ကြီးတစ်ကောင်သည် အမှောင်ထဲမှ တရွေ့ရွေ့ ထွက်လာပြီး သူ့ဆီသို့ တစ်လှမ်းချင်း လျှောက်လာ၏။

ကျွဲနက်ကြီးက . . .

"မင်းနိုးယူလာတဲ့ အမြဲတေက ငိုပစ္စည်းကွ။ ငါစောင့်ရှောက် နေရတာ နှစ်တွေ မနည်းမနော ကြာသွားပြီပဲ။ မိုက်ပ . . ဘခေါင်ရာ၊ မြေကြီးထဲက သိုက်စောင့်ရတနာတွေကို လိုချင်တာနဲ့ ငါ့ကိုများ ဘုရားဆိုင်း တရားနိုပ်အောက်ကနေ အပြင်လောကကို ခေါ်လာရဲတယ်လို့ . . . ဟင်း . . . ဟင်း . ."

"မဟုတ်ဘူး . . . မဟုတ်ဘူး . . .၊ ကျွန်တော် သိုက်တူးမလို့ မဟုတ် . . ."

"ခတော်စမ်း . . .၊ မင်းအပြစ် မင်းခံရမယ်။ မင်းသေရင် ကျွဲ ခန္ဓာကိုယ်နဲ့ တစ္ဆေဗြိတ္တာပြန်ဖြစ်ပြီး အဲဒီအမြဲတေကို စောင့်ရှောက် ရမယ် နားလည်လား"

"ဟင့်အင်း . . . ဟင့်အင်း၊ မလုပ်ပါနဲ့ . . မလုပ်ပါနဲ့"

ဘခေါင်က ဦးချိုဝိုင်းကြီး၊ ယမ်းကာယမ်းကာဖြင့် ခေါင်း





တလှုပ်လှုပ်နှင့် ကပ်လာသော ကျွဲကြီးကို တွန်းဖယ်ဖို့ သူ့ လက်နှစ်ဖက်ကို မြှောက်ကာလိုက်ရာ . ."

"ဟင်"

သူ၏ လက်နှစ်ဖက်စလုံးတွင် လက်ချောင်းများမရှိတော့ဘဲ အမွေးကြမ်းမည်းမည်းကြီးများနှင့် ကျွဲခွာနှစ်ဖက်ကိုသာ တွေ့လိုက်ရ သောကြောင့် လန့်ဖျပ်ကာ

"အား . . ."

အော်ဟစ်ရင်း ချွေးသီးချွေးပေါက်များကျကာ လန့်နိုးလာသည့် ဘခေါင်ကို အောင်ခင်တို့ ညီအစ်ကိုက အကျိုးအကြောင်း ဝိုင်းမေး ကြ၏။ ဘခေါင်က အလုံးစုံပြောပြလိုက်သောအခါ အောင်ခင်က ဘာမှ မပြောဘဲ တွေတွေငေးငေး လုပ်နေသော်လည်း ညီဖြစ်သူ အောင်မောင်း ကတော့ ဘခေါင်ထံမှ အမြဲတေကို တောင်းယူကာ ပွတ်သပ်ကြည့် ရင်း . . .

"အင်း . . . ဒါနဲ့တော့ တွေ့ကြသေးတာပေါ့"

ဟု ကြိုးဝါးလိုက်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

မဲဇာချောင်းအတိုင်း မောင်ဖြင့် စုန်ဆင်းလာကြပြီး ညနေအရောက်တွင် မောင်ကို ကမ်းနှင့်ကပ်ကာ လှေရောအွေးပါ ကုန်းပေါ်တက်ပြီး ချက်ပြုတ်စားသောက်ကြသည်၊ ထို့နောက် . . . တိုကာမ်းဆယ်မှာပင် ညအိပ်စခန်းချ၍ ပြင်ဆင်ကြ၏။

မီးဆုံဖိုပြီးပတ်ပတ်လည်တွင် အိပ်စက်ဖို့ ပတ္တူဖျာကြမ်းများ ခင်းပြီးကြသောအခါ အောင်မောင်းက

"ဘဆောင်ရေ မင်းရဲ့ အမြုတေကို ငါ့ ခဏ ငှားစမ်းကွာ"

မျှော်လင့်မထားသောစကားကြောင့် ဘဆောင် မျက်လုံးအဝိုင်းသားဖြစ်သွား၏။ သို့သော် . . . ဘာမှ စောဒက မတက်ဘဲ လည်ပင်းတွင် ချည်ကြိုးဖြင့်ဆွဲထားသော 'မောတေမဲ' အမြုတေကို ကမ်းပေးလိုက်သည်။ ပြီးတော့မှ . . . ဘဆောင်က မရဲတရဲဖြင့်

"ဘာလုပ်မလို့တုန်း . . . ကိုအောင်မောင်းရဲ့"

အောင်မောင်းက သူ့ ကြိုကြိုတင်တင် ရှာဖွေထားဟန်ရှိသော ပိတ်စအနီကို ဖျင်ကြမ်းလွယ်အိတ်ထဲမှ ထုတ်ယူလိုက်ရင်း





"စမ်းကြည့်မလို့လေကွာ။ မင်းရဲ့အမြုတေကို နဖူးမှာစည်းအိပ်ပြီး ရတနာတွေရှိတဲ့နေရာကို အိပ်မက်တောင်းမလို့။ ဟဲ . . ဟဲ . . တကယ်စွမ်းရင်တော့ . . . မနက်ကျရင် ဟောဒီ မဲဇာတောထဲက မြေအောက်ရတနာတွေကို သွားတူးရုံပဲ။ မစွမ်းရင်တော့ ဒီအမြုတေကို မဲဇာချောင်းထဲ ပစ်ချခဲ့မယ်ဟေ့။ မင်းလည်း ဘာမှ ဥပဒ်စွဲမနေနဲ့တော့ . . ဘဆောင်ရေ"

ဘဆောင် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ အားကိုးတကြီးဖြင့် အောင်ခင်ရှိရာဆီသို့ လှမ်းကြည့်မိသော်လည်း အောင်ခင်က ကွမ်းတစ်ယာကို တမြုံ့မြုံ့ဝါးရင်း အမှောင်ထုထဲသို့ ငေးမောနေသည်။

သူ့ညီ၏ ဆုံးဖြတ်ချက်ကို အားမပေးချင်သော်လည်း မကန့်ကွက်သည့်သဘောပင်။ ရွှေနီရောင် ရွှေတိုးအမည်ရှိ ခွေးနစ်ကောင်ကတော့ အောင်မောင်းလက်ထဲမှ အမြုတေကို မြင်သည်နှင့် ဆွဲဆွဲငင်ငင် အူလိုက်ကြ၏။ ဘဆောင်က သက်ပြင်းကိုသာ ချလိုက်မိတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



နောက်ထစ်နေ့ မနက်တွင်ကား . . .

"အစ်ကိုအောင်ခင် . . အစ်ကိုအောင်ခင် . .၊ ထပါဦးဗျ . . အစ်ကို့ညီ မရှိတော့ဘူး"

ဘခေတင်၏ ထိတ်လန့်တကြား လှုပ်နှိုးသံကြောင့် အောင်ခင် လူးလဲထကြည့်လိုက်သည်။ အောင်မောင်းကိုကား မတွေ့ရတော့ချေ၊ ညက သူအိပ်ခဲ့သောနေရာတွင် ပိတ်စအနီဖြင့် စည်းထားသော 'မောတေမဲ' အမြုတေကိုသာ တွေ့ရသည်။

အောင်ခင်က ထိုအမြုတေကို ကောက်ယူလိုက်ရင်း

"ဒီ အနီးအနားမှာ တပိုတပါးသွားတာရော ဖြစ်နိုင်ဘူး လား"

ဘခေတင်၏ စိတ်ထဲတွင်တော့ သေချာသိသည်ကိုမဟုတ်နိုင်မှန်း အလိုလိုသိနေ၏၊ ဘာမှလည်း မတတ်နိုင်၊ အောင်မောင်းပြန်အလာကို ထိုင်စောင့်နေကြရုံသာ။





ဒီလိုနှင့် နေ့ဝန်းတစ်ဖျားမှသည် မွန်းသာတည့်လာခဲ့၏။

"ရှာဘနာတွေရှိတဲ့နေရာကို အိပ်မက်မက်လို့ သွားတူးတယ် ဆိုရင်လည်း ငါတို့ကို နှိုးပြီး ပြောသွားဖို့ ကောင်းတာပေါ့ကွာ။ ခုတော့ . . . ဘယ်ကိုသွားမှန်းလဲ မသိရ ဘယ်လောက်ဝေး မှန်းလဲ မသိရနဲ့"

အောင်ခင်က တဖျစ်တောက်တောက် ရေရွတ်သည်။ နေစောင်း လာလေလေ ပိုပြီး ဂနာမငြိမ်လေလေ ဖြစ်လာသော ဘခေတင် ကတော့ . . .

"အစ်ကိုအောင်ခင်နဲ့ ကျွန်တော်နဲ့ နှစ်ယောက်သား တောနင်း ရှာကြည့်မယ်လေ . . မကောင်းဘူးလား"

"အခုမှတော့ ဒီနည်းပဲ ရှိတော့တာပေါ့ကွာ။ ဒါပေမဲ့ . . . မလွယ်ပါဘူး ငါ့လူရာ၊ ဒီလောက် လူမနီးသူမနီးတဲ့ မဲဇာ တောကြီးထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်း တောနင်းရှာဖို့ ဆိုတာက . . "

ညည်းညည်းညူညူနှင့်ပင်၊ ခွေးနှစ်ကောင်ကိုခွဲကာ အော်ဟစ်အသံပေးရင်း လိုက်ရှာကြသည်။ တကယ်လည်း တောက နက်လှ သည်။ သွားစရာလမ်းဟာလည်း မရှိ၊ ချုံတွေထဲ တိုးရ၊ လျှိုမြောင်ထဲ ဆင်းရနှင့် ခရီးမတွင်။

ညနေဆည်းဆာချိန်ရောက်သောအခါ သူတို့နှစ်ယောက်စလုံး ခြေကုန်လက်ပန်းကျပြီ။ အမှောင်ရိပ်ကလည်း သမ်းပြီ၊ တောထဲမှာမို့ မှောင်လျှင် အန္တရာယ်များသည်။ အောင်ခင်နှင့် ဘခေတင်တို့နှစ်ယောက် သား စိတ်ပျက်လက်ပျက်နှင့် စခန်းချရာနေရာသို့ ပြန်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကျွန်ရိုက္ခာခြောက် အနည်းငယ်ကို ရွှေရွှေတာတောစား ကြုံရင်း ဘဘဆောင်က

"ကျွန်တော်...တစ်ခုစဉ်းစားမိတယ် အစ်ကိုအောင်ခင်၊ အစ်ကိုညီက ရတနာတွေရှိတဲ့နေရာကို အိပ်မက်အရသိလို့ အဲဒီကိုသွားတာပဲ ဖြစ်မယ်လို့ ကျွန်တော်တော့ ယုံကြည်တယ်။ ဘာလို့ ပြန်မလာနိုင်သေးတာလဲ၊ ဘာအခက်အခဲ၊ ဘာ အန္တရာယ်နဲ့ ကြုံနေရသလဲ။ ဒါကို ကျွန်တော်တို့ ရှာရမှာ၊ အဲဒီတော့...ဒီည အမြုတေကို ကျွန်တော့်နဖူးမှာ စည်းပြီး အိပ်မယ်၊ အိပ်မက်ထဲမှာ မြင်ရမယ့်နေရာကို လိုက်သွားရင် အစ်ကိုညီကိုပါ အဲဒီနေရာမှာ တွေ့ရမှာပဲ"

အောင်ခင်က ခေါင်းမညိတ်၊ ခေါင်းလည်း မညိတ်ဘဲ ငြိမ်ငြိမ်နားထောင်နေ၏။ ဘဘဆောင်က ထိုင်နေရာမှ ထလာကာ အောင်ခင်၏ လက်ကို တင်းတင်းကျစ်ကျစ်ဆုပ်ကိုင်လိုက်ပြီး...

"တကယ်လို့ အကြောင်းတစ်စုံတစ်ရာကြောင့် ကျွန်တော် သေသွားတယ်ဆိုရင်တော့ ဒီအမြုတေကို ကျွန်တော့်ဓာတ် ထိန်းတော့ကြွနားက သဖန်းဆုစေတီမှာ ဌာပနာပေးပါဗျာ.. နော်။ ကျွန်တော် အဲဒီမှာပဲ နေချင်တယ်"

ဟု ငိုသံပါကြီးဖြင့် ပြောလိုက်ရာ အောင်ခင်က စိတ်မကောင်း ဖြစ်သွားပြီး

"မင်းကလည်းကွာ၊ မဟုတ်က ဟုတ်ကတွေကို စွဲလမ်းနေပြန် ပါပြီ၊ အဓိပ္ပာယ်မရှိတာ...ဘာကိစ္စ မင်းက အဲဒီ အမြုတေ ရဲ့ အစောင့်အရှောက်ဖြစ်ရမှာလဲ ဗျို့..အလကားဟာတွေ"





"ဘာပဲပြဖြစ်ဖြစ် အစ်ကိုအောင်ခင်ရာ...၊ ကျွန်တော် စိတ် ချမ်းသာအောင် အဲဒီကတိတော့ ပေးပါဗျာ"

"ပြီးရောကွာ..ပြီးရော။ ငါ ကတိပေးတယ်။ မင်းသာ စိတ် ချမ်းချမ်းသာသာနေ ဘဆောင်ရေ"

ဒီလိုဖြင့် ဘဘဆောင်တစ်ယောက် 'မောတေမဲ'အမြုတေကို နဖူး မှာ စည်းနှောင်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။ ရတနာများရှိသည့် နေရာကိုလည်း ကျိန်းသေပေါက် အိပ်မက်မက်လိမ့်မည် ဟု သူထင် နေ၏။

သူ ထင်ထားသည့်အတိုင်း အမှန်ပင် ဖြစ်လေသည်။

□



www.burmeseclassic.com

www.burmeseclassic.com



"ဒို့ လခွေးဝဲမှ၊ မင့် အိပ်မက်က ဟုတ်ရဲ့လား ဘခေတင်ရာ . . . လာရတာက ဝေးလှပြီကွ၊ တောလည်း တော်တော်နက်နေပြီ"

အောင်ခင်က လက်ပံပင်ကြီးတစ်ပင်အောက်တွင် ခြေပစ်လက်ပစ်ထိုင်ကာ အမောခြေရင်း ညည်းညည်းညူညူ ပြောလိုက်သည်။ ခွေးနစ်ကောင်ကတော့ အနီးဝန်းကျင်ရှိ ဝါးရုံပင်များကြားတွင် ခုန်ပေါက်ပြေးလွှားနေကြ၏။

ဘခေတင်က

"သေချာပါတယ် . . . အစ်ကိုအောင်ခင်ရာ၊ မဲစာချောင်းကအစ အနောက်မြောက်ဘူးဘူးကို ဆန်တက်ပြီး တောင်ကုန်းခြောက်ကုန်းနဲ့ လျှိုခုနစ်ကြောင်းကို ကျော်လိုက်ရင် ရေပ်ကြီးတစ်ခုကို တွေ့မယ်တဲ့ဗျ၊ အခု ကျွန်တော်တို့ရောက်နေတာ နောက်ဆုံးလျှိုပဲ။ ဟောဟိုရှေ့က တောင်ကုန်းကို ကျော်ပြီးရင် ရောက်ပြီထင်တာပဲဗျာ"

"ကိုင်း . . . အဲဖြင့်လည်း ခဏနားပြီးရင် တက်ကြတာပေါ့ကွာ"





ဒီလိုနှင့် နာရီဝက်ခန့်သာသာခန့် အနားယူပြီးနောက် မတ်စောက်လှသော တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ ခွေးနစ်ကောင်မှာလည်း အောင်ခင်၏ ရှေ့နှင့်နောက်မှ ဝန်းရံလျက် ခုန်ကာပေါက်ကာဖြင့် တက်လေသည်။

တောင်ကုန်းပေါ်သို့ရောက်ပြီး နွယ်နီပင်များနှင့် ကျောက်ဆောင်မတ်မတ်ကြီးများ ပိတ်ကွယ်နေသည့် ကွေ့ချိုးကို ကျော်လွန်လိုက်သည်နှင့် တစ်ပြိုင်နက် မည်းညို့နေသော သစ်သားရေပ်အိုကြီးတစ်လုံးကို ဘွားခနဲ တွေ့လိုက်ရလေတော့သည်။

"ဟင်"

ဘခေတင်၏အိပ်မက်ကို သိပ်အယုံအကြည်မရှိဘဲ လိုက်လာသော အောင်ခင်တစ်ယောက် မျက်လုံးအပြူးသား ဖြစ်သွားရ၏။ ဒီလောက် တောနက်သောနေရာတွင် ဤမျှထည်ဝါသော ရေပ်ကြီးကို ဘယ်သူ လာဆောက်ထားပါလိမ့်ဟု တွေးမရ။

ရေပ်ကား နွားကျောင်းသားများ ဂိုနားလေ့ရှိသော ဟာလာဟင်းလင်းအရေပ်မျိုး မဟုတ်။ ရှေးခေတ်အခါက ခရီးသွားများ တည်းခိုနေထိုင်နိုင်အောင် လုံလုံခြုံခြုံ ဆောက်လုပ်ထားသော သစ်သားနံရံ ဝံခါးမှ ပြတင်းပေါက်တို့ဖြင့် ထည်ဝါလှ၏။

တံခါးက ပွင့်ဟနေသော်လည်း ပြတင်းပေါက်များအားလုံးကိုတော့ ပိတ်ထားကြောင်း လှမ်းမြင်ရ၏။ ဘခေတင်က အသံတုန်တုန်ယင်ယင်ဖြင့် . . .

"အဲ . . အဲ . . အဲဒီဇရပ်ကြီးပဲဗျ၊ ကျွန်တော့် အိပ်မက်ထဲမှာ မြင်ရတာ၊ အောင်မလေးလေး . . . တထေရာတည်းပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်တာလဲဟ .. ဘဆောင်ရဲ့ တုန်တုန်ယင်ယင်နဲ့ .. ယောက်ျား မဟုတ်တဲ့ အတိုင်းပဲ"

"ပြောချင်သလိုသာပြောတော့ အစ်ကိုအောင်ခင်ရေ၊ ဘာဖြစ်မှန်းမသိဘူး၊ အလိုလိုနေရင်း ကျွန်တော့်ကျောထဲက စိမ့်ပြီး ကြောက်လာတယ်။ ကျွန်တော် မလိုက်ရဲတော့ဘူးဗျာ"

"ဟင် .. ခင်ဗျားလည်း အရေးထဲကျမှ ခင်းမပါတဲ့ ရတနာတွေ တူးရမယ့်နေရာကို ငါ ဘယ်လိုသိမှာလဲကွ၊ လာစမ်းပါ"

"မလိုက်ပါရစေနဲ့ အစ်ကိုရာ၊ ငိုကြီးချိုးပါရဲ့ ..။ ရတနာတူးရမယ့်နေရာကတော့ ကျွန်တော့်အိပ်မက်ထဲကအတိုင်းဆို အဲဒီဇရပ်ရဲ့ အနောက်တောင်ထောင့်က အခန်းလေးကို ဖွင့်လိုက်ရင် ကျောက်တာလားကြီးတစ်ခုကို တွေ့လိမ့်မယ်။ အဲဒီ ကျောက်တာလားအဖုံးကို တူးခွာပြီး ယူရုံပါပဲ။ ကျွန်တော်ကတော့ ... ဘယ့်နှယ်မှ ... ဘယ့်နှယ်မှ ..."

"ကိုင်း ... ဒါလောက်တောင် ကြောက်နေမှဖြင့်တော့ နေရစ်ကွာ။ ငါသွားမယ်။ မင်းလက်ထဲက သံတူရွင်း ငါ့ပေးစမ်း။ ဟဲ့ .. ရွှေနီ .. ရွှေတိုး .. အို့ အို့ .. လာစမ်း"

အောင်ခင်ကား စိတ်မရှည်တော့။ ရတနာတွေ ရတာ၊ မရတာထက် သူ့ညီအောင်မောင်းတစ်ယောက် အဲဒီဇရပ်ထဲတွင် ရှိနေမလား ဆိုသည်ကို သိချင်လှပြီ။ ထို့ကြောင့် ခွေးနှစ်ကောင်ကို မောင်းကာ ဇရပ်ဆီသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

အုတ်လှေကားလေး သုံးထစ်ကို တက်ခါနီးမှာတော့ ခွေးနှစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်သဖြင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား





ရသေး၏၊ သို့သော် 'ဘာပဲဖြစ်ဖြစ်ကွာ ..' ဟု စိတ်ကိုတင်းပြီး တပာဟာ ပွင့်နေသည့် တံခါးမကြီးကို တွန်းဖွင့်ဝင်သွားသောအခါတွင်ကား ...

"ဟင်"

ခန်းမကြီးထဲတွင် ထမင်းဝိုင်းတစ်ဝိုင်း ခင်းကျင်းပြင်ဆင်ထား၏။ ဟင်းပန်းကန်တို့ကို အလယ်မှထားပြီး ထမင်းပုံထားသည့် ပန်းကန်ပြား ငါးချပ်က ဝေဝေမှ ဝန်းရံနေပုံမှာ လက်ဆုံစားတော့မည့်ဟန်ပြင်နေခါမှ အောင်ခင်ရောက်လာသည်ကို မြင်သောကြောင့် ကမန်းကတန်း တစ်နေရာရာတွင် ဝင်ပြီး ပုန်းနေသလိုမျိုး ...။

"ဟော့ .. ဘယ်သူတွေရှိလဲ"

အောင်ခင်က လက်ထဲက သံတူရွင်းဖြင့် သစ်သားနံရံကို မြှက်ရင်း အော်မေးလိုက်သည်။ ဘေးဘီဝဲယာကို ကြည့်လိုက်တော့လည်း တန်းပေါ်တွင်လှန်းထားသည့် အဝတ်များ၊ ဂျုတ်ဆုံထဲတွင် ထောင်းလက်စတန်းလန်းဖြစ်နေသည့် ငရုတ်ကျည်ပွေ့၊ ခေါင်းအုံးနှင့် စောင်တို့ကလည်း အိပ်ရာပေါ်တွင် ဖရိုဖရဲ။

အိပ်နေသူသည် စောစောကလေးတင်မှပင် အိပ်ရာမှ ထသွားသည့်ပုံမျိုး ...။

ဒီမြင်ကွင်းကိုကြည့်ပြီး အောင်ခင် ကျောထဲမှ စိမ့်သွား၏။ ဒီလောက်ခေါင်သည့် တောနက်ကြီးထဲက ဇရပ်မှာ ဘယ်လိုလူသားမျိုးကမှ လာနေနေမည် မဟုတ်တာ သေချာသည်။ လမ်းဟူ၍ပင် မရှိသော တောနက်ကြီးဖြစ်ရာ ခရီးသွား တည်းခိုနေသည်လည်း မဖြစ်နိုင်။

အံကိုကြိတ်ပြီး စိတ်တင်းကား ရှေ့တည့်တည့်က အခန်းထဲ ဝင်လိုက်တော့မှ ..



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .. ညီလေး"

ပုံပျက်ပန်းပျက်ဖြစ်နေသည့် ကြမ်းပြင်ပေါ်လဲကျနေသေဆုံးနေသော မောင်မောင်း၏ အလောင်းကို တွေ့လိုက်ရလေသည်။ ဒဏ်ရာဒဏ်ချက်တော့မရှိ၊ မျက်လုံးများက ပြူးထွက်နေသည်၊ မျက်ခဝန်းသားအနက်ကိုပင် မမြင်ရတော့၊ အဖြူသားသက်သက်သာ ရှိတော့သည်။ လည်ပင်းကား ရှေ့သို့ဆန့်လျက် ပါးစပ်ဟကာ လျှာတွဲလောင်းထွက်ကျနေသည်ကို ကြည့်ခြင်းအားဖြင့် အကြောက်လွန်ပြီး သေဆုံးကြောင်း သိနိုင်လေသည်။

"တောက် .. ဖြစ်မှဖြစ်ရလေ ညီလေးရာ"

အောင်မောင်းကိုင်သော ဓားရှည်ကိုလည်း မလှမ်းမကမ်း ကြမ်းပြင်ပေါ်တွင် တွေ့ရ၏။ အနီးရှိ ကျွန်းတိုင်လုံးကြီးများတွင်လည်း ဓားဖြင့် ခုတ်ထစ်ထားသည့်အရာများကို မြင်ရသည်။ အောင်မောင်း တစ်ယောက် စိတ်မှန်းဖြင့် တစ်စုံတစ်ရာကို ခုတ်ပိုင်းတိုက်ခိုက်ခဲ့ပုံရ၏။

အောင်ဒင်က အခြေအနေကို အကဲခတ်ကြည့်လိုက်ပြီး ဒီနေရာတွင် ကြာကြာမနေသင့်မှန်း သဘောပေါက်သွားသည်။ ရောက်လက်စနှင့် ရတနာတွေကို တစ်နိုင်စာထူးယူပြီး အောင်မောင်း၏ အလောင်းကို ထမ်းပြန်မည်ဟု ခုံးဖြတ်လိုက်၏။

အနီးတွင်တွေ့ရသော အိပ်ရာမှ စောင်တစ်ထည်ကို ဆွဲယူကာ အောင်မောင်း၏အလောင်းပေါ် လွှမ်းခြုံပေးလိုက်၏။ ထို့နောက် .. အနောက်တောင်ထောင့်က အခန်းဆီ လျှောက်သွားလိုက်သည်။

ထိုစဉ်မှာပင် ခွေးနက်ကောင်၏ အခြေအနေ ထူးခြားနေသည်ကို သတိထားလိုက်မိ၏။ မွေးနှင့် မွေးတို့သည် ကြောက်မက်ဖွယ်ကောင်း



သော တစ်စုံတစ်ခု၏ အနံ့ကို ရှူရှိုက်နေရသလို လေထဲသို့ လည်ပင်း ဆန့်တန်းထားပြီး 'တအီအီ' နှင့် ညည်းတွားနေကြ၏။ တစ်ကောင်နှင့် တစ်ကောင် ပူးကပ်ပြီး ကိုယ်လုံးများမှာ တဆတ်ဆတ်တုန်ယင်နေကြလေသည်။

အရိုးနှံဆိုင်းနေလို့ မဖြစ်တော့မှန်း အောင်ဒင် သိလိုက်သည်။ အနောက်တောင်ထောင့်ခန်း အခန်းတံခါးကို သံတူရွင်းဖြင့် ခပ်ကြမ်းကြမ်း ထောင့်ထိုးလိုက်ရာ မင်းတုပ်ချထားသော တံခါးက လွယ်လင့်တကူပင် ပွင့်ဟသွားလေသည်။

အခန်းထဲမှာတော့ ဘဆောင်၏ အိပ်မက်ထဲကအတိုင်း ကျောက်တလားကြီးတစ်လုံး။

အောင်ဒင်က အခန်းထဲရောက်သည်နှင့် ကျောက်တလား အဖုံး၏ အစပ်ကို သံတူရွင်းဖြင့် ထောင့်ကာ ထိုးကော်ဖို့ ကြိုးစားလေတော့သည်။

"ချွင် .. ချွင် .. ဒုတ် ... ဒုတ် ... ခွပ်"

နှုန်းမှ ချွေးတွေသာ ယိုစီးကျလာသည်။ တလားအဖုံး ကျောက်ပြားက မကြွ မရွေ့။

"ကဲဟာ .. ကဲဟာ"

"ချွင် .. ဒုတ် .. ဒုတ်"

သူ မည်မျှကြာအောင် ကြိုးစားနေမိမှန်းမသိ။ သူ့ နောက်ဘက်ဆီမှ 'ချလောက်' ခနဲ အသံတိုးတိုး ကြားလိုက်တော့မှ တစ်ကိုယ်လုံး တုန်သွားမိသည်။ ဒါ .. သူဝင်လာခဲ့သော တံခါးကို ပိတ်ပြီး မင်းတုပ်ချလိုက်သံပဲ မဟုတ်သလား။



www.burmeseclassic.com

www.burmeseclassic.com

ကျသင့်သည်။ သူ ချာခနဲ လှည့်ကြည့်လိုက်တော့ တံခါးက ပိတ်လျက်သား။ ပြေးပြီး ဆောင့်တွန်းကြည့်လိုက်၏။ တံခါး မပွင့်၊ တစ်မုံသေစ်ယောက်က တံခါးကို မင်းတုပ်ချ ပိတ်ထားလေပြီ။

"ဖွင့်စမ်း .. ဖွင့်စမ်း .. ဘယ်သူလဲကွ"

အောင်ခင်က သွေးရူးသွေးတန်း အော်ဟစ်ရင်း တံခါးရွက်ကို သံတူရွင်းနှင့် ဆောင့်ဆောင့်ထိုးသည်။ ဆယ့်လေးငါးချက်ခန့် ဆောင့်ထိုးလိုက်ရာ ..

"ချွမ်း"

လက်တစ်ဝါးစာခန့် သစ်သားပြားတစ်ချပ် ပဲ့ထွက်သွားသဖြင့် သူချောင်းကြည့်လိုက်၏။

"ဝုတ် .. ဝုတ် .. အိုင် .. အိုင်"

ခွေးနက်ကောင်က လေထဲ၌ မမြင်ရသော တစ်စုံတစ်ရာကို ကြောက်လန့်တကြား ခုန်ခုန်ဟပ်နေကြ၏။ ဘာကိုမှ မကိုက်မိသော အခါ ပိုပိုပြီး ထိတ်လန့်လာကြဟန်ဖြင့် တအိုင်အိုင် အော်ကာ ရူးမတတ် ဖြစ်နေကြလေသည်။

ဓားစောက ဓားဖြင့် အုပ်ပေးခဲ့သော အလောင်းကြီးမှာလည်း ဓားမရှိတော့ဘဲ ဝုတ်တုတ်ကြီးထိုင်လျက်သား ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဟာ .. ဒုက္ခပါပဲ"

အောင်ခင်တစ်ယောက် သွေးပျက်သွားပြီး တံခါးပျဉ်ချပ်ကို သံတူရွင်းဖြင့် ဆောင့်ဆောင့်ထိုးလိုက်သည်။ တစ်ထွာခန့်သစ်သားပြား ကျိုးသွားသည့်နေရာမှ လက်နိုက်ကာ တံခါးမင်းတုပ်ကို ဖြုတ်၏။





တံခါး ပွင့်လျှင်ပွင့်ချင်း ပြေးထွက်ခဲ့သည်။ ခွေးနက်ကောင်က လည်း သူ့ကို မြင်သောအခါ အားတက်ပြီး သူနှင့်အတူ ပြေးလိုက်ဖို့ ကြိုးစာကြ၏၊ သို့သော်

"ဗိုး .. ဗိုး .. ဂူး"

အင်အားပြင်းထန်သော လေပွေရိုင်းတစ်ခုက တရကြမ်း တိုက်ခတ်လာပြီး စုပ်ဝဲတစ်ခုပမာ သူတို့၏ ခြေလှမ်းများကို ဆွဲငင်ထား လေသည်။ အောင်ခင်က စိတ်ကို အားတင်းပြီး ကြမ်းပေါ် ဝမ်းလျား မှောက်ကာ လက်သည်းများဖြင့် ကုတ်ခြစ်၍ မိကျောင်းတွားတက်သလို တရွေ့ရွေ့တိုး၏၊

လက်များ သွေးချင်းချင်းနီရဲသည်အထိ ကုတ်ဖဲ့တက်ပြီးမှ ဇရပ်တံခါးဝသို့ အရောက်တွင် အပြင်ဘက်သို့ တစ်ကိုယ်လုံး လှိမ့်ချ လိုက်ရလေ၏။

ဇရပ်အပြင်ဘက်တွင်ကား လေပြင်းဖို့ ဝေးစွ၊ တစ်ဆဲခြည်မျှ လှုပ်ခတ်အောင်ပင် မတိုက်နိုင်ချေ။ ပကတိ ငြိမ်သက်နေ၏။

ခွေးနက်ကောင်ကား လေစုပ်ဝဲအတွင်းမှ လွတ်အောင် မရုန်း နိုင်ရှာ၊ တကိန်ကိန်အော်ရင်း ဇရပ်အတွင်းပိုင်းသို့ တရွတ်ဆွဲကာ ပါ သွားသည်။

အောင်ခင်ကား ထိုမြင်ကွင်းကို ကြည့်မနေအားတော့ဘဲ ဘဆောင်ကို ဓားငှားထိုင်းထားသည့်နေရာဆီသို့သာ ခြေကုန်သုတ်လေ တော့၏။ ဘဆောင်က သွေးသံရဲရဲ ချွေးတရွှဲရွှဲဖြင့် ပြေးလာသော အောင်ခင့်ကို မြင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... အစ်ကိုအောင်ခင်၊ ဘယ်လိုဖြစ်လာတာလဲ၊ ရုတ်တရက်ကြီး တွေ့ရော ရခဲ့လား၊ ကိုအောင်မောင်းရော"

အောင်ခင်ကား မောဟဲလိုက်နေရာမှ မချွင်းမချင် အတော်ကြာ ငေါက်လိုက်ပြီး ...

"စောစောကတည်းက မင်းဆီ လိုက်ခဲ့ရမှာကွ၊ အဲဒါဆို တစ်ခါတည်း ကိစ္စပြီးပြီ၊ ငါတစ်ယောက်တည်းဆိုတော့ နောက်ကျောလုံအောင် စောင့်ပေးမယ့်လူ မရှိဘူး ဖြစ်နေတယ်၊ လာကွာ .. ငါ့ညီရဲ့အလောင်းကို ရအောင် ပြန်ခိုးသွားသယ်မယ်၊ မင်းပါလိုက်ခဲ့ .. ဘခေါင်"

"ဗျာ ... ဟို .. ဟို"

"လာစမ်းပါကွာ၊ တစ္ဆေသရဲ ရှိတာယ်ပဲ ထားဦး၊ ဘာဖြစ်သေးလဲ .. လူကို ကြောက်အောင်လန့်အောင်အပြင် ဘာမှ လုပ်လို့မရပါဘူး"

ဘခေါင်က အထပ်ထပ်ငြင်းသော်လည်း မရ၊ အောင်ခင်က အတင်းခွဲခေါ်ပြီး ဇရပ်ဆီသို့ ပြန်လာခဲ့၏။

ဇရပ်ကား စောစောက ဘာမှမဖြစ်ခဲ့သလိုပင် ငြိမ်သက်နေသေးသည်။ အောင်ခင်နှင့် ဘခေါင်တို့ နှစ်ယောက်သား ဇရပ်ထဲသို့ ဝင်ခဲ့ကြသည်။

အောင်မောင်း၏ အလောင်းဝေးတစ်ဖက်တစ်ချက်စီတွင် ခွေးနှစ်ကောင်ကို ငယ်လျက်သား တွေ့ရ၏။ ခွေးများ၏ ကျောကို သပ် ကြည့်လိုက်ရာ နှစ်ကောင်စလုံး အသက်ကုန်နေပြီကို တွေ့ရသည်။ ထူးခြားသည်မှာ မျက်လုံးများတွင် အနက်ထေနိုက်ကို မတွေ့ရဘဲ မျက်ဖြူ





လန်ကာ ကြောင်တောင်ကြီးတွေး ဖြစ်နေခြင်းပင်။

ထိုစဉ် ... အနောက်တောင်ထောင့်ရှိ အခန်းတံခါးပြည်သံ 'ကျွိခနဲ' ကို ထိုးတိုးကြားလိုက်ရသည်။

တစ်စုံတစ်ရာသည် အခန်းထဲမှ တိုးထွက်သလို တွေ့ရ၊ မြင်ရသည်၊ ထိုတစ်စုံတစ်ရာသည် လူဟုလည်း ပြောရခက်သလို သတ္တဝါဟုလည်း မဆိုနိုင်၊ မျက်နှာတစ်ခုလုံး၏ အရေပြားများမှာ ဖြူရွတ်ကာ အရိအရွဲကျနေပြီး နားထင်တစ်ဖက်တစ်ချက်စီ၌ ကြီးမားသော အသားပိုဖုထုံကြီးများ ရှိနေ၏။ မျက်လုံးနေရာတွင် ဂလိုင်ပေါက်ကဲ့သို့သာ ရှိနေသည်။

အောင်ခင်နှင့် ဘခေါင်သည် ကြက်သေသေပြီး ကြည့်နေမိ၏။ ထိုသို့ ကြည့်နေကြစဉ် ထိုသတ္တဝါ၏ နှုတ်ခမ်းမရှိသော ပါးစပ်သည် ပွင့်ဟသွား၍ လျှာသည် အပြင်သို့ လျှောခနဲ ထွက်ကျကာ ရှည်၍ရှည်၍ ထွက်လာပြီးနောက် လျှာများသည် ခွေးသေကောင်ကို လိပ်၍ ယူသွားသည်ကို မြင်လိုက်ကြရသည်နှင့် တစ်ပြိုင်နက် အောင်ခင်ရော၊ ဘခေါင်ပါ အသံကုန်အော်ဟစ်ကြပြီး အပြင်သို့ တစ်ဟုန်တည်း ထွက်ပြေးကြလေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

အောင်ခင်က စကားရှည်လျားစွာ ပြောလိုက်ရသောကြောင့် အသက်ကို ပြင်းပြင်းရှိုက်ပြီး ခဏနားလိုက်သည်။ ထိန်ဒေတာရွာသား တို့ကား သူ့ဇာတ်လမ်းတွင် နစ်မျောနေကြဟန်ဖြင့် တုတ်တုတ်မျှ မလှုပ်ပေ။

အရိုးလေးမွှားမိုးနှင့် ရှင်တုဘတ်လုတို့လည်း ရှိုက်သံသဲ့သဲ့သာ ထွက်ပေါ်နေ၏။ အောင်ခင်က ဆက်၍ ...

"လျှို့ရှမ်းခုကို ကျော်အောင် ပြေးမိပြီးတဲ့ အချိန်မှာပဲ ဘခေတင် တစ်ယောက် အမောဆို့ပြီး သေပါလေရောဗျာ။ သူ့ကိုတော့ ကျွန်တော် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ ပြီးတော့ ဘခေတင်ကို ပေးထားတဲ့ကတိအတိုင်း အမြုတေကို သဖန်းစုရွာက စေတီမှာ ဌာပနာပေးဖို့ ပြန်ယူလာခဲ့တယ်။ အဆင်ပြေချင်တော့ လေမုန်တိုင်းဒဏ်ကြောင့် ပြိုပျက်သွားတဲ့ စေတီကို အသစ်ပြန်တည်ဖို့ လုပ်နေတဲ့အချိန်နဲ့ တိုးတာကိုး၊ ဒါနဲ့ ကျုပ်လည်း အမှတ်တမဲ့လိုလိုနဲ့ အမြုတေကို ဌာပနာ တိုက်ထဲ ထည့်ပစ်ခဲ့တယ်၊

နားထောင်နေသော ရွာသားများဆီမှ 'ဪ ... ' လိုလို မသဲမကွဲ ရေရွတ်သံ ကြားလိုက်ရ၏။

အောင်ခင်က ...

"အဲဒီလိုလည်း ဌာပနာပြီးရော ကျုပ်တို့ကို ဒုက္ခပေးသွားတဲ့ ဟောဒီ ဦးစဘင်ဆိုတဲ့လူကို လက်စားချေရအောင် မြန်မာ ပြည်အနှံ့ လိုက်ရှာခဲ့တာပါပဲဗျာ။

ဒီလူယုတ်မာနောက်ကို တကောက်ကောက်နဲ့ လိုက်ရှာနေခဲ့တာ အခုဆို သုံးနှစ်သုံးမိုးတောင်ရှိပြီ ..၊ ဖြစ်ချင်တော့ .. ဟော ဟိုဘက် သဖန်းစုရွာမှာ ဌာပနာပစ္စည်း အဖောက်ခံရတယ် ဆိုတာ ကြားတာနဲ့ ဒင်းပဲဖြစ်မယ်ဆိုတာ စိတ်က သိပြီး သား ..။ ဒါကြောင့်မို့ .. ဒီရွာတွေနားမှာ ဒင်းအကြောင်း စုံစမ်းနေခဲ့တာ .. အခုတော့ .. ခိုးရာပါပစ္စည်းနဲ့အတူ လက်ပူး လက်ကြပ် တွေ့ရတော့တာပဲ .."

ပြောပြောဆိုဆို အမာရွတ်နှင့်လူမှာ စောစောက သူတို့ လုံးလားထွေးလားနှင့် သတ်ပုတ်နေခဲ့သည့် နေရာကို လျှောက်သွားပြီး မြေကြီးပေါ် ပြုတ်ကျနေခဲ့သည့် ရွှံ့နှင့်လုပ်ထားသော ကျွဲရုပ်လေးကို ကောက်ယူလာလေသည်။ ထိုအခါမှ .. ထိန်တောရွာသားများမှာလည်း ထိုသူ၏ လက်ထဲမှ ကျွဲရုပ်လေးကို စူးစမ်းသည့် မျက်လုံးတွေနှင့် ဝိုင်းပြီး ကြည့်ကြသည်။

ထို့နောက် .. အမာရွတ်နှင့်လူက ကောက်ကာငင်ကာ

"ဟောဒီမှာ .. ကြည့် .."

ဟုဆိုပြီး လက်ထဲက ကျွဲရုပ်ကို ထိန်တောရွာသားများရှေ့မှာပင် မြေကြီးပေါ် ပေါက်ခွဲပြလိုက်လေသည်။

"ခွမ်း ..."







www.burmeseclassic.com

www.burmeseclassic.com



အစိတ်စိတ်အမွှာမွှာ ကျိုးကြေလွင့်စင်သွားသော ရွှံ့ရုပ်အပိုင်း အစများကြားတွင်တော့ .. ဆီးဖြူသီးအရွယ်ခန့် ငွေရောင်တဖိတ်ဖိတ် တောက်ပနေသော အလုံးလေးတစ်လုံးက မြေကြီးပေါ်မှာ တလိမ့်လိမ့် ထွက်ကျလာ၏။

"ဟင် .."

"ဟယ် .. ဘယ်လည်း အံ့ဩစရာပါလား .."

"ကျုပ်တို့တော့ တစ်သက်နဲ့တစ်ကိုယ် ရှေးဟောင်းဓာတ်ပစ္စည်းဆိုတာ ဒီတစ်ခါပဲ မြင်ဖူးတော့ယ်ဗျို့ .."

အံ့ဩဘာနန်းတွေ ဖြစ်ကုန်ကြသော လူအုပ်ကြီးမှာ .. ထို ငွေရောင်တဖိတ်ဖိတ်တောက်နေသည့် ဓာတ်ပစ္စည်းများကို ကြည့်ရင်း ဟင်ခနဲ ဟာခနဲတွေ ဖြစ်ကုန်ကြသည်။

ထို့နောက် .. အမာရွတ်တွေနှင့်လူက ထိုပစ္စည်းလေးကို ကောက်ယူလိုက်ပြီး ..

"ဒီပစ္စည်းဟာ ဘုရားဓာတ်ပစ္စည်းပါ ..၊ ရှေးနှစ်ပေါင်း များစွာလောက်ကတည်းက ဓာတ်နာခဲ့တဲ့ပစ္စည်း ဟေ့လူ .. ကိုဝတင် .. ခင်ဗျား ဒီပစ္စည်းကို ဘယ်လို ခိုးလာခဲ့သလဲ ဆိုတာ .. အားလုံးရှေ့မှာ ပြောပြလိုက်စမ်းပါ .."

မာထန့်ပြတ်သားသည့် အသံကြောင့် သိုက်ဆရာ ဦးဝတင် မှာ .. မျက်နှာပေါ်မှ ချွေးစက်ချွေးပေါက်တွေကို အင်္ကျီလက်မောင်းရင်းဖြင့် ထိကာတို့ကာနှင့် အမာရွတ်တွေနှင့်လူကို ပေဆောင်းဆောင်းပြန်ပြီး ကြည့်နေလေသည်။

"ဟေ့လူ .. ကျုပ်ပြောနေတယ်လေ .. ခင်ဗျား ဘယ်လို ခိုးလာပြီး ဒီအရုပ်ကို ဖွက်ခဲ့ရတာလဲ .."

ထိုအခါမှ ဦးဝတင်မှာ .. တုန်တုန်ယင်ယင်အသံတွေနှင့် ဝန်ခံပြောဆိုလေသည်။

"ကျုပ် .. ကျုပ် .. ဒီ ဓာတ်ပစ္စည်းကို သဖန်းစုစေတီက ဖောက်ယူလာခဲ့တာပါ ..၊ အဲဒီအချိန်မှာ ရွာသားတွေ သိ သွားပြီး ကျုပ်နောက်က တရမန်းကြမ်း လိုက်လာကြတော့ ဟောဒီ ထိန်တောရွာနားက ရေကန်ကြီးတစ်ကန်ဘေးမှာ နေလှမ်းထားတဲ့ လုပ်ပြီးစ ရွှံ့ရုပ်ထဲမှာ ကမန်းကတန်းနဲ့ မြှုပ်သွင်းထားခဲ့တာပါ .."

"ဟင် .."

ဒီတစ်ခါ အံ့ဩသွားရသူက ထိန်တောရွာမှ ရွှံ့ရုပ်တွေလုပ်ပြီး ရောင်းနေသည့် ကိုဖိုးဖျော့ပင် ..။ ထိုအခါမှ ကိုဖိုးဖျော့မှာလည်း ထိုစဉ် က ခြေရာလက်ရာပျက်နေသော ကျွဲရုပ်တစ်ရုပ်၏ ကိုယ်ပေါ်ကို ရွှံ့သား တွေထပ်ပြီး မံလိုက်ရပုံကို ပြန်တွေးမိကာ ..

"ဩ .. ဒီလိုကိုး .. ဒါကြောင့် ငါ့အရုပ်က ခြေရာလက်ရာတွေ ပျက်နေခဲ့တာ ..."

ဟူ၍ ခေါင်းတညိတ်ညိတ်နှင့် ယောင်ယမ်းပြီး ရေရွတ်မိ လိုက်လေသည်။

ထိုအခါမှ .. ရှင်တုတ်လုကတော့ သူနေ့စဉ် စောင့်မျှော်နေခဲ့ ရသည့် အဖြေမှန်သူမှာ .. ဦးဝတင်ဆိုသည့် လူကြီး၏ ယုတ်မာပက်စက် သည့် အကြံကြောင့် အသေဆိုးနှင့် သေသွားခဲ့ရသည်ဟု ဆိုသော



www.burmeseclassic.com

www.burmeseclassic.com

အခါ .. မြေပေါ်တွင် လှုးလိမ့်နေအောင် အော်ဟစ်ငိုကြွေးနေမည်တော့ သည်။ သူမ၏အေးမှ အပွားဖြစ်သူ ဒေါ်ဖွားစိုးမှာလည်း တလိမ့်လိမ့် ကျဆင်းလာသည့် မျက်ရည်စတွေကို လက်ဖမိုးဖြင့်သာ အခါခါသုတ် ရင်း ကြေကွဲမဆုံး ဖြစ်နေတော့၏။

ထိန့်တောရွာသားတွေကတော့ ဘယ်လိုပင် ဆိုးဆိုးမိုက်မိုက် ကိုယ့်ရွာသားဖြစ်သူ ကိုတာဆောင်တစ်ယောက်ကို .. ကောင်းရာမွန်ရာ ရောက်ဖို့သာ ဆုတောင်းနေမိကြလေသည်။

□





နိဂုံး

သဒန်စုရွာ၏ ရှေးဟောင်းစေတီလေးကား ထုံးသင်္ဃန်း ဖြူဖြူဖြင့် သပ္ပာယ်ချမ်းမြေ့နေ၏။ လေအဝေ့တွင် ဘုရားထီးတော်မှ ဆည်းလည်းသံများကလည်း တချွင်ချွင်မြည်နေသည်။ ရှင်တုတ်လှက ဝင်လုဆဲဆဲ ဆည်းဆာနေလုံးဆီ ငေးကြည့်နေရင်းက မျက်ရည်စတို့ကို သုတ်လိုက်သည်။ ထို့နောက် စေတီတော်ကို ဝတ်ပြုပြီး ခေါင်းလောင်းကို မနိုင်တနိုင်ဖြင့် ထိုးလိုက်၏။

''နောင် ...''

ကြေးခေါင်းလောင်းသံက ကြေကွဲဖွယ်ရာ ခပ်အက်အက် ပေါ် ထွက်လာသည်။ ရှင်တုတ်လှကလေး၏ ရင်ထဲမှာတော့ သူ့အဖေသည် ကျဲကြီးတစ်ကောင်ကို စီးကာ ပုလွေလေးမှုတ်ရင်း သူ့မြင်ကွင်းထဲသို့ ရောက်လာလေမလားဟု ဆို့ဆို့နင့်နင့် မျှော်လင့်နေဆဲပင် ရှိသေးသည် တကား။

သတိုးတေဇ


□□□



www.burmeseclassic.com

www.burmeseclassic.com

မှ ထွက်ရှိပြီးစာအုပ်များ






Treasure
Publishing House
ရတနာသိုက် စာပေတိုက်

အမှတ် - ၁၄၂ (ပထမထပ်)၊ ၄၇လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၀ - ၂၀၁၆၉၉၉၊ ၀၉ ၅၅၅၁ ၆၁၀၉၈၊ ၀၉ ၅၁ ၉၆၁၂၃

www.burmeseclassic.com

www.burmeseclassic.com



# သတိုးဓော

အနက်ရောင် မိစ္ဆာ

Designed by Aung Moe

www.burmeseclassic.com